ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ်၊ ၂၄၁/၂၀၁၈**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်

( ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

**နိဒါန်း**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ၁၉၄၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းကွန်ဗင်းရှင်း (ချီကာဂိုကွန်ဗင်းရှင်း) နှင့် ယင်း၏ နောက်ဆက်တွဲများပါ ပြဋ္ဌာန်းချက်များကို လည်းကောင်း၊ ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အလို့ငှာ ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေ ပုဒ်မ ၅-က၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်း၊ လေယာဉ်၏ နိုင်ငံနှင့်**

**အမှတ်အသားဖော်ပြချက်များ**

**အမည်**

၁။ ဤနည်းဥပဒေများကို **မြန်မာနိုင်ငံလေယာဉ်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

**သက်ဆိုင်ခြင်း**

၂။ ဤနည်းဥပဒေများသည်-

(က) နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) ပါ ကိစ္စရပ်များမှအပ မည်သည့်နေရာတွင်မဆို ရောက်ရှိနေသည့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော လေယာဉ်များ

နှင့် လည်းကောင်း၊ ထိုလေယာဉ်ပေါ်ရှိသူများနှင့် လည်းကောင်း သက်ဆိုင်စေရမည်။

(ခ) မြန်မာနိုင်ငံတွင်ရှိနေသော လေယာဉ် သို့မဟုတ် မြန်မာနိုင်ငံ၏ လေပိုင်နက်ပေါ်တွင် ရောက်ရှိနေသော လေယာဉ်အားလုံးနှင့် လည်းကောင်း၊ ထိုလေယာဉ်ပေါ်ရှိသူများနှင့် လည်းကောင်း သက်ဆိုင်စေရမည်။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော လေယာဉ်မဟုတ်ပါက စာချုပ်ဝင်နိုင်ငံ၏ မှတ်ပုံတင်ခြင်း၊ အမှတ်အသားများကို လိုင်စင်ထုတ်ပေးခြင်း၊ လေယာဉ်ကြွခိုင်ရေးနှင့် မှတ်တမ်းစာအုပ်များဆိုင်ရာ စည်းမျဉ်းဥပဒေများသည် ဤနည်းဥပဒေများ၏ အခန်း (၄)၊ (၅)၊ (၆) နှင့် (၈) တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များ၏နေရာတွင် အစားထိုးလျက် သက်ဆိုင်စေရမည်။

သို့သော် ၁၉၄၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းကွန်ဗင်းရှင်း (ချီကာဂိုကွန်ဗင်းရှင်း) နှင့် ဤနည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ အခါအားလျော်စွာ သတ်မှတ်ထားသည့် အနိမ့်ဆုံးစံသတ်မှတ်ချက်နှင့် မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံ တစ်ခုခု၏ စည်းမျဉ်းဥပဒေများအရ စံသတ်မှတ်ချက်သည် အနည်းဆုံး ပြည့်မီခြင်းမရှိလျှင် ထိုစာချုပ်ဝင်နိုင်ငံ၏ လေယာဉ်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော လေယာဉ်မဟုတ်ပါက စာချုပ်ဝင်နိုင်ငံ၏ မှတ်ပုံတင်ခြင်း၊ အမှတ်အသားများကို လိုင်စင်ထုတ်ပေးခြင်း၊ လေယာဉ်ကြွခိုင်ရေးနှင့် မှတ်တမ်းစာအုပ်များဆိုင်ရာ စည်းမျဉ်းဥပဒေများ ဤနည်းဥပဒေများ၏ အခန်း (၄)၊ (၅)၊ (၆) နှင့် (၈) တို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃။ (က) မြန်မာနိုင်ငံတွင်မဟုတ်ဘဲ အခြားစာချုပ်ဝင်နိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင်ထားပြီး လေယာဉ်ငှားရမ်းခြင်း၊ စင်းလုံးငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ပြေးဆွဲခြင်း (interchange) ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်အရ မြန်မာနိုင်ငံတွင် အဓိကစီးပွားရေးလုပ်ငန်းတည်ရှိသော လုပ်ငန်းဆောင်ရွက်သူတစ်ဦးက ပျံသန်းပြေးဆွဲသည့် လေယာဉ်ဖြစ်ပါက အဆိုပါ လေယာဉ်မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံ၏ မှတ်ပုံတင်ခြင်း၊ အမှတ်အသားများကို လိုင်စင်ထုတ်ပေးခြင်း၊ လေယာဉ်ကြွခိုင်ရေးနှင့် မှတ်တမ်းစာအုပ်များဆိုင်ရာ စည်းမျဉ်းဥပဒေများသည် ဤနည်းဥပဒေများ၏ အခန်း (၄)၊ (၅)၊ (၆) နှင့်

(၈) တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များ၏နေရာတွင် အစားထိုး သက်ဆိုင်စေရမည်။ ထိုကဲ့သို့ သက်ရောက်စေရန်အတွက် ကွန်ဗင်းရှင်း အပိုဒ် ၈၃ ပြင်ဆင်ချက်နှင့်အညီ လုပ်ငန်းတာဝန်များ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ လေယာဉ်မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံနှင့် အခြားစာချုပ်ဝင်နိုင်ငံတို့အကြား သဘောတူညီချက် ရရှိပြီးဖြစ်ရမည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံလုံးသည် ကွန်ဗင်းရှင်းအပိုဒ် ၈၃ ပြင်ဆင်ချက်ကို လက်ခံအတည်ပြုပြီး ဖြစ်ရမည်။ အဆိုပါ လေယာဉ်များအပေါ် ဤနည်းဥပဒေများ၏ သက်ဆိုင်ခြင်းသည် နှစ်နိုင်ငံအကြားပြုလုပ်သည့် သဘောတူညီချက်အတိုင်း ဖြစ်စေရမည်။

(ခ) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင်ထားပြီး လေယာဉ်ငှားရမ်းခြင်း၊ စင်းလုံးငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ပြေးဆွဲခြင်း (interchange) ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်အရ မြန်မာနိုင်ငံတွင် အဓိကစီးပွားရေးလုပ်ငန်းတည်ရှိသော လုပ်ငန်းဆောင်ရွက်သူတစ်ဦးက ပျံသန်းပြေးဆွဲသည့် လေယာဉ်ဖြစ်ပါက ကွန်ဗင်းရှင်း အပိုဒ် ၈၃ ပြင်ဆင်ချက်နှင့်အညီ လုပ်ငန်းတာဝန်များ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ လေယာဉ်မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား သဘောတူညီချက်ရရှိပြီး ဖြစ်ရမည်။ အဆိုပါလေယာဉ်များအပေါ် ဤနည်းဥပဒေများ၏ သက်ဆိုင်ခြင်းသည် နှစ်နိုင်ငံအကြားပြုလုပ်သည့် သဘောတူညီချက်အတိုင်း ဖြစ်စေရမည်။

(ဂ) မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားပြီး လေယာဉ်ငှားရမ်းခြင်း၊ စင်းလုံးငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ပြေးဆွဲခြင်း (interchange) ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်အရ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအတွင်း အမြဲတမ်းနေထိုင်သည့်နေရာတွင် အဓိကစီးပွားရေးလုပ်ငန်းတည်ရှိသော သို့မဟုတ် အဓိကစီးပွားရေးလုပ်ငန်းမရှိသော လုပ်ငန်းဆောင်ရွက်သူတစ်ဦး၏ ပျံသန်းပြေးဆွဲသည့် လေယာဉ်ဖြစ်ပါက ကွန်ဗင်းရှင်း အပိုဒ် ၈၃ ပြင်ဆင်ချက်နှင့်အညီ လုပ်ငန်းတာဝန်များ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ စာချုပ်ဝင်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သဘောတူညီချက်ရရှိပြီးကိစ္စနှင့် သက်ဆိုင်ခြင်း မရှိ

စေရ။ အဆိုပါ လေယာဉ်များအပေါ် ဤနည်းဥပဒေများ၏ သက်ဆိုင်ခြင်းသည် နှစ်နိုင်ငံအကြားပြုလုပ်သည့် သဘောတူညီချက်အတိုင်း ဖြစ်စေရမည်။

**လေယာဉ်၏ နိုင်ငံ**

၄။ လေယာဉ်တစ်စီး၏နိုင်ငံဆိုသည်မှာ ၎င်းကို မှတ်ပုံတင်ထားသော စာချုပ်ဝင်နိုင်ငံပင်ဖြစ်သည်ဟု မှတ်ယူရမည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၅။ ဤနည်းဥပဒေများတွင်ပါရှိသည့် စကားရပ်များသည် ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ၁၉၃၄ ခုနှစ် မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ဆိုလိုသည်။

(ခ) **အာဏာပိုင်** ဆိုသည်မှာ ဥပဒေ ပုဒ်မ ၅-၂ (က) ပါသက်ဆိုင်ရာလုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မည့် ဝန်ကြီးဌာန သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဂ) **မတော်တဆထိခိုက်ပျက်စီးမှု** ဆိုသည်မှာ မောင်းသူရှိလေယာဉ်ဖြစ်လျှင် စီးနင်းသူများ လေယာဉ်ပေါ်ရောက်ရှိသည့်အချိန်မှ ထိုစီးနင်းသူများအားလုံး လေယာဉ်မှဆင်းသွားသည့်အချိန်အတွင်းဖြစ်စေ မောင်းသူမဲ့ လေယာဉ်ဖြစ်လျှင် လေယာဉ်ပျံသန်းမှုအတွက် ရွေ့လျားရန် အဆင်သင့်ဖြစ်သည့်အချိန်မှ ခရီးလမ်းဆုံး၍ လေယာဉ်အား အဓိကတွန်းကန်အား ပေးသည့်စက်အင်ဂျင်များ ရပ်တန့်သွားသည့်အချိန်အထိ ဖြစ်စေ လေယာဉ်လှုပ်ရှားပျံသန်းစဉ် ဖြစ်ပွားပေါ်ပေါက်သည့် မတော်တဆထိခိုက်ပျက်စီးမှုကို ဆိုသည်။ ထိုမတော်တဆ ထိခိုက်ပျက်စီးမှုတွင် အောက်ပါတို့ ပါဝင်သည်-

(၁) အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် လေယာဉ်ပေါ်ပါ လူတစ်ဦး သေစေခဲ့သော ဒဏ်ရာရရှိခြင်း သို့မဟုတ် ပြင်းထန်သော ဒဏ်ရာ

ရရှိခြင်း-

(ကက) လေယာဉ်အတွင်း ဖြစ်ပွားခြင်း သို့မဟုတ်

(ခခ) လေယာဉ်မှ ပြုတ်ထွက်လာသည့် အစိတ်အပိုင်းများ အပါအဝင် လေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုနှင့် တိုက်ရိုက်ထိခိုက်မိခြင်း သို့မဟုတ်

(ဂဂ) ဂျက်အင်ဂျင်မှ စွန့်ထုတ်သောလေပြင်းအား တိုက်ရိုက်ဆောင့်တိုးခြင်း၊

(၂) အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် လေယာဉ် ထိခိုက်ပျက်စီးသွားခြင်း သို့မဟုတ် လေယာဉ် ဖွဲ့စည်းတည်ဆောက်ပုံ ယိုယွင်းသွားခြင်း-

(ကက) လေယာဉ် ဖွဲ့စည်းတည်ဆောက်ထားသည့် စွမ်းအား၊ လေယာဉ် ဆောင်ရွက်နိုင်မှု သို့မဟုတ် ပျံသန်းရေးဆိုင်ရာ အချက်အလက်များ ဆိုးရွားစွာ ထိခိုက်သွားခြင်း၊

(ခခ) ထိခိုက်ပျက်စီးမှုသည် အင်ဂျင်ချို့ယွင်းမှုနှင့် အင်ဂျင်အဖုံးများ (Cowlings)၊ ကိရိယာတန်ဆာပလာများ၊ ပန်ကာဒလက်များ (Propellers)၊ တောင်ပံထိပ်ဖျားများ (Wing-tips)၊ အင်တင်နာများ (Antennas) ၊ တာယာများ၊ ဘရိတ်များ၊ လေတိုးမှုကို ချောမွေ့စေသောဖယ်ရင်များ(Fairings)၊ သေးငယ်သော အပိန့်အချိုင့်များ (Small dents) သို့မဟုတ် လေယာဉ်ကိုယ်ထည်အကာပြားရှိ အပေါက်ငယ်များ (Puncture holes in the Aircraft Skin) ကိုသာ ထိခိုက်ပျက်စီးမှုဖြစ်သည့်ကိစ္စမှအပ သာမန်အားဖြင့် လေယာဉ်အစိတ်အပိုင်းကို ထိခိုက်ပျက်စီးသည့်အတွက် အဓိကပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးခြင်းကြောင့် ဖြစ်ခြင်း၊

(၃) လေယာဉ်ပျောက်ဆုံးခြင်း သို့မဟုတ် လေယာဉ်ကို လုံးဝဆက်သွယ်၍ မရခြင်း။

***ရှင်းလင်းချက်။*** (၁) စာရင်းဇယားပြုလုပ်ရာတွင် တစ်သမတ်တည်း ဖြစ်စေရေးအတွက် ရရှိသည့် ဒဏ်ရာသည် ရက် ၃၀ အတွင်း လူသေစေခဲ့သော ဒဏ်ရာ ဖြစ်ရမည်။

(၂) လေယာဉ်မှ အပျက်အစီးကို ရှာမတွေ့လျှင် တရားဝင်ရှာဖွေကယ်ဆယ်ရေးကို ရပ်ဆိုင်း လိုက်ပါက လေယာဉ်ပျောက်ဆုံးနေသည်ဟု ယူဆရမည်။

(၃) မတော်တဆ ထိခိုက်ပျက်စီးမှုအတွက် စုံစမ်း စစ်ဆေးရေးပြုလုပ်ရမည့်မောင်းသူမဲ့ လေ ယာဉ် အမျိုးအစားကို အဖွဲ့ချုပ်၏ (နောက် ဆက်တွဲ-၁၃) ပါ အပိုဒ် (၅-၁) တွင် ဖော်ပြ ထားသည့်အတိုင်း ယူဆမည်။

(၄) လေယာဉ်ပျက်စီးမှုနှင့်ပတ်သက်၍ သတ်မှတ် ခြင်းကို အဖွဲ့ချုပ်၏ (နောက်ဆက်တွဲ-၁၃) ပါ နောက်ဆက်တွဲ (င) တွင် ဖော်ပြထားသည်။

(ဃ) **မတော်တဆဖြစ်ပွားမှု** ဆိုသည်မှာ လေယာဉ်မတော်တဆ ထိခိုက်ပျက်စီးမှု မှအပ လေယာဉ်ပျံသန်းမှုအား ထိခိုက်စေခြင်း သို့မဟုတ် လေယာဉ် ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းမှုနှင့်ပတ်သက်၍ ဖြစ်ပွားသော ဖြစ်စဉ် တစ်ရပ်ရပ်ကို ဆိုသည်။

(င) **ကောင်းကင်မှလေယာဉ်ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း** ဆိုသည်မှာ အများ ပြည်သူပို့ဆောင်ရေးအတွက်မဟုတ်ဘဲ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ ကောင်းကင်ဓာတ်ပုံရိုက်ကူးရေး၊ ကောင်းကင်မှ မြေတိုင်းတာရေး၊ ဘူမိဗေဒ စူးစမ်းလေ့လာရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ကောင်းကင်မှကြော်ငြာလုပ်ငန်း ဆောင်ရွက်ရေးစသည့် အထူးပြုလုပ်ငန်းများကို လေယာဉ်အသုံးပြု၍ ဆောင်ရွက်ခြင်းကို ဆိုသည်။

(စ) **လေယာဉ်ကွင်း အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ဤနည်းဥပဒေများအရ လေယာဉ်ကွင်းများ လုပ်ကိုင်ဆောင်ရွက်မှုအတွက် လေယာဉ်ကွင်းလက်စွဲနှင့်အညီ လက်ခံအတည်ပြုပြီး ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဆ) **လေယာဉ်ကွင်းလိုင်စင်** ဆိုသည်မှာ လေယာဉ်ကွင်းလုပ်ငန်း ဆောင်ရွက်သူအား ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဇ) **လိုင်စင်ရလေယာဉ်ကွင်း** ဆိုသည်မှာ လေယာဉ်ကွင်းလုပ်ငန်း ဆောင်ရွက်ရန် လေယာဉ်ကွင်းလိုင်စင်နှင့် လုပ်ငန်းဆောင်ရွက်သူကို ခွင့်ပြုပေးထားသော လေယာဉ်ကွင်းကို ဆိုသည်။

(ဈ) **လေယာဉ်ကွင်းလက်စွဲ** ဆိုသည်မှာ လေယာဉ်ကွင်း အသိအမှတ်ပြု လက်မှတ်လျှောက်ထားရာတွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပြီး ဦးစီးဌာနက လက်ခံအတည်ပြုထားသည့် စည်းကမ်းချက်များနှင့်အညီ ရေးဆွဲထားသော ပြင်ဆင်ချက်များ ပါဝင်သည့် လက်စွဲကို ဆိုသည်။

(ည) **လေယာဉ်ကွင်းလုပ်ငန်း ဆောင်ရွက်သူ** ဆိုသည်မှာ လေယာဉ်ကွင်းလုပ်ငန်းတွင် ကျွမ်းကျင်စွာ လုပ်ကိုင်ဆောင်ရွက်ရေးနှင့် စီမံခန့်ခွဲရေးအတွက် တာဝန်ရှိ သောပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(ဋ) **လေကြောင်းလမ်းပြမီးများ (Aeronautical beacon)** ဆိုသည်မှာ မြေပြင်တွင် သီးခြားသတ်မှတ်သော အချက်ပြနေရာကို အဆက်မပြတ်ဖြစ်စေ၊ ပြတ်တောင်းပြတ်တောင်းဖြစ်စေ၊ လေယာဉ်အတက်အဆင်းပြေးလမ်းနှင့် ဝဲယာနေရာ (Azimuth) အားလုံးမြင်နိုင်သော လေယာဉ်ကွင်းမြေပြင် အချက်ပြမီးတစ်ခုကို ဆိုသည်။

(ဌ) **လေယာဉ်ကွင်း မြေပြင်အချက်ပြမီး** ဆိုသည်မှာ လေယာဉ်ပါ အချက်ပြမီးမှအပ လေကြောင်းပျံသန်းရေးအတွက် အထောက်အကူအဖြစ် သီးခြားပြသပေးသည့် အချက်ပြမီးတစ်ခုခုကို ဆိုသည်။

(ဍ) **လေယာဉ်ပျံ (Aeroplane)** ဆိုသည်မှာ လေ၏ကမ္ဘာမြေကြီးအပေါ် ကျရောက်သော တုံ့ပြန်အားမှအပ လေ၏တွန်းကန်အားကို အဓိကအားပြု၍

လေထဲတွင်သွားလာသည့် လေထက်လေးသော စက်တပ်လေယာဉ်ကို ဆိုသည်။

(ဎ) **လေယာဉ်၏အစိတ်အပိုင်း** ဆိုသည်မှာ လေယာဉ်တစ်စီးလေထဲတွင် အစဉ်စိတ်ချစွာ သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်ပြီး လေယာဉ်တွင် တပ်ဆင်အသုံးပြုသည့်အခါ ကောင်းမွန်စွာ အလုပ်လုပ်ဆောင်သော မည်သည့်အစိတ်အပိုင်းနှင့် တပ်ဆင်ပစ္စည်းကိုမဆို ဆိုလိုသည်။

(ဏ) **လေကြောင်းလုပ်ငန်း ဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ သီးခြားသတ်မှတ်ထားသည့် စီးပွားရေးအတွက် လေကြောင်းပျံသန်းရေးလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းဆောင်ရွက်သူအား ညွှန်ကြားရေးမှူးချုပ်မှ လုပ်ပိုင်ခွင့်ပေးထားသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(တ) **လေကြောင်းပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ ခရီးသည်၊ ကုန်စည်၊ ချောစာ သို့မဟုတ် မည်သည့် သက်ရှိသက်မဲ့အရာတို့ကို မည်သို့သော အဖိုးအခဖြင့်ဖြစ်စေ အများပြည်သူပို့ဆောင်ရေးကို လေယာဉ်ဖြင့် ပျံသန်းမှုတစ်ကြိမ် သို့မဟုတ် ပျံသန်းမှုအစဉ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် တာဝန်ယူဆောင်ရွက်ခြင်းများလည်း ပါရှိသည်။

(ထ) **ပုံမှန်လေကြောင်း ပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ နှစ်နေရာ သို့မဟုတ် နှစ်နေရာထက်ပိုသောနေရာများအကြား လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းကို ကြေညာထားသည့် အချိန်ဇယားအတိုင်း ပျံသန်းဆောင်ရွက်ခြင်း သို့မဟုတ် အများပြည်သူများ အသုံးပြုစီးနင်းနိုင်သည့် ခရီးစဉ်များကို အစီအစဉ်တစ်ခုအဖြစ် သတ်မှတ်နိုင်လောက်အောင် ခေါက်ရေများပုံမှန် သို့မဟုတ် ကြိမ်ဖန်များစွာ ပျံသန်းဆောင်ရွက်သည့် လုပ်ငန်းကို ဆိုသည်။

(ဒ) **အသိအမှတ်ပြု ပြုပြင်ထိန်းသိမ်းမှုစနစ်** ဆိုသည်မှာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတည်ပြုခွင့်ပြုထားသော ပြုပြင်ထိန်းသိမ်းမှုစနစ်ကို ဆိုသည်။

(ဓ) **လေယာဉ်ရပ်နားနေရာ (Apron)** ဆိုသည်မှာ လေယာဉ်ခရီးသည်၊ ချောစာ သို့မဟုတ် ကုန်စည်များ အတင်အချပြုလုပ်ရေး၊ လေယာဉ်ဆီဖြည့်တင်းရေး၊ လေယာဉ်ရပ်နားရေး သို့မဟုတ် ပြုပြင်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်မည့် လေယာဉ်များအတွက်ရပ်နားရန် မြေပြင်ပေါ်ရှိ လေယာဉ်ကွင်း တစ်ကွင်း တွင် သတ်မှတ်ထားသောနေရာကို ဆိုသည်။

(န) **အတည်ပြုဆေးဘက်ဆိုင်ရာ အာဏာပိုင်** ဆိုသည်မှာ ညွှန်ကြားရေးမှူး ချုပ်က အတည်ပြုထားသော ကျန်းမာရေးအာဏာပိုင်ကို ဆိုသည်။

(ပ) **ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်** ဆိုသည်မှာ ဤနည်း ဥပဒေများနှင့်အညီ ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဖ) **ကွန်ဗင်းရှင်း** ဆိုသည်မှာ ၁၉၄၄ ခုနှစ်၊ ချီကာဂိုမြို့တွင် လက်မှတ်ရေးထိုးပြီး အတည်ပြုသော အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း သယ်ယူပို့ဆောင်ရေး ကွန်ဗင်းရှင်းနှင့် မြန်မာနိုင်ငံက အခါအားလျော်စွာ လက်ခံထားသော ယင်း၏ ပြင်ဆင်ချက်များကို ဆိုသည်။

(ဗ) **ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်း** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာမြို့ပြ လေကြောင်းအဖွဲ့ချုပ်ကောင်စီ (ICAO Council) မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အခါအားလျော်စွာ အတည်ပြု ထုတ်ပြန်ထား သည့် နည်းပညာဆိုင်ရာညွှန်ကြားချက်တွင် ဘေးအန္တရာယ်ဖြစ်စေတတ် သော ပစ္စည်းစာရင်း၌ ဖော်ပြထားသည့် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်း ရှင်းရေး၊ ပစ္စည်းဥစ္စာ သို့မဟုတ် ပတ်ဝန်းကျင်အား အန္တရာယ်ဖြစ်စေနိုင်စွမ်း သော အရာဝတ္ထု၊ ပစ္စည်း သို့မဟုတ် ဒြပ်ပစ္စည်းကို ဆိုသည်။

(ဘ) **လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်** ဆိုသည်မှာ သက်ဆိုင်ရာ လေယာဉ် ပျံသန်းရေးအမှုထမ်းအား ထုတ်ပေးသည့် အောက်ပါလိုင်စင်များကို ဆို သည်-

(၁) လေယာဉ်မှူးကြီးလိုင်စင်၊

(၂) လေယာဉ်မှူးလိုင်စင်၊

(၃) ကိုယ်ပိုင်လေယာဉ်မောင်းလိုင်စင်၊

(၄) သင်တန်းသားလေယာဉ်မောင်းလိုင်စင်။

(မ) **ပျံသန်းရေးလက်စွဲ** ဆိုသည်မှာ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်နှင့် ဆက်စပ်လျက်ရှိပြီး လေယာဉ်ပျံသန်းရေးအမှုထမ်းများက လေယာဉ်ကို ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းအသုံးပြုနိုင်ရေးအတွက် ကန့်သတ်ချက်၊ လိုအပ်သည့်လမ်းညွှန်ချက်နှင့် ညွှန်ကြားချက်များ ပါဝင်သော လက်စွဲစာအုပ်ကို ဆိုသည်။

(ယ) **လေယာဉ်ပျံသန်းရေး အမှုထမ်း** ဆိုသည်မှာ လေယာဉ်ပျံသန်းရေး တာဝန်ထမ်းဆောင်ချိန်အတွင်း လေယာဉ်မောင်းနှင်ပျံသန်းရန် အထူးတာဝန်ပေးခြင်းခံရသည့် လိုင်စင်ရဝန်ထမ်းကို ဆိုသည်။

(ရ) **ပျံသန်းချိန်** ဆိုသည်မှာ-

(၁) လေယာဉ်ပျံဖြစ်ပါက လေယာဉ်ပျံစတင်ရွေ့လျားသည့်အချိန်မှ ခရီးစဉ်အဆုံး ရောက်ရှိရပ်နားသည့် အချိန်မတိုင်မီအထိ စုစုပေါင်းအချိန်ကို ဆိုသည်။

(၂) ရဟတ်ယာဉ်ဖြစ်ပါက ရဟတ်ဒလက် စတင်လည်ပတ်ချိန်မှ ခရီးစဉ်အဆုံး ရောက်ရှိရပ်နားပြီး ရဟတ်ဒလက်ရပ်သည့်အချိန် မတိုင်မီအထိ စုစုပေါင်းအချိန်ကို ဆိုသည်။

***ရှင်းလင်းချက်။*** ပျံသန်းချိန်ဟုဖွင့်ဆိုချက်သည် လေယာဉ်ပျံ စတင်ရွေ့လျားပျံသန်းချိန်မှ သို့မဟုတ် ရဟတ်ဒလက် စတင်လည်ပတ်ချိန်မှ ခရီးစဉ်အဆုံးမရောက်မီအထိအချိန်ကို ယေဘုယျ ခေါ်ဆိုကြသည့် **"ကြမ်းတုံးဖယ်ချိန်မှ ကြမ်းတုံးခုချိန်အထိ"** ဆိုသောအဓိပ္ပာယ်နှင့် ဆင်တူသည်။

(လ) **နိုင်ငံခြားမှတ်ပုံတင်လေယာဉ်** ဆိုသည်မှာ နိုင်ငံတော်မှအပ အခြားနိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်ကို ဆိုသည်။

(ဝ) **အစိုးရလေယာဉ်ကွင်း** ဆိုသည်မှာ အစိုးရက သို့မဟုတ် အစိုးရကိုယ်စား

ထိန်းသိမ်းသည့် လေယာဉ်ကွင်းကို ဆိုသည်။

(သ) **ရဟတ်ယာဉ်** ဆိုသည်မှာ လေထက်ပိုလေးပြီး ဒေါင်လိုက်ဝင်ရိုးတွင် ရဟတ်ဒလက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောမောင်းနှင်အားဖြင့် ပျံသန်းမှုအား အထောက်အကူပေးသော လေယာဉ်ကို ဆိုသည်။

(ဟ) **စုံစမ်းစစ်ဆေးခြင်း** ဆိုသည်မှာ မတော်တဆထိခိုက်ပျက်စီးမှုများကို တားဆီးကာကွယ်ရန်အလို့ငှာ မတော်တဆထိခိုက်ပျက်စီးမှုဖြစ်ပွားရသည့် အကြောင်းရင်း၊ ဆုံးဖြတ်ရသည့်အကြောင်းရင်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထောက်ခံတင်ပြချက်များအပါအဝင် သတင်းအချက်အလက်များစုစည်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများ ပြုလုပ်သည့် လုပ်ငန်းစဉ်များကို ဆိုသည်။

(ဠ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(အ) **ဦးစီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ကက) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ခခ) **ရွေ့လျားမှုဧရိယာ** ဆိုသည်မှာ လေယာဉ်ကွင်းတွင် လေယာဉ်ရွေ့လျားသွားလာသည့်ဧရိယာကို ဆိုသည်။ ယင်းစကားရပ်တွင် လေယာဉ် အတက်အဆင်းပြေးလမ်းမြေဧရိယာများနှင့် လေယာဉ်ရပ်နားနေရာများလည်း ပါဝင်သည်။

***ရှင်းလင်းချက်။*** လေယာဉ်အတက်အဆင်းပြေးလမ်း မြေဧရိယာ ဆိုသည်မှာ လေယာဉ်ကွင်းတွင် လေယာဉ်တက်ရန်နှင့် ဆင်းသက်ရန်အတွက် သတ်မှတ်ဆောက်လုပ်ထားသည့် မြေဧရိယာကို ဆိုသည်။

(ဂဂ) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ဃဃ)**အတားအဆီး** ဆိုသည်မှာ အောက်ပါတို့နှင့် စပ်လျဉ်း၍ ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သတ်မှတ်ထားသော ပစ္စည်းကိရိယာဖြင့်ဖြစ်စေ၊ ရွေ့လျား နိုင်သောပစ္စည်းကိရိယာ သို့မဟုတ် ၎င်း၏အစိတ်အပိုင်းကိရိယာဖြင့်ဖြစ်စေ ပိတ်ပင်တားဆီးမှုကို ဆိုသည်-

(၁) လေယာဉ်ရွေ့လျားသည့် မြေဧရိယာတွင်ရှိခြင်း သို့မဟုတ်၊

(၂) လေယာဉ်ပျံသန်းချိန်တွင် ကာကွယ်ထားသော သတ်မှတ်ဧရိယာ ထက် ကျော်လွန်ခြင်း သို့မဟုတ်၊

(၃) လေကြောင်းပျံသန်းရေးတွင် အန္တရာယ်ရှိသည်ဟု ယူဆထားသော သတ်မှတ်ထားသည့် မြေဧရိယာ၏ပြင်ပတွင် တည်ရှိခြင်း။

(ငင) **လေယာဉ်မှူးကြီး (Pilot-in-Command)** ဆိုသည်မှာ-

(၁) စီးပွားဖြစ်ပျံသန်းသည့် လေယာဉ်ဖြစ်ပါက ဘေးအန္တရာယ်ကင်း ရှင်းရေးအတွက် တာဝန်ခံ၍ မောင်းနှင်ပျံသန်းသော လေယာဉ်မှူးကို ဆိုသည်။ ထို့ပြင်

(၂) အထွေထွေလေကြောင်းပျံသန်းမှု သို့မဟုတ် **ရဟတ်ယာဉ်** ပျံသန်းမှု ဖြစ်ပါက ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပျံသန်းရေးလုပ်ငန်း များကို တာဝန်ယူကြီးကြပ်မောင်းနှင်ရသောသူ သို့မဟုတ် ပိုင်ရှင်က သတ်မှတ်တာဝန်ပေးထားသည့် လေယာဉ်မှူးကို ဆိုသည်။

(စစ) **အရည်အသွေးစံနှုန်း (Rating)** ဆိုသည်မှာ သက်ဆိုင်ရာလိုင်စင်နှင့် လိုင် စင်၏ လုပ်ငန်းအစိတ်အပိုင်းအတွက် အထူးစည်းကမ်းချက်များ၊ ကင်း လွတ်ခွင့်များ သို့မဟုတ် ကန့်သတ်ချက်များပါဝင်၍ လိုင်စင်တွင် အဆင့် နှုန်းထားအလိုက် အခွင့်အာဏာပေးထားခြင်းကို ဆိုသည်။

(ဆဆ)**ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်** ဆိုသည်မှာ အဖွဲ့အစည်း ဖွဲ့စည်းမှုပုံစံ၊ တာဝန်ခံမှု၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများဖြင့် ဘေးအန္တရာယ် ကင်းရှင်းစွာ စီမံခန့်ခွဲမှုဖြစ်စေရန် စနစ်တကျ ချဉ်းကပ်သည့် စနစ်ကို ဆိုသည်။

(ဇဇ) **စာချုပ်ဝင်နိုင်ငံ** ဆိုသည်မှာ မြန်မာနိုင်ငံအပါအဝင် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ဝင်နိုင်ငံကို ဆိုသည်။

(ဈဈ) **အခွန်အခနှုန်း** ဆိုသည်မှာ လေကြောင်းပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အားပေးရမည့် ကော်မရှင်ခ၊ စည်းကမ်းချက်များအရ အခကြေးငွေများအပါအဝင် ခရီးသည်များ၊ ခရီးသည်ဝန်စည်စလယ်များ၊ ကုန်စည်များကို တာဝန်ယူသယ်ယူပို့ဆောင်ရသဖြင့် ကောက်ခံသည့်အခ၊ နှုန်းထားနှင့် အခကြေးငွေများကို ဆိုသည်။

(ညည)**ခရီးသွားစာရွက်စာတမ်း အမှတ်အသား** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာသူများအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက အသိအမှတ်ပြု ထုတ်ပေးသည့် နိုင်ငံကူးလက်မှတ် (Passport) သို့မဟုတ် အခြားတရားဝင်စာရွက်စာတမ်းကို ဆိုသည်။

(ဋဋ) **လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုက လေယာဉ်အမျိုးအစားဒီဇိုင်းသတ်မှတ်ရန်နှင့် အဆိုပါဒီဇိုင်းသည် ယင်းနိုင်ငံမှ သတ်မှတ်ထားသော ပျံသန်းနိုင်ခြေသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိကြောင်း စိစစ်သတ်မှတ်ရန် စာချုပ်ဝင်နိုင်ငံတစ်ခုခုက ထုတ်ပေးထားသည့် လက်မှတ်ကို ဆိုသည်။

(ဌဌ) **လေယာဉ်အမျိုးအစား** ဆိုသည်မှာ လေယာဉ်၏ထိန်းချုပ်မှု သို့မဟုတ် ပျံသန်းမှု မူလ လက္ခဏာများကို ပြောင်းလဲမှုဖြစ်စေသည့် ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ထားသည့် လေယာဉ်များမှအပ ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ထားသည့် လေယာဉ်များအပါအဝင် အခြေခံတည်ဆောက်မှု ဒီဇိုင်းတူညီသော လေယာဉ်များအားလုံးကို ဆိုသည်။

(ဍဍ) **အမျိုးအစား အရည်အသွေးစံနှုန်း** ဆိုသည်မှာ လေယာဉ်အမျိုးအစား အသီးသီးအတွက် သတ်မှတ်ထားသည့် အရည်အသွေးစံချိန်စံညွှန်းနှုန်းထားကို ဆိုသည်။

## အခန်း (၂)

## ပျံသန်းမှုဆိုင်ရာယေဘုယျသတ်မှတ်ချက်များ

### လေယာဉ်အသုံးပြုခြင်းနှင့် ပျံသန်းခြင်း

၆။ ဤနည်းဥပဒေများနှင့်အညီမှလွဲ၍ မည်သူမျှ လေယာဉ်အသုံးပြုခြင်း၊ ပျံသန်းခြင်း သို့မဟုတ် အသုံးပြုရာတွင်ဖြစ်စေ၊ ပျံသန်းရာတွင်ဖြစ်စေ ကူညီခြင်း မပြုရ။

### မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်နိုင်ငံနှင့် မှတ်ပုံတင်အမှတ်များ

၇။ အောက်ပါအချက်များနှင့် မကိုက်ညီသော လေယာဉ်တစ်စီးစီးကို မည်သူမျှ ပျံသန်းခြင်း သို့မဟုတ် ပျံသန်းရာတွင်ကူညီခြင်းမပြုရ-

(က) မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

(ခ) နည်းဥပဒေ ၅၄ နှင့်အညီ လေယာဉ်ပေါ်တွင် စာချုပ်ဝင်နိုင်ငံနှင့် မှတ်ပုံတင်အမှတ်အသားများနှင့် လေယာဉ်ပိုင်ရှင်၏ အမည်နှင့် လိပ်စာတို့ကို ရေးချယ်၍ လည်းကောင်း၊ ကပ်ထား၍ လည်းကောင်း ပြသထားရမည်ဖြစ်ပြီး နိုင်ငံတော်မှအပ အခြားစာချုပ်ဝင်နိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်ဖြစ်ပါက ထိုစာချုပ်ဝင်နိုင်ငံ၏ စည်းမျဉ်းများနှင့်အညီ အလားတူ ဆောင်ရွက်ထားရမည်။

သို့ရာတွင် ဤနည်းဥပဒေ ၇ ပါ တားမြစ်ချက်သည် ဝန်ကြီးဌာန၏စာဖြင့် အထူးခွင့်ပြုချက်တွင် ပါရှိသည့်သတ်မှတ်ချက်၊ ကန့်သတ်ချက်များနှင့်အညီ ပျံသန်းသည့် လေယာဉ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

### တားမြစ်ထားသည့် ပျံသန်းမှု

၈။ (က) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မည်သည့်လေယာဉ်မျှ ဤနည်းဥပဒေများ၏ ဇယား (၁) ၌ သတ်မှတ်ထားသည့် တားမြစ်နယ်မြေတစ်ခုခုပေါ်တွင် ပျံသန်းခြင်း မပြုရ။

(ခ) ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော ခွင့်ပြုချက်ပါ စည်းကမ်းသတ်

မှတ်ချက်နှင့်အညီမှတစ်ပါး မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မည်သည့် လေယာဉ်မျှ မြန်မာနိုင်ငံ၏ပြင်ပသို့ ပျံသန်းမှုပြုရန်အလို့ငှာ ထွက်ခွာခွင့် မရှိစေရ။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင် လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်သည် ဟု မှတ်ယူရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ မှတ်ပုံတင်လေ ယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံး ဝင်ပါက ယင်းလေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထား ခြင်းမရှိသော လေယာဉ်အဖြစ် မှတ်ယူရမည် ဖြစ်သည်။

**အမှုထမ်းများကို လိုင်စင်ထုတ်ပေးခြင်း**

၉။ (က) လေယာဉ်တိုင်းသည် ဤနည်းဥပဒေများ၏ အခန်း (၅) ပါ လေယာဉ် အမှုထမ်းများက လေယာဉ်ကို ပျံသန်းမောင်းနှင်ရမည်ဖြစ်ပြီး ယင်းအမှု ထမ်းများသည် ထိုအခန်း (၅) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းပုံစံအတိုင်း လိုင်စင်ရရှိထားသူများ ဖြစ်ရမည်။

(ခ) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည် လေယာဉ်များမဟုတ်ပါက ထိုလေ ယာဉ်များ၏ အမှုထမ်းများသည် အဆိုပါလေယာဉ်များ မှတ်ပုံတင်ထား သည့် စာချုပ်ဝင်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုင်စင်များ ကိုင်ဆောင်ထားရမည်။

(ဂ) သင်တန်းသားလေယာဉ်မောင်းသည် အောက်ပါအချက်များနှင့် ကိုက်ညီလျှင် ဝန်ပါအလေးချိန် ၁၅၀၀ ကီလိုဂရမ်ထက်မကျော်သော လေယာဉ်ကို လိုင်စင်မရှိဘဲ ပျံသန်းမောင်းနှင်နိုင်သည်-

(၁) လေယာဉ်တွင် ဒွန်တွဲမောင်းနှင်စနစ် တပ်ဆင်ထားခြင်း၊

(၂) လေယာဉ်မောင်းနည်းပြတစ်ဦးပါရှိခြင်း၊

(၃) လေယာဉ်ပျံသန်းခြင်းနှင့် ပျံသန်းသည့် ရည်ရွယ်ချက်ကို လေယာဉ် ထွက်ခွာသည့် လေယာဉ်ကွင်းတာဝန်ခံထံသို့ ကြိုတင်အသိပေး

အကြောင်းကြားထားခြင်း၊

(ဃ) လေယာဉ်ပေါ်တွင် အခြားမည်သူတစ်ဦးမျှ သယ်ဆောင်မှုမပြုခြင်း။

ထို့ပြင်သင်တန်းသားသည် လိုင်စင်ထုတ်ပေးရန်အတွက် လိုအပ်သောကျန်းမာရေး ပြည့်စုံမှုရှိခြင်း၊ ပျံသန်းရေးနည်းပြ၏စစ်ဆေးမှုဖြင့် ပျံသန်းမှုစာမေးပွဲ အောင်မြင်ကြောင်း အသိအမှတ်ပြုလက်မှတ် ရရှိထားခြင်းဖြစ်ပါက အမောင်းသင်လိုင်စင်၏ အခွင့်အရေး များကို ကျင့်သုံးခွင့်ရှိသည်။ အဆိုပါ အသိအမှတ်ပြုလက်မှတ်သည် ၂ လ အထိ သို့မဟုတ် သင်တန်းသားသည် အမောင်းသင်လိုင်စင်ရရှိချိန်အထိ၊ ယင်းတို့အနက်မှ ကြာမြင့်ချိန် အနည်းဆုံးအချိန်အထိ သက်တမ်းရှိရမည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင် လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်သည် ဟု မှတ်ယူရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ မှတ်ပုံတင် လေယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံး ဝင်ပါက ယင်းလေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထား ခြင်းမရှိသော လေယာဉ်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

## အရည်အသွေးစံနှုန်းတွင် ပါဝင်ရမည့် လေယာဉ်အမျိုးအစား

၁၀။ နည်းဥပဒေ ၁၁ နှင့် ၁၂ တို့တွင် ပြဋ္ဌာန်းထားသည်မှအပ မည်သူမျှ လိုင်စင်ပါ လေယာဉ်အရည်အသွေးစံနှုန်း သတ်မှတ်ချက်တွင် မပါဝင်သည့် လေယာဉ်၏ လေယာဉ် မှူးအဖြစ် ပျံသန်းခြင်းမပြုရ။

## လိုင်စင်အရည်အသွေး တိုးမြှင့်ရေးအတွက် အရည်အသွေးပြည့်ဝစေရန် ပျံသန်းမှုများ

၁၁။ လေယာဉ်မှူးလိုင်စင် ကိုင်ဆောင်ထားသူသည် ယင်း၏ လိုင်စင်တွင် လေယာဉ် မောင်းအရည်အချင်းသတ်မှတ်နှုန်းထား ပါဝင်ခြင်းမရှိသော လေယာဉ်အမျိုးအစားကို ယင်း၏လိုင်စင်တွင် အဆိုပါလေယာဉ်အမျိုးအစား ထည့်သွင်းနိုင်ရေးအတွက် အရည် အချင်းစစ်ဆေးရန်အလို့ငှာ လေယာဉ်မှူးအဖြစ် မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း ပျံသန်းနိုင်သည်။

သို့ရာတွင် အရည်အချင်းပြည့်ဝရေးအတွက် လေယာဉ်မောင်းသူသည် လေယာဉ်ပျံသန်းနေစဉ်အတွင်း အောက်ဖော်ပြပါကိစ္စရပ်များမှအပ လေယာဉ်ပေါ်တွင် မည်သူ့ကိုမျှ တင်ဆောင်ခြင်းမပြုရ -

(က) ဤနည်းဥပဒေများအရ လေယာဉ်တာဝန်ထမ်းဆောင်သော အမှုထမ်းအဖြစ် လိုက်ပါရန် လိုအပ်သူ သို့မဟုတ်၊

(ခ) လိုက်ပါသည့်သူမှာ လေယာဉ်အမှုထမ်းအဖြစ် လေ့ကျင့်ပေးရန်အလို့ငှာ လေကြောင်းလိုင်း၏ သဘောတူညီချက်ဖြင့် လိုက်ပါခြင်း၊

(ဂ) သင်တန်းတွင် လေ့ကျင့်သင်ကြားပြသခြင်း သို့မဟုတ် ကြီးကြပ်ခြင်းပြုရန်ဖြစ်စေ၊ လေယာဉ်စမ်းသပ်ပျံသန်းရာတွင်ဖြစ်စေ လေယာဉ်ပေါ်တွင် လိုအပ်ချက်အရ လိုက်ပါခြင်း၊

(ဃ) ထိုသူမှာ ညွှန်ကြားရေးမှူးချုပ်၏ အထူးခွင့်ပြုချက်ဖြင့် လိုက်ပါခြင်း။

ထို့ပြင် အဆိုပါပျံသန်းမှုများသည် ပျံသန်းမှုပြုနေစဉ်အတွင်း လေယာဉ်ကွင်းတာဝန်ခံထံ ကြိုတင်အကြောင်းကြားပြီး အနီးတစ်ဝိုက်ပျံသန်းခြင်း သော်လည်းကောင်း၊ လိုင်စင်ရ လေယာဉ်ကွင်း သို့မဟုတ် အစိုးရလေယာဉ်ကွင်း၏ ဧရိယာအတွင်း ပျံသန်းခြင်း သော်လည်းကောင်း ပြုလုပ်နိုင်သည်။ သို့ရာတွင် ခရီးဝေးပျံသန်းခြင်း အပါအဝင် အထွေထွေ ပျံသန်းမှုလေ့လာရေးအတွက် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း အနီးတစ်ဝိုက် ပြင်ပဧရိယာများသို့ လေယာဉ်ပေါ်တွင် လိုက်ပါလာသော နည်းပြလေယာဉ်မှူးနှင့်အတူ လိုက်ပါ ဒွန်တွဲမောင်းနှင်ခြင်းအား ကန့်သတ်မှုမရှိစေရ။

**စမ်းသပ်ပျံသန်းခြင်းများနှင့် အခြားသော အခကြေးငွေမယူသည့် အထူးကိစ္စရပ်များအတွက် ပျံသန်းခြင်းများ**

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ကိုင်ဆောင်သူတစ်ဦးကို ယင်း၏လိုင်စင်အရည်အသွေး စံနှုန်းသတ်မှတ်ချက်တွင် ထည့်သွင်းဖော်ပြမထားသော ပျံသန်းမောင်းနှင်ပိုင်ခွင့်မရှိသည့် လေယာဉ်အမျိုးအစားကို စမ်းသပ်ပျံသန်းရန် သို့မဟုတ် ခွင့်ပြုထားသည့်

အတိုင်းအတာသဘောတူညီချက်များအရ ခရီးသည်မပါဘဲ ပျံသန်းခြင်းအား ခွင့်ပြုပေးနိုင်သည်။ ထို့ပြင်အဆိုပါခွင့်ပြုချက်သည် စမ်းသပ်ပျံသန်းခြင်း သို့တည်းမဟုတ် သတ်မှတ်ထားသော ပျံသန်းခြင်းပြီးဆုံးသည်အထိ အချိန်အားဖြင့် ကန့်သတ်နိုင်သည်။

သို့ရာတွင် လိုင်စင်ကိုင်ဆောင်သူသည် အဆိုပါပျံသန်းမှုအား ပြုလုပ်ရန်အတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသော ကျွမ်းကျင်မှုအရည်အသွေး လိုအပ်ချက်စံညွှန်းများနှင့် ကိုက်ညီကြောင်း သက်သေခံအထောက်အထား တင်ပြရမည်။

ထို့ပြင် လေယာဉ်စမ်းသပ်ပျံသန်းမှုတွင် လေယာဉ်အမှုထမ်းများမှတစ်ပါး ညွှန်ကြားရေးမှူးချုပ်၏ အထူးခွင့်ပြုချက် ရရှိမထားသူ မည်သူမျှ လေယာဉ်ပေါ်တွင် တင်ဆောင်ခြင်းမပြုရ။

ထို့ပြင် စမ်းသပ်ပျံသန်းမှုအား ဦးစီးဌာနက သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး၊ ပျံသန်းမှုခရီးစဉ်အား လေယာဉ်ကွင်းတာဝန်ခံသို့ ပျံသန်းနေစဉ်အတွင်းကြိုတင်အကြောင်းကြားရမည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ **“သီးခြားအထူးရည်ရွယ်ချက်အရ ပြုလုပ်သော အခကြေးငွေမယူဘဲ ပျံသန်းမှု၊ ခရီးသည်တင်ဆောင်ခြင်းမရှိသော ပျံသန်းမှု”** ဆိုရာတွင် ပြည်တွင်း သို့မဟုတ် နိုင်ငံတကာအကြပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များ၊ အရေးပေါ်အခြေအနေများအတွက် သော်လည်းကောင်း၊ လူမှုကယ်ဆယ်ရေး ရည်ရွယ်ချက်ဖြင့် ကယ်ဆယ်ရေးကုန်ပစ္စည်းများ သယ်ဆောင်လာသည့် အစိုးရ၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ခွင့်ပြုထားသော ပျံသန်းမှုများပါဝင်သည်။

## လေယာဉ်ပေါ်တွင် ပါရှိရမည့် စာရွက်စာတမ်း အထောက်အထားများ

၁၃။ မည်သည့် အများပြည်သူပို့ဆောင်ရေးသုံးလေယာဉ်၏ တာဝန်ခံက အောက်ပါစာရွက်စာတမ်း အထောက်အထားများကို လေယာဉ်ပေါ်တွင် ပါရှိခြင်းမရှိဘဲ ၎င်းလေယာဉ်ကို ပျံသန်းခွင့်မပြုရ –

(က) လေကြောင်းလိုင်း ပျံသန်းပြေးဆွဲခွင့်လက်မှတ်နှင့် ပျံသန်းပြေးဆွဲခွင့် သတ်မှတ်ချက် မိတ္တူမှန်၊

(ခ) လေယာဉ်မှတ်ပုံတင်လက်မှတ်၊

(ဂ) ဝေဟင်တွင်စိတ်ချစွာ ပျံသန်းနိုင်ကြောင်း လက်မှတ်၊

(ဃ) လေယာဉ်ပျံ၊ ရဟတ်ယာဉ်အသံနှင့် သက်ဆိုင်သည့် လက်မှတ်၊

(င) လေယာဉ်ပျံသန်းရေးအမှုထမ်းများ၏ လိုင်စင်များ၊

(စ) ဆက်သွယ်ရေးစက်ပစ္စည်းများ အသုံးပြုခွင့် လိုင်စင်၊

(ဆ) ခရီးသွားမှတ်တမ်းစာအုပ်၊

(ဇ) လေယာဉ်ပျံသန်းပြေးဆွဲခြင်းဆိုင်ရာ လက်စွဲစာအုပ်၊

(ဈ) လေယာဉ်တွင် အနည်းဆုံး တပ်ဆင်ရမည့် စက်ပစ္စည်းများစာရင်းနှင့် လေယာဉ်ကိုယ်ထည် အစိတ်အပိုင်းများ သွေဖည်မှုစာရင်း၊

(ည) ပျံသန်းရေးလက်စွဲစာအုပ်၊

(ဋ) လေယာဉ်မောင်၊ လေယာဉ်မယ် လက်စွဲစာအုပ်၊

(ဌ) လေယာဉ်မောင်းအခန်းအတွင်းနှင့် အရေးပေါ်အခြေအနေတွင် စစ်ဆေး ဆောင်ရွက်ရမည့်အချက်များ (ပျံသန်းရေးလက်စွဲ စာအုပ်ထဲတွင် ဖော်ပြ ထားခြင်း မရှိခဲ့လျှင်)၊

***မှတ်ချက်။*** လေယာဉ်ပေါ်တွင် တင်ဆောင်သော ပျံသန်းမှုဆိုင်ရာ လက်စွဲစာအုပ် တွင် မပါဝင်ပါက ပျံတက်ခြင်း၊ အရှိန်နှုန်းမှန်မှန်ဖြင့် ပျံသန်းနေခြင်း နှင့် ဆင်းသက်ခြင်းအဆင့်များတွင် ဆောင်ရွက်ရန် စာရင်းများကို လေယာဉ်မောင်းအခန်းတွင် ပြသထားရမည်။

(ဍ) လေယာဉ်ပျံ၊ ရဟတ်ယာဉ်ရှာဖွေရေး လုပ်ထုံးလုပ်နည်းများအတွက် ဆောင် ရွက်ရန်အချက်များ၊

(ဃ) ပျံသန်းရေးဆောင်ရွက်ရန် စက်မှုလက်မှုနှင့် ပျံသန်းရေးဌာနတို့မှ ခွင့်ပြုချက်လက်မှတ်၊

(ဈ) လေကြောင်းခရီးလမ်းညွှန်၊

(တ) ပျံသန်းမည့်လမ်းကြောင်းနှင့် လမ်းလွှဲသွားမည့် လမ်းကြောင်းအတွက် နောက်ဆုံးအချိန်နှင့် ကိုက်ညီသောမြေပုံများ၊

(ထ) တင်ဆောင်မည့် အလေးချိန်စာရင်း၊

(ဒ) လေယာဉ်အလေးချိန် ချိန်ညှိထားသော စာရွက်စာတမ်း၊

(ဓ) ခရီးသည်များ တင်ဆောင်ပါက အမည်စာရင်းနှင့် ၎င်းတို့အတက်အဆင်း ပြုလုပ်မည့် နေရာဒေသများစာရင်း၊

(န) ကုန်ပစ္စည်းများ တင်ဆောင်ပါက ကုန်ပစ္စည်းစာရင်းနှင့် အသေးစိတ် ရှင်းလင်းဖော်ပြချက်၊

(ပ) လေယာဉ်၏ စက်မှုပိုင်းဆိုင်ရာ မှတ်တမ်းစာအုပ်၊

(ဖ) ကြားဖြတ်ဝင်ရောက်လာနိုင်မည့် အခြားမြို့ပြလေယာဉ်များအတွက် သတင်း အချက်အလက်များနှင့် ညွှန်ကြားချက်များ၊

(ဗ) မိုးလေဝသ ခန့်မှန်းချက်၊

(ဘ) လေယာဉ်သားများအား ပေးသော သတိပေးနှိုးဆော်စာ။

**ခရီးသွားစာရွက်စာတမ်းအမှတ်အသားများ မပါရှိသူများကို သယ်ယူပို့ဆောင်ခြင်းမှ တားမြစ်ခြင်း**

၁၄။ (က) မည်သည့်လေယာဉ်၏ တာဝန်ရှိသူမည်သူမဆို လေယာဉ်ပေါ်၌ လိုက်ပါလာသူအားလုံးတွင် တရားဝင်ခရီးသွား စာရွက်စာတမ်းအမှတ်အသားများ မပါရှိပါက ၎င်းလေယာဉ်ကို မြန်မာနိုင်ငံပြင်ပရှိ နေရာတစ်နေရာမှ မြန်မာ

နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် မပြုရ။

(ခ) နည်းဥပဒေခွဲ (က) ကို ဆန့်ကျင်၍ လေယာဉ်တစ်စီးကို မြန်မာနိုင်ငံတွင်းသို့ ပျံသန်းဝင်ရောက်လာပါက ညွှန်ကြားရေးမှူးချုပ်က ဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်က ယေဘုယျအားဖြင့် သို့မဟုတ် အထူးအားဖြင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသူကဖြစ်စေ အဆိုပါ လေယာဉ်၏ ပိုင်ရှင် သို့မဟုတ် လေယာဉ်အတွက် တာဝန်ရှိသူကို တရားဝင်ခရီးသွား စာရွက်စာတမ်းအမှတ်အသားများ မပါရှိသောသူ သို့မဟုတ် သူများကို လေယာဉ်ပေါ်တင်၍ သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော် လည်းကောင်း မြန်မာနိုင်ငံမှ ပြန်လည် သယ်ဆောင်သွားရန် ညွှန်ကြားနိုင်ပြီး လေယာဉ်ပိုင်ရှင် သို့မဟုတ် လေယာဉ်အတွက် တာဝန်ရှိသူက ထိုညွှန်ကြားချက်ကို လိုက်နာရမည်။

**လေယာဉ်မောင်းခန်းအတွင်း စစ်ဆေးဆောင်ရွက်ရမည့်အချက်များအား သယ်ဆောင်ခြင်း**

၁၅။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မည်သည့်လေယာဉ်တွင်မဆို ဦးစီးဌာနက သတ်မှတ်ထားသော အချက်အလက်များနှင့်အညီ လေယာဉ်မောင်းခန်းအတွင်း စစ်ဆေးရမည့် အချက်အလက်များနှင့် အရေးအပေါ်အခြေအနေတွင် စစ်ဆေးဆောင်ရွက်ရမည့် အချက်အလက်များကို ထားရှိရမည်။ အဆိုပါအချက်အလက်များကို လေယာဉ်မောင်းခန်းအတွင်း လေယာဉ်မှူးများ အလွယ်တကူ ရယူအသုံးပြုနိုင်မည့် နေရာများတွင်သာ ထားရှိရမည် ဖြစ်သည်။

**လက်နက်၊ ခဲယမ်းမီးကျောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ စစ်သုံးပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်း စသည်တို့ သယ်ဆောင်ခြင်း**

၁၆။ (က) သက်ဆိုင်ရာအစိုးရဌာန၏ ညှိနှိုင်းချက်အရ ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့် ခွင့်ပြုချက်စာနှင့် ထိုခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့်အညီ မှအပ မည်သူမျှ မြန်မာနိုင်ငံသို့ဖြစ်စေ မြန်မာနိုင်ငံမှဖြစ်စေ မြန်မာနိုင်ငံအတွင်းဖြစ်စေ မြန်မာနိုင်ငံအပေါ်မှ ဖြတ်ကျော်၍ဖြစ်စေ ပျံသန်းသော မည်

သည့်လေယာဉ်ပေါ်ကိုမဆို လက်နက်များ၊ ခဲယမ်းမီးကျောက်၊ စစ်လက်နက်ပစ္စည်းများ၊ ပေါက်ကွဲစေတတ်သောပစ္စည်းနှင့် စစ်ပစ္စည်းများ သယ်ဆောင်ခြင်း၊ သယ်ဆောင်စေခြင်း သို့မဟုတ် သယ်ဆောင်ရန် ခွင့်ပြုခြင်း မပြုလုပ်ရ။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုသည့် မည်သည့်ကုန်ပစ္စည်းကိုမဆို သယ်ဆောင်ခွင့်ပြုသည့်အခါ လေယာဉ်မောင်း၊ ကုန်ပစ္စည်းတင်ပို့သူနှင့် ကုန်ပစ္စည်းတင်ပို့ရန် ကြိုတင်မှာကြားသူ၊ ကုန်ပစ္စည်းကိုင်တွယ်ဆောင်ရွက်သူ သို့မဟုတ် သယ်ဆောင်သူတို့သည် လေယာဉ်ကိုဖြစ်စေ၊ လေယာဉ်ပေါ်တွင် လိုက်ပါသောသူများကိုဖြစ်စေ၊ အခြားသူများနှင့် ပစ္စည်းဥစ္စာများကိုဖြစ်စေ အန္တရာယ်မဖြစ်စေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရမည် -

(၁) အန္တရာယ်ဖြစ်စေနိုင်ခြင်းမှ ရှောင်ရှားနိုင်ရန် ကုန်ပစ္စည်းဇစ်မြစ်များကို ထုတ်ပိုးခြင်း၊ အကာအကွယ်ပြုခြင်းနှင့် လုံခြုံစွာထားသိုခြင်း၊

(၂) လေယာဉ်ပေါ်တွင် လိုက်ပါသော ခရီးသည်များမှ မဝင်ရောက် မထိတွေ့နိုင်သည့်နေရာတွင် ကုန်ပစ္စည်းများကို ထားရှိခြင်း၊

(၃) ကုန်ပစ္စည်းများ၏ သဘောသဘာဝကို ၎င်းကုန်ပစ္စည်းထုပ်များအပေါ်တွင် ရှင်းရှင်းလင်းလင်းနှင့် သိသာထင်ရှားစွာ အမှတ်အသားပြုလုပ်ထားခြင်း။

(ဂ) ကုန်တင်ပို့သူသည် လေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူအား ကုန်ပစ္စည်းများ၏ သဘောသဘာဝ၊ အလေးချိန်နှင့် အရေအတွက်၊ ကုန်လက်ခံမည့်သူ၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံတို့ကို ဖော်ပြသည့် အကြောင်းကြားစာ ပေးရမည်ဖြစ်ပြီး ကုန်ပစ္စည်းများကို လေယာဉ်ပေါ်သို့ မတင်မီ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူက အဆိုပါ အချက်အလက်များကို လေယာဉ်မှူးကြီးသို့ အသိပေးရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်လွှဲအပ်ထားသော မည်သည့်အရာရှိကမဆို ဤနည်းဥပဒေပါ စည်းကမ်းသတ်မှတ်ချက်များကို ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်မည်ဟု ယုံကြည်ရန်အကြောင်းရှိပါက ကုန်ပစ္စည်းများ

၏ သဘောသဘာဝကို အသေးစိတ်စစ်ဆေးခြင်း မပြုလုပ်နိုင်မီ သို့မဟုတ် ထိုကိစ္စနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ချက်မချနိုင်မီအထိ ထိုကုန်ပစ္စည်းများကို ထိန်းသိမ်းထားနိုင်သည်။

## လိုင်စင် စသည်တို့ ထုတ်ပြခြင်း

၁၇။ အခန်း ၁၁ အရ ထုတ်ပေးထားသည့် လိုင်စင်မှအပ ဤနည်းဥပဒေများနှင့်အညီ ထုတ်ပေးထားသည့် သို့မဟုတ် ကိုင်ဆောင်ထားရန် လိုအပ်သည့် မည်သည့်လိုင်စင်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်တမ်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းကိုမဆို စစ်ဆေးကြည့်ရှုရန်အလို့ငှာ ဦးစီးဌာနက အခွင့်အာဏာအပ်နှင်းထားသော စစ်ဆေးရေးမှူးက သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ဤကိစ္စရပ်အတွက် အထူး သို့မဟုတ် အထွေထွေ အမိန့်ဖြင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် အခြားပုဂ္ဂိုလ်တစ်ဦးဦးက သော်လည်းကောင်း တောင်းဆိုပါက လိုင်စင်ကိုင်ဆောင်သူကဖြစ်စေ၊ လေယာဉ် သို့မဟုတ် လိုင်စင်ရလေယာဉ်ကွင်းတို့ဖြစ်ပါက ပိုင်ရှင်၊ ငှားရမ်းသူ သို့မဟုတ် တာဝန်ခံကဖြစ်စေ ထုတ်ပြရမည်။

သို့ရာတွင် လေယာဉ် သို့မဟုတ် ၎င်းလေယာဉ်၏ အမှုထမ်းများနှင့် သက်ဆိုင်သည့် လိုင်စင်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်တမ်းစာအုပ်နှင့် စာတမ်းအမှတ်အသားများသည် ဤနည်းဥပဒေများအရ လေယာဉ်ပေါ်တွင် ယူဆောင်ရန် လိုအပ်ချက်မရှိပါက ၎င်းတို့ကို တင်ပြရန် တောင်းဆိုသည့်အချိန်မှ ၂၄ နာရီအတွင်း ထုတ်ပြရမည်။

## ဤနည်းဥပဒေများနှင့် ဆန့်ကျင်သည့် ပျံသန်းမှုများကို တားဆီးခြင်း

၁၈။ (က) ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ၏ ပုဒ်မ ၈ အရ လေယာဉ်များကို တားမြစ်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် အာဏာပိုင်က ညွှန်ကြားစာထုတ်ပြန်၍ တားမြစ်နိုင်သည်။ အဆိုပါတားမြစ်မည့် လေယာဉ်မှူး သို့မဟုတ် တားမြစ်မည့် လေယာဉ်၏ တာဝန်ခံသို့ စာဖြင့် ညွှန်ကြားချက်ထုတ်ပြန်ခြင်းဖြင့်သော် လည်းကောင်း၊ ထိုသို့ တားမြစ်ခြင်းကို ထိရောက်မှု

ရှိစေရန် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့်သော်လည်းကောင်း လေယာဉ်ကို တားမြစ်နိုင်သည်။ အကယ်၍ တားမြစ်ပိုင်ခွင့်ရှိသည့်ပုဂ္ဂိုလ်က တားမြစ်ထားသည့်လေယာဉ်ကို လေယာဉ်ကွင်းတစ်ခုခုတွင် ထားသိုခြင်း သို့မဟုတ် ထားရှိခြင်းဖြစ်ပါက ထားသိုခ သို့မဟုတ် ထားရှိခကို တားမြစ်ထားသည့် ကာလတစ်လျှောက်လုံးအတွက် ပေးဆောင်ရမည်။

(ခ) ဤနည်းဥပဒေအရ ထုတ်ပြန်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ ဆောင်ရွက်သူမည်သူမဆို ဤနည်းဥပဒေများနှင့် ဆန့်ကျင်၍ ဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ၎င်းအပေါ် ချမှတ်ရမည့် အခြားပြစ်ဒဏ်တစ်စုံတစ်ရာကို ထိခိုက်မှုမရှိစေရ။

**ထပ်ဆင့်ထောက်ခံသောလိုင်စင်၊ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်နှင့် အတည်ပြုချက်တို့ကို ပယ်ဖျက်ခြင်းနှင့် ယာယီရပ်ဆိုင်းခြင်း**

၁၉။ (က) ညွှန်ကြားရေးမှူးချုပ်သည်-

(၁) လေယာဉ်တစ်စီးစီးနှင့် စပ်လျဉ်း၍ သူတစ်ဦးတစ်ယောက်က ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ခြင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ် ချမှတ်ခံရပါက ညွှန်ကြားရေးမှူးချုပ်သည် ဤနည်းဥပဒေများအရ ထိုလေယာဉ်အား ထုတ်ပေးထားသည့် လေယာဉ်မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ယာယီရပ်ဆိုင်းခြင်း ပြုလုပ်နိုင်သည်။

(၂) အောက်ဖော်ပြပါအချက်များအရ ယုတ္တိတန်သော သံသယရှိကြောင်းကို ကျေနပ်လက်ခံပါက ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု အခြေအနေ သို့မဟုတ် လေယာဉ်အစိတ်အပိုင်း သို့မဟုတ် ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ လက်ခံထားသည့် လေယာဉ်အမျိုးအစားအတွက် ဤနည်းဥပဒေအရ ထုတ်ပေးထားသော မည်သည့်အသိအမှတ်ပြု

လက်မှတ်ကိုမဆို ပယ်ဖျက်ခြင်း သို့မဟုတ် ယာယီရပ်ဆိုင်းခြင်း ပြုလုပ်နိုင်သည် -

(ကက) လေယာဉ် သို့မဟုတ် လေယာဉ်အမျိုးအစားဘေးအန္တရာယ်ကင်းရှင်းမှု အခြေအနေ သို့မဟုတ်

(ခခ) လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသည့် အစိတ်အပိုင်း သို့မဟုတ် ဆက်စပ်ပစ္စည်းများ၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု အခြေအနေ

ထို့ပြင် အဆိုပါလက်မှတ်နှင့်ပူးတွဲသည့် စည်းကမ်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုံလောက်သော ဘေးကင်းမှုအတိုင်းအတာကို ပေးစွမ်းနိုင်ခြင်းမရှိဟု ယုတ္တိတန်သော သံသယရှိကြောင်းကို ကျေနပ်လက်ခံပါက ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါစည်းကမ်းချက်များကို ပြောင်းလဲနိုင်သည်။

(၃) သူတစ်ဦးဦးက ဤနည်းဥပဒေများကိုဖြစ်စေ၊ နည်းဥပဒေ ၁၃၇ အရ ထုတ်ပြန်ထားသော ညွှန်ကြားချက်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိလျှင် ထိုသူအား ကြားနာခွင့်ကို စာဖြင့်မှတ်တမ်းတင်ပြီး ၎င်းအားထုတ်ပေးထားသော လိုင်စင်၊ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ အတည်ပြုချက်ကို ယာယီရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ် ပြောင်းလဲခြင်း ပြုနိုင်သည်။

(၄) ခိုင်လုံသော အကြောင်းပြချက်ရှိသည်ဟု ယုံကြည်ပါက သို့မဟုတ် စုံစမ်းစစ်ဆေးနေစဉ်အတွင်း အများပြည်သူအကျိုးငှာ ယာယီရပ်ဆိုင်းထားရန် လိုအပ်သည်ဟု ယုံကြည်ပါက စာဖြင့် အကြောင်းပြချက်များကို မှတ်တမ်းတင်၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(ကက) မည်သည့်လက်မှတ်၊ အရည်အသွေးစံနှုန်း သို့မဟုတ် လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက် သို့မဟုတ် မည်သည့်

လက်မှတ်၊ အဆင့်သတ်မှတ်ချက် သို့မဟုတ် လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက် အခွင့်ထူးများကိုမဆို မည်သည့် သတ်မှတ်ကာလအတွက်ဖြစ်စေ ယာယီရပ်ဆိုင်းနိုင်သည်။

(ခခ) ကိစ္စတစ်ခုကို စုံစမ်းစစ်ဆေးနေစဉ်အတွင်း မည်သည့်လက်မှတ်၊ အရည်အသွေးစံနှုန်း သို့မဟုတ် လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်ကိုမဆို ယာယီရပ်ဆိုင်းနိုင်သည်။

(ဂဂ) မည်သည့်လက်မှတ်၊ အရည်အသွေးစံနှုန်း သို့မဟုတ် လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်ကိုမဆို ပယ်ဖျက်နိုင်သည်။

(ဃဃ) မည်သည့်လက်မှတ်၊ အရည်အသွေးစံနှုန်း သို့မဟုတ် လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်တွင်မဆို ပြစ်တင်သည့် မှတ်ချက် ရေးသွင်းနိုင်သည်။

(၅) ၎င်းကထုတ်ပေးသော မည်သည့်လိုင်စင် သို့မဟုတ် လက်မှတ်၊ လုပ်ပိုင်ခွင့်နှင့်ခွင့်ပြုချက် သို့မဟုတ် မည်သည့်ခရီးသွားမှတ်တမ်းစာအုပ်တွင်မဆို ၎င်းက သို့မဟုတ် ၎င်းကလုပ်ပိုင်ခွင့်လွှဲအပ်ထားသူက ရေးသွင်းထားသော အချက်အလက်များကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်နိုင်သည်။

(၆) ဤနည်းဥပဒေများအရ ထုတ်ပေးထားသည့် လိုင်စင်၊ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်နှင့် အတည်ပြုချက် သို့မဟုတ် အခြားစာရွက်စာတမ်းတစ်ခုခု ကိုင်ဆောင်ထားသူအား ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း သို့မဟုတ် စာရွက်စာတမ်းများအား ပြောင်းလဲခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေ ၁၉ (က) (၆) ပါ လိုအပ်ချက်များကို ရက်ပေါင်း ၁၅ ရက်အတွင်း လိုက်နာရန် ပျက်ကွက်ပါက ဤနည်းဥပဒေများအား ကျူးလွန်သည်ဟု မှတ်ယူရမည် ဖြစ်သည်။

***ရှင်းလင်းချက်။*** မည်သည့်လက်မှတ်၊ အရည်အသွေးစံနှုန်း၊ လိုင်စင်၊ လုပ်ပိုင်ခွင့်နှင့်

ခွင့်ပြုချက်ကိုမဆို ယာယီရပ်ဆိုင်းရန် အကြောင်းပြချက်သည် အထက်ပါနည်းဥပဒေခွဲအရ အများပြည်သူအကျိုးငှာ လုံလောက်သော အကြောင်းပြချက်ဖြစ်၊ မဖြစ်အပေါ် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် တရားဝင်အတည် ဖြစ်သည်။

**စက်မဲ့လေယာဉ်နှင့် လေတံခွန်များအပေါ် သက်ဆိုင်မှုမရှိသော ကိစ္စရပ်များ**

၂၀။ နည်းဥပဒေ ၁၃ ပါ ဖော်ပြချက်များသည် စက်မဲ့လေယာဉ် (gliders) နှင့် သက်ဆိုင်ခြင်းမရှိစေရ။ ထို့ပြင် နည်းဥပဒေ ၇၊ ၉၊ ၁၃၊ ၁၇၊ ၁၉၊ ၂၅၊ ၂၈ နှင့် အခန်း (၃) ပါ ဖော်ပြချက်များသည် လေယာဉ်မှ အရာဝတ္ထုများပစ်ချသည့်ကိစ္စနှင့် စပ်လျဉ်း၍ လေတံခွန် (Kites) နှင့် သက်ဆိုင်ခြင်းမရှိစေရ။

**လေယာဉ်ကွင်းတွင် လေယာဉ်ပေါ်တက်သူများအား လုံခြုံရေးစစ်ဆေးခြင်း**

၂၁။ လေကြောင်းပျံသန်းရေးတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံစိတ်ချစေရန်အလို့ငှာ လေယာဉ်ကွင်းတွင် လေယာဉ်ပေါ်တက်ရောက်သူတိုင်း ၎င်းတို့၏လက်ဆွဲအိတ်များ(ရှိလျှင်)နှင့်အတူ လေယာဉ်ကွင်းတွင် လေယာဉ်ပေါ်မတက်မီ ညွှန်ကြားရေးမှူးချုပ်က အခွင့်အာဏာအပ်နှင်းထားသည့်အရာရှိ၏ ရှာဖွေစစ်ဆေးမှုကို ခံယူရမည်။

**ရေဒီယိုကြေးနန်း စက်ပစ္စည်းကိရိယာများ**

၂၂။ (က) ဤနည်းဥပဒေများ၏ အခန်း ၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပေးထားသည့် လိုင်စင်အမျိုးအစားကို ကိုင်ဆောင်ထားခြင်း မရှိပါကမည်သူမျှ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မည်သည့်လေယာဉ်တွင်မဆို ရေဒီယိုတယ်လီဖုန်းစက်ကိရိယာများကို မည်သူမျှ တပ်ဆင်အသုံးမပြုရ။

(ခ) လေယာဉ်တွင် တပ်ဆင်အသုံးပြုသော ရေဒီယိုထုတ်လွှင့်သည့် စက်ကိရိယာများကို ၁၉၈၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ တယ်လီကွန်းဆက်သွယ်ရေးကွန်ဗင်းရှင်း (နိုင်ရိုဘီကွန်ဗင်းရှင်း) တွင် ဖွင့်ဆိုထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ယင်း၏ နောက်ဆက်တွဲပါ အထွေထွေရေဒီယို ဆက်သွယ်ရေးစည်းမျဉ်းများနှင့်အညီ သက်ဆိုင်သမျှ လိုက်နာအသုံးပြုရမည့်

အပြင် ညွှန်ကြားရေးမှူးချုပ်က လေယာဉ်ပျံသန်းစဉ် သုံးခွင့်ပြုထားသည့် အချိန်နာရီများအတွင်းသာ အသုံးပြုရမည်။

(ဂ) ဤနည်းဥပဒေတွင်ပါရှိသည့် သတ်မှတ်ချက်များအပြင် ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ယင်းဥပဒေအရ ပြုလုပ်သည့် ရေဒီယိုကြေးနန်း၊ ရေဒီယိုစက်ကိရိယာများ လိုင်စင်ရှိရန် လိုအပ်သော နည်းဥပဒေများကိုလည်း လိုက်နာရမည်။

**ချောစာများ**

၂၃။ မြန်မာ့စာတိုက်နှင့် ကြေးနန်းလုပ်ငန်းမှ တာဝန်ရှိသူ၏ စာဖြင့် သဘောတူညီချက်မရှိဘဲ မည်သူမျှ မည်သည့်လေယာဉ်ကွင်းတွင်မဆို ချောစာသယ်ဆောင်ခြင်း သို့မဟုတ် သယ်ဆောင်ရန် ခွင့်ပြုခြင်းမပြုရ။

**လေယာဉ်ကွင်းများ**

၂၄။ (က) ဤနည်းဥပဒေများ၏ အခန်း (၉) ပါ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ထုတ်ပေးထားသော သို့မဟုတ် ခွင့်ပြုထားသော လေယာဉ်ကွင်းမှအပ ခရီးသည်များကို အခကြေးငွေ သို့မဟုတ် အခကြေးငွေ ကင်းလွတ်ခွင့် (Reward) ဖြင့် သယ်ဆောင်သည့်လေယာဉ်ဖြင့် အစီအစဉ်အရ ဆင်းသက်ရန်နှင့် ထွက်ခွာရန်အတွက်လည်းကောင်း၊ ပုံမှန်လေကြောင်းပို့ဆောင်ရေး ခရီးစဉ်များပျံသန်းသည့်လေယာဉ်ဖြင့် အချိန်မှန်ဆင်းသက်ရန်နှင့် ထွက်ခွာရန်အတွက် လည်းကောင်း မည်သည့်လေယာဉ်မှူး သို့မဟုတ် လေယာဉ်တာဝန်ခံမဆို မည်သည့်နေရာကိုမျှ အသုံးမပြုရ။

(ခ) နည်းဥပဒေခွဲ (က) တွင် ဖော်ပြထားသည့် လေယာဉ်ကွင်းမှအပ အခြားလေယာဉ်ကွင်းတစ်ခု၏ မည်သည့်ပိုင်ရှင်မဆို ၎င်း၏လေယာဉ်ကွင်းကို နည်းဥပဒေခွဲနှင့် ဆန့်ကျင်၍ အသုံးပြုရန် ခွင့်မပြုရ။

(ဂ) ဤနည်းဥပဒေများနှင့်အညီ လေယာဉ်ပေါ်တွင် ပါရှိသူမှအပ မည်သူမျှ ခွင့်ပြုချက်ရ သို့မဟုတ် လိုင်စင်ရလေယာဉ်ကွင်းတစ်ခု၏ လေယာဉ်ဆင်းသက်ရန်နေရာ၊ လှုပ်ရှားသွားလာနေသည့်နေရာတို့တွင် ထိုလေယာဉ်ကွင်း

တာဝန်ခံ၏ သဘောတူညီချက်မရရှိဘဲ ဝင်ရောက်ခြင်းမပြုရ။

**တားမြစ်နယ်မြေများ**

၂၅။ (က) နောက်ဆက်တွဲဇယား ၁ တွင် သတ်မှတ်ထားသည့် နယ်မြေတစ်ခုခုအပေါ်မှ အဆိုပါဇယားတွင် သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် အညီမှတစ်ပါး မည်သူမျှ လေယာဉ်ဖြတ်ကျော်ပျံသန်းခြင်း သို့မဟုတ် ဖြတ်ကျော်ပျံသန်းရာတွင် ကူညီခြင်းမပြုရ၊

(ခ) လေယာဉ်မှူးတိုင်းက မိမိမောင်းနှင်နေသည့်လေယာဉ်သည် နည်းဥပဒေခွဲ (က) နှင့်ဆန့်ကျင်၍ တားမြစ်နယ်မြေတစ်ခုပေါ်သို့ ရောက်ရှိနေကြောင်း သိလျှင်သိခြင်း နည်းဥပဒေ ၂၉ တွင် ရည်ညွှန်းသတ်မှတ်ထားသည့် ဘေးအန္တရာယ်ကျရောက်နေသည့်အချက်ပြပြီး တားမြစ်နယ်မြေ၏ ပြင်ပ မြန်မာနိုင်ငံအတွင်းရှိ အနီးဆုံးလေယာဉ်ကွင်းတစ်ခုခုတွင် အမြန်ဆုံး ဆင်းသက်ရမည်။

သို့ရာတွင် အဆိုပါလေယာဉ်မှူးသည် ရာသီဥတုဒဏ် သို့မဟုတ် အခြားမလွှဲမရှောင်သာသော အကြောင်းတစ်ခုခု၏ လှုံ့ဆော်မှုကြောင့်မှအပ တားမြစ်နယ်မြေအတွင်းသို့ ရှေ့တိုးဝင်ရောက်ခြင်း သို့မဟုတ် တားမြစ်နယ်မြေအပေါ် ရှိနေဆဲအချိန်တွင် စတင်ဆင်းသက်ခြင်း မပြုလုပ်ရ။

(ဂ) ကန့်သတ်နယ်မြေ၊ တားမြစ်နယ်မြေ သို့မဟုတ် ဘေးအန္တရာယ်ရှိသော နယ်မြေအနီးမှ ပျံသန်းနေသော လေယာဉ်တစ်စီးအား နည်းဥပဒေ ၂၉ ကို ကိုးကား၍ သတိပေးသည့် အချက်ပြမီးများပြသည့်အခါ လေယာဉ်မှူးသည် လေယာဉ်၏လမ်းကြောင်းကို ချက်ချင်းပြောင်း၍ ထိုတားမြစ်နယ်မြေအတွင်းမှ ထွက်ခွာပျံသန်းသွားရမည်။

(ဃ) နည်းဥပဒေ ၂၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လေယာဉ်ကွင်း ထိန်းချုပ်မျှော်စင်မှ အချက်ပြမီးနှင့် အရောင်များပြလာသည့်အခါ လေယာဉ်မှူးသည် နည်းဥပဒေခွဲ (ခ) တွင် ရည်ညွှန်းထားသည့် အချက်ပြမီးကို ချက်ချင်းပြပြီး ထိုနည်းဥပဒေခွဲနှင့်အညီ လေယာဉ်ကို ဆင်းသက်ရမည်။

**လေယာဉ်ကွင်းတွင်ဖြစ်စေ၊ လေယာဉ်မှဖြစ်စေ ဓာတ်ပုံရိုက်ခြင်း**

၂၆။ မည်သူမျှ အစိုးရလေယာဉ်ကွင်းတွင်ဖြစ်စေ၊ လေယာဉ်ပျံသန်းစဉ် လေယာဉ်ပေါ်မှ ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်စာပါ စည်းကမ်းချက်များနှင့်မညီဘဲ ဓာတ်ပုံရိုက်ခြင်း၊ ဓာတ်ပုံရိုက်စေခြင်း သို့မဟုတ် ရိုက်ခွင့်ပြုခြင်း မပြုလုပ်ရ။

သို့ရာတွင် ဦးစီးဌာနသည် တရားဝင်ပြန်တမ်းတွင် ထည့်သွင်းအသိပေးခြင်းဖြင့် မည်သည့်အစိုးရပိုင်လေယာဉ်ကွင်း သို့မဟုတ် မည်သည့်အစိုးရပိုင်လေယာဉ်ကွင်းက သတ်မှတ်ထားသည့် နယ်မြေအတွင်း ဤကန့်သတ်ချက်များသည် မည်သည့် ဓာတ်ပုံရိုက်ကူးခြင်းကိုမဆို သက်ရောက်မှုမရှိစေရကြောင်း အခါအားလျော်စွာ ညွှန်ကြားနိုင်သည်။

**အချို့သောလေယာဉ်များအတွက် သီးသန့်ထားသည့် ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်နှင့် အများပြည်သူ သယ်ယူပို့ဆောင်ခြင်း**

၂၇။ ဤနည်းဥပဒေများ၏ အခန်း (၄)၊ နည်းဥပဒေ ၄၇ ပါ အတန်းအစား "ခ" နှင့် အညီ မှတ်ပုံတင်ထားသည့် မည်သည့်လေယာဉ်မဆို ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ် သို့မဟုတ် အများပြည်သူသယ်ယူပို့ဆောင်သည့် လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်အဖြစ်အသုံးမပြုရ။

သို့ရာတွင် အခန်း (၄)၊ နည်းဥပဒေ ၄၇ ပါ အတန်းအစား "က" နှင့်အညီ မှတ်ပုံတင်ထားသည့် လေယာဉ်များမှအပ ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ် သို့မဟုတ် အများပြည်သူသယ်ယူပို့ဆောင်သည့် လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်အဖြစ် ဝန်ကြီးဌာနက အခါအားလျော်စွာ ခွင့်ပြုခြင်း သို့မဟုတ် ကန့်သတ်ချက်များဖြင့် ခွင့်ပြုခြင်းပြုလုပ်နိုင်သည်။ ထိုသို့သော ကန့်သတ်ချက်များကို ထိုလေယာဉ်၏ ပိုင်ရှင် သို့မဟုတ် ထိုလေယာဉ်ဖြင့် လုပ်ငန်းဆောင်ရွက်သူထံစာဖြင့် အကြောင်းကြားပြီးပါက တရားဝင် သတ်မှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**လေယာဉ်များ ပျံသန်းစဉ် လိုက်နာရမည့် စည်းကမ်းချက်များ**

၂၈။ မည်သည့် နိုင်ငံတကာပျံသန်းသည့် လေယာဉ်၊ ခရီးသည်သယ်ဆောင်သည့် လေယာဉ်၊ ကုန်စည်သယ်ဆောင်သည့် လေယာဉ်၊ ချောစာသယ်ဆောင်သည့် လေယာဉ်

သို့မဟုတ် ငှားရမ်းသူ သို့မဟုတ် အခြားတစ်ဦးတစ်ယောက်က မောင်းနှင်ရန် ငှားရမ်းသည့် လေယာဉ်မဆို အောက်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိလျှင် ပျံသန်းခြင်း မပြုရ-

(က) လေယာဉ်သည် ဝေဟင်တွင်စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ရှိထားပြီး အခန်း (၆) ၏ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်မဟုတ်ပါက ထိုလေယာဉ်မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံ၏ စည်းမျဉ်းများနှင့်အညီ လေကြောင်းကြွခိုင်မှုရှိသည့် အနေအထားတွင် ထိန်းသိမ်းထားရှိရမည်။

(ခ) ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကိုထုတ်ပေးခဲ့ရာတွင် အခြေခံသည့် စည်းကမ်းသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာရမည်။

(ဂ) အခန်း (၆) ၏ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ လေယာဉ်မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံ၏ စည်းမျဉ်းများအရ လည်းကောင်း လေယာဉ်ပေါ်တွင် တင်ဆောင်ထားရန်လိုအပ်သည့် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်နှင့် အခြားအသိအမှတ်ပြု လက်မှတ်များကို တင်ဆောင်ထားရမည်။

(ဃ) လေယာဉ်အတန်းအစား သို့မဟုတ် အမျိုးအစားအတွက် အခန်း (၆) တွင် ပြဋ္ဌာန်းထားသည့် ချိန်ခွက်နှင့် စက်ပစ္စည်းများကို ကောင်းစွာအလုပ်လုပ်နိုင်သည့် အခြေအနေဖြင့် လေယာဉ်တွင် တပ်ဆင်ထားရမည်။

သို့ရာတွင် ဦးစီးဌာနက စာဖြင့်ထုတ်ပြန်သည့် အမိန့်နှင့် အဆိုပါအမိန့်တွင် ဖော်ပြသည့် စည်းကမ်းချက်များနှင့်အညီ မည်သည့်လေယာဉ်ကိုမဆို ဤနည်းဥပဒေ၏ သက်ရောက်မှုမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေအလို့ငှာ၊ လေယာဉ်မောင်းအသင်း သို့မဟုတ် လေယာဉ်မောင်းသင်တန်းကျောင်းမှ သင်ကြားမှု သို့မဟုတ် အခြားရည်ရွယ်ချက်အတွက် အသင်းဝင် သို့မဟုတ် သင်တန်းသားကို အခကြေးငွေဖြင့် လေယာဉ်ကို အသုံးပြုစေခြင်းကို အခကြေးငွေဖြင့် ငှားရမ်း

ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

**လေကြောင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ**

၂၉။ မည်သူမဆို ဦးစီးဌာနက ထုတ်ပြန်သည့် မိမိနှင့်သက်ဆိုင်သော မြန်မာနိုင်ငံမြို့ပြ လေကြောင်းဆိုင်ရာ သတ်မှတ်ချက်များ (Myanmar Civil Aviation Requirements) ကို လိုက်နာရမည်။ လေယာဉ်တစ်စီးပေါ်ရှိ လေယာဉ်အမှုထမ်း၊ လေယာဉ်မှူးတိုင်းနှင့် တာဝန်ခံကြီးကြပ်သူတိုင်းသည် လေယာဉ်ပျံသန်းနေသည့်အချိန်တွင် လည်းကောင်း၊ မြေပြင် သို့မဟုတ် ရေပြင်ပေါ်တွင် လှုပ်ရှားသွားလာနေသည့် အချိန်တွင် လည်းကောင်း၊ လေယာဉ်မှူးများက ရှေ့ဘက်နှင့်ဘေးဘက်သို့ ကြည့်ရာတွင် မြင်ကွင်းပိတ်မနေစေရေး အတွက် လေယာဉ်၏ပြတင်းပေါက်၊ လေကာမှန်နှင့် ဘေးမှန်တို့ကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ရမည်။

**အခန်း (၃)**

**ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ ယေဘုယျ သတ်မှတ်ချက်များ**

**ဘေးအန္တရာယ်ရှိသော ပျံသန်းမှုများ**

၃၀။ ပင်လယ်ပြင်အထက် အမြင့်ပေ (Altitude) နိမ့်နေသည့် အခြေအနေ သို့မဟုတ် လူများနှင့် လူနေအိမ်များနှင့် အနီးကပ်ဆုံးအခြေအနေမျိုးတွင် သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် တစ်ဦးဦး သို့မဟုတ် ပစ္စည်းတစ်ခုခုကို မလိုအပ်ဘဲ ဘေးအန္တရာယ်ဖြစ်စေမည့် အခြေအနေမျိုးတွင် သော်လည်းကောင်း မည်သူမျှ လေယာဉ် ပျံသန်းခြင်း မပြုရ။

**မြို့တော် စသည်တို့အပေါ်မှ ပျံသန်းခြင်း**

၃၁။ မည်သည့်လေယာဉ်မှူးမဆို အရေးပေါ် အခြေအနေတွင် မြို့တော်၊ မြို့၊ ကျေးရွာ သို့မဟုတ် အခြားလူဦးရေထူထပ်သည့် နေရာများ၏ အပြင်ဘက်တွင် ပင်လယ်ပြင် အထက် အမြင့်ပေ ၁၀၀၀ ထက်လျော့နည်း၍ ပျံသန်းဆင်းသက်သည့် ကိစ္စမှအပ မည်သည့် မြို့တော်၊ မြို့၊ ကျေးရွာ သို့မဟုတ် အခြားလူခြေထူထပ်သည့်နေရာများ အပေါ်

မှ မည်သည့်လေယာဉ်မောင်းကမဆို ပင်လယ်ပြင်အထက်ပေ ၁ဝဝဝ ထက်နိမ့်၍ လေယာဉ်ကို ပျံသန်းခြင်း သို့မဟုတ် လေယာဉ်တာဝန်ခံမှ ပျံသန်းခွင့်ပြုခြင်း မပြုလုပ်ရ။

သို့ရာတွင် ဤတားမြစ်ချက်သည် လိုင်စင်ရလေယာဉ်ကွင်း သို့မဟုတ် အစိုးရလေယာဉ်ကွင်း တစ်ခုခု၏ ရေမိုင်တစ်မိုင် အကွာအဝေးအတွင်းတွင် သက်ရောက်မှုမရှိစေရ။

**မြေပြင်ရေပြင်အထက် ပျံသန်းခြင်း**

၃၂။ လေယာဉ်မှူးသည် မည်သည့်လေယာဉ်ကိုမဆို မြေပြင် သို့မဟုတ် ရေပြင်အထက် (Surface of the Water) ပေ ၅ဝဝ ထက်လျော့နည်း၍ ပျံသန်းခြင်းမပြုရ။ ထို့ပြင် မည်သည့်ကြီးကြပ်သူမျှ ထိုအမြင့်ပေအောက် လျော့နည်း၍ ပျံသန်းစေရန် ခွင့်မပြုရ။

**မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးများသောက်သုံးမှုကို တားမြစ်ခြင်း**

၃၃။ (က) (၁) လေယာဉ်မှူးကြီး၊ လေယာဉ်မှူး၊ လေကြောင်းလမ်းပြ၊ အင်ဂျင်နီယာ၊ လေယာဉ်မောင်၊ လေယာဉ်မယ် သို့မဟုတ် လုပ်ငန်းလုပ်ဆောင်သည့်လေယာဉ်အဖွဲ့သား သို့မဟုတ် ၎င်းတာဝန်တစ်ခုခုကို ထမ်းဆောင်ရန် လေယာဉ်ပေါ်တွင် လိုက်ပါသော မည်သည့်ပုဂ္ဂိုလ်မဆို လေယာဉ်စတင်မပျံသန်းမီ ၁၂ နာရီအတွင်း သို့မဟုတ် လေယာဉ်ပျံသန်းနေစဉ်အတွင်း မည်သည့်အရက်သေစာ၊ အိပ်ဆေး၊ မူးယစ်ဆေး သို့မဟုတ် စိတ်ကြွဆေးဖြစ်စေ၊ ဖော်စပ်ထားသောဆေးဖြစ်စေ သောက်သုံးခြင်း မပြုရ။

(၂) အရက်သေစာ၊ အိပ်ဆေး၊ မူးယစ်ဆေး သို့မဟုတ် စိတ်ကြွဆေးဖြစ်စေ၊ ဖော်စပ်ထားသောဆေးဖြစ်စေ သောက်သုံးထားခြင်းကြောင့် အထက်ပါပုဂ္ဂိုလ်တစ်ဦးဦး၏ လုပ်ငန်းလုပ်ဆောင်နိုင်ရေးကို ထိခိုက်နှောင့်ယှက်စေနိုင်သည်အထိ မူးယစ်နေခြင်း သို့မဟုတ် အရက်နံ့ရနေခြင်း သို့မဟုတ် ဆီးနှင့်သွေးစစ်ဆေးရာတွင် အရက်ပါဝင်မှုတွေ့ရှိခြင်း မရှိစေရ။

(၃) အခြားမည်သူမဆို မူးယစ်နေစဉ် လေယာဉ်ပေါ်သို့ ဝင်ရောက်ခြင်း သို့မဟုတ် ရောက်ရှိနေခြင်း မရှိစေရ။

(ခ) မြန်မာနိုင်ငံအတွင်း ပြည်တွင်းလေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသော မည်သည့်လုပ်ငန်းရှင်မဆို ၎င်းလုပ်ငန်း ဆောင်ရွက်သည့် လေယာဉ်များပေါ်တွင် မည့်သည့်အရက်သေစာကိုမျှ မရောင်းရ။ လေယာဉ်ဖြင့်လိုက်ပါသည့် မည်သူမဆိုသည်လည်း လေယာဉ်ပေါ်၌ အရက်မသောက်ရ။

(ဂ) လိုင်စင်ကိုင်ဆောင်သူများသည် ၎င်းတို့လိုင်စင်နှင့် အရည်အသွေးစံနှုန်းများ၏ အထူးအခွင့်အရေးများကို ဘေးကင်းစွာနှင့် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း မပြုနိုင်စေမည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးတစ်မျိုးမျိုး၏ သက်ရောက်မှုအောက်တွင် ရှိနေစဉ် ၎င်းတို့လိုင်စင်နှင့် အရည်အသွေးစံနှုန်းများ၏ အထူးအခွင့်အရေးများကို မကျင့်သုံးရ။

(ဃ) လိုင်စင်ကိုင်ဆောင်ထားသူ မည်သူမဆို စွမ်းဆောင်ရည်ကို ထိခိုက်နိုင်သော စိတ်ကိုပြောင်းလဲစေသော အရာများကို သုံးစွဲခြင်းမပြုရ။

**လေယာဉ်တွင် စိတ်မနှံ့သူ သို့မဟုတ် ဝက်ရူးပြန်ရောဂါရှိသူကို သယ်ဆောင်ခြင်း**

၃၄။ မည်သည့်လေယာဉ်ဖြင့်မဆို စိတ်မနှံ့သူ သို့မဟုတ် ဝက်ရူးပြန်ရောဂါရှိသူကို သိလျက်ဖြင့်ဖြစ်စေ သို့မဟုတ် မသိကျေးကျွန်ပြုလျက်ဖြင့်ဖြစ်စေ သယ်ဆောင်ခြင်း မပြုရ။

သို့ရာတွင် ဤတားမြစ်ချက်သည် အသိအမှတ်ပြုလက်မှတ်ရ ဆရာဝန်က လေယာဉ်ကို ဖြစ်စေ၊ အခြားခရီးသည်များကိုဖြစ်စေ တစ်စုံတစ်ရာအန္တရာယ်မပြုနိုင်ဟု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသောသူ တစ်ဦးတစ်ယောက်ကို သယ်ဆောင်ခြင်းအား တားမြစ်ခြင်းမပြုရ။ ထို့အပြင် အောက်ပါသူများနှင့်လည်း မသက်ဆိုင်စေရ-

(က) လေကြောင်းခရီးစဉ် မတိုင်မီ ၁၂ နာရီအတွင်း အရက် သို့မဟုတ် သုံးစွဲရန် အသင့်ဖော်စပ်ထားသော မူးယစ်ဆေးဝါးများ သောက်စားထားခြင်း မရှိသူ

သို့မဟုတ် အသုံးပြုထားခြင်း မရှိသူ၊

(ခ) လေကြောင်းခရီးစဉ်အတွင်းနှင့် ခရီးအဆုံးထိ အကယ်၍ စိတ်လှုပ်ရှားသော အခြေအနေမျိုးတွင် သင့်တင့်လျော်ကန်သော စိတ်ငြိမ်ဆေးဖြင့် ထိန်းသိမ်းထားနိုင်သောသူ၊

(ဂ) အဖော်တစ်ယောက်အတူ လိုက်ပါပြီး အကယ်၍ လေကြောင်းခရီးစဉ် မတိုင်မီ ရက်သတ္တပတ် ၂ ပတ်အတွင်း စိတ်ငြိမ်ဆေးသုံးစွဲထားရန် လိုအပ်ခဲ့လျှင်၊ အသိအမှတ်ပြုဆေးပညာကျွမ်းကျင်သူနှင့်အတူ လိုက်ပါလျက် ၎င်းကို အရက် သို့မဟုတ် သုံးစွဲရန်အသင့်ဖော်စပ်ထားသော မူးယစ်ဆေးဝါးများ သောက်သုံးထားခြင်းမရှိအောင် သေချာစေပြီး ခရီးစဉ်အတွင်းနှင့် ခရီးစဉ်အဆုံးထိ စိတ်ငြိမ်ဆေးဖြင့် ထိန်းသိမ်းထားနိုင်သောသူ။

**လေယာဉ်တွင် အကျဉ်းသားများကို သယ်ဆောင်ခြင်း**

၃၅။ ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အရာရှိတစ်ဦးဦးကဖြစ်စေ အခြေအနေတစ်ရပ်ရပ်ပေါ် မူတည်ပြီး စာဖြင့်ခွင့်ပြုချက်တွင် စည်းကမ်းချက်များသတ်မှတ်၍ သယ်ဆောင်ခွင့်ပြုသော အကျဉ်းသားမှအပ မည်သည့်အကျဉ်းသားကိုမျှ လေယာဉ်ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် လေယာဉ်ဖြင့် သယ်ဆောင်သွားခြင်းမပြုရ။

**လေယာဉ်တွင် တိရစ္ဆာန်၊ ငှက်နှင့် တွားသွားသတ္တဝါများကို သယ်ဆောင်ခြင်း**

၃၆။ ညွှန်ကြားရေးမှူးချုပ်က အခြေအနေတစ်ရပ်ရပ်ပေါ်မူတည်ပြီး စာဖြင့်ခွင့်ပြုချက်တွင် စည်းကမ်းချက်များသတ်မှတ်၍ သယ်ဆောင်ခွင့်ပြုသောတိရစ္ဆာန်၊ ငှက်နှင့် တွားသွားသတ္တဝါများမှအပ မည်သည့်တိရစ္ဆာန်၊ ငှက်နှင့်တွားသွားသတ္တဝါများကို မြန်မာနိုင်ငံအတွင်းနှင့် မြန်မာနိုင်ငံမှ ထွက်ခွာသည့် လေယာဉ်ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် လေယာဉ်ဖြင့် သယ်ဆောင်သွားခြင်းမပြုရ။

**လေယာဉ်ပေါ်တွင် ဆေးလိပ်သောက်ခြင်း**

၃၇။ (က) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်တိုင်း၏ ပိုင်ရှင် သို့မဟုတ် လေယာဉ်လုပ်ငန်းဆောင်ရွက်သူနှင့် လေယာဉ်မှူးကြီးတို့သည် လေယာဉ်ပေါ်တွင် ဆေးလိပ်မသောက်ရဟု တားမြစ်သည့်သတိပေးချက်ကို လေယာဉ်ပေါ်၌ ထင်ရှားမြင်သာသည့်နေရာတွင် ပြသထားရမည်။

(ခ) မည်သူမျှ လေယာဉ်၏နေရာတစ်ခုခုတွင်ဖြစ်စေ၊ လေယာဉ်အနီးအနားဖြစ်စေ စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးတံ သို့မဟုတ် အလားတူ ကိရိယာတစ်ခုခုအပါအဝင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသည့် ဆေးလိပ်ကို ကိုင်ဆောင်ထားခြင်းမပြုရ။

**လေယာဉ်ကို ဆီဖြည့်ခြင်း**

၃၈။ (က) မည်သည့်လေယာဉ်မဆို ၎င်း၏ဆီတိုင်ကီများသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိအမှတ်ပြုထားသော အထူးတည်ဆောက်ထားသည့် ဆီသယ်ယာဉ်များ သို့မဟုတ် ဝမ်းပြားရေယာဉ်တို့မှလွဲ၍ လေယာဉ်ဆီကို အလုံးအခဲလိုက် သယ်ဆောင်သည့် အခြားယာဉ် သို့မဟုတ် ရေယာဉ်များထံမှ ဆီထည့်ခြင်း သို့မဟုတ် ဖြည့်တင်းခြင်းမပြုလုပ်ရ။

(ခ) လေယာဉ်ကို ဆီဖြည့်ခြင်း၊ ဆီတိုင်ကီမှ ဆီဖောက်ထုတ်ခြင်းစသည့် ဆီဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါသတိပြုရန် အချက်များကို လိုက်နာရမည်-

(၁) လေယာဉ်ဆီဖြည့်ခြင်းကို အဆောက်အဦပြင်ပနှင့် အဆောက်အဦမှ အနည်းဆုံး ၁၅ မီတာအကွာတွင် ဆောင်ရွက်ရမည်။

(၂) ဆေးလိပ်မသောက်ရ သတိပေးအမှတ်အသားကို သိသာထင်ရှားစွာ ဖော်ပြထားရမည်။

(၃) ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးတောက်စေသော သို့မဟုတ် မီးပွားထွက်စေသော ပစ္စည်းတစ်မျိုးမျိုး သို့မဟုတ် လောင်ကျွမ်းလွယ်

သည့် အခိုးအငွေ့များကို တောက်လောင်စေနိုင်သည့် အခြားမီး သို့မဟုတ် အပူရှိန် သို့မဟုတ် အလင်းရောင်ထုတ်လွှတ်နိုင်သည့် အရာများသည် လေယာဉ် သို့မဟုတ် ဆီဖြည့်ပေးသည့်ကိရိယာများ နှင့် မီတာ ၃၀ အကွာအဝေးအတွင်း မရှိစေရ၊

(၄) လေယာဉ်အင်ဂျင်ကို မနှိုးရ၊ မဖွင့်ရ၊ လေယာဉ်စက်နှိုးခလုတ်ကို ပိတ်သည့်အနေအထားတွင် ထားရှိရမည်။

(၅) လေယာဉ်၏ရေဒါ၊ ရေဒီယိုစနစ်ကို မဖွင့်ရ၊ ယင်းနှင့်ဆက်စပ်သည့် ခလုတ်များကို ပိတ်သည့်အနေအထားတွင် ထားရှိရမည်။ ခြွင်းချက်အဖြစ် ဖော်ပြပါကန့်သတ်ချက်များသည် အောက်ပါလျှပ်စီး ပတ်လမ်းများကို ထိန်းချုပ်သည့် လျှပ်စစ်ခလုတ်များနှင့် သက်ဆိုင် ခြင်းမရှိစေရ-

(ကက) ဆီဖြည့်ရန်လိုအပ်သည့် စက်စွမ်းအားနှင့် အလင်းရောင်၊

(ခခ) လေယာဉ်အတွင်းခန်းအတွက် လိုအပ်သော အနည်းဆုံး အလင်းရောင်ပမာဏ၊

(ဂဂ) လေယာဉ်၏ရပ်နားမီး၊ အဆိုပါလျှပ်စစ်ခလုတ်များကို ဆီ ဖြည့်နေစဉ်အတွင်း မူလအတိုင်း ထားရှိရမည်။

(၆) မြေပြင်မှလျှပ်စစ်ပေးစနစ်၊ လေအေးပေးစနစ်၊ ဆွဲကားနှင့်အလားတူ ကိရိယာများအသုံးပြုခြင်းကို အောက်ဖော်ပြပါ အခြေအနေများ လိုက်နာစေလျက် ခွင့်ပြုပေးနိုင်သည်-

(ကက) အန္တရာယ်သတိပေး ဇရိယာအမှတ်အသားကြိုးများ သုံးစွဲ ခြင်း၊

(ခခ) အဆိုပါကိရိယာများကို “အန္တရာယ်ဇုန်” ဖြစ်သော လေယာဉ် ပျံတောင်ပံများနှင့် ဆီဖြည့်ပေးသည့်ကိရိယာများမှ ၃ မီတာ အကွာအဝေးရှိအမှတ်များကို ဆက်သွယ်ခြင်းဖြင့် ဖြစ်ပေါ် လာသည့် အကြီးဆုံးဇရိယာဟု မှတ်ယူရမည့် ပြင်ပတွင် ထားရှိခြင်း၊

(ဂဂ) အသုံးပြုမည့်စနစ်နှင့် ဆက်စပ်လျှပ်စစ်ပစ္စည်းများသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိအမှတ်ပြုထားသော မီးလောင်ဒဏ်ခံနိုင်သောအမျိုးအစား ဖြစ်ရမည်။ သို့မဟုတ် အဆိုပါ ပစ္စည်းများကို လေယာဉ်နှင့် ဆီဖြည့်ယာဉ်များမှ ဓာတ်ဆီ သို့မဟုတ် လောင်ကျွမ်းလွယ် လောင်စာဖြစ်လျှင် ၁၅ မီတာထက်မနည်းသော အကွာအဝေးတွင်လည်းကောင်း၊ အဆင့်မြင့်ရေနံဆီဖြစ်လျှင် ၆ မီတာထက်မနည်းသော အကွာအဝေးတွင်လည်းကောင်း ထားရှိခြင်း၊

(ဃဃ) အဆိုပါကိရိယာများကို ဆီဖြည့်နေစဉ် ဖွင့်ခြင်း သို့မဟုတ် ပိတ်ခြင်းတို့ကို ဆောင်ရွက်ရခြင်း၊

(၇) လေယာဉ်၊ ၎င်း၏ဆီတိုင်ကီများနှင့် ဆီဖြည့်ပေးသည့် စက်ကိရိယာ၏သတ္တုအစိတ်အပိုင်းအားလုံးကို လျှပ်စီးများဖြင့် ဆက်သွယ်ပြီး မြေစိုက်ကြိုးကို စနစ်တကျ ချထားရမည်။

(၈) လေကြောင်းလိုင်းဝန်ထမ်း၊ ဆီဖြည့်ဝန်ထမ်း၊ ဦးစီးဌာန၊ အကောက်ခွန်နှင့် ရဲအရာရှိမှအပ မည်သူတစ်ဦးတစ်ယောက်မျှ လေယာဉ်နှင့် ၁၅ မီတာအကွာအတွင်း မရှိစေရ။

(၉) ခရီးသည်သယ်ဆောင်သည့် လေယာဉ်ကို ဆီဖြည့်နေစဉ်အတွင်း အောက်ပါအချက်များနှင့် ညီညွတ်ပါက ခရီးသည်များအတက်၊ အဆင်းပြုလုပ်ခြင်း သို့မဟုတ် လေယာဉ်၏ ခရီးသည်အခန်းအတွင်း နေခွင့်ပြုနိုင်သည်-

(ကက) လေယာဉ်မောင် သို့မဟုတ် လေယာဉ်မယ်တစ်ဦးအား လေယာဉ်ခရီးသည်အခန်းအတွင်း တာဝန်ချထားရမည်။ အဆိုပါ လေယာဉ်မောင် သို့မဟုတ် လေယာဉ်မယ်သည် လေယာဉ်ခရီးသည်အခန်းအတွင်း ဆေးလိပ်မသောက်ရန်နှင့် အခြားမီးလောင်မှုဖြစ်ပွားစေသော အရာများကို ခွင့်မပြုရန် ကြီးကြပ်ရမည်။ မီးလောင်မှုဖြစ်ပွားခဲ့လျှင် ခရီးသည်များကို ဖယ်ထုတ်ပေးနိုင်ရေးအတွက် ကူညီရမည်။

(ခခ) ခရီးသည်အတင်အချလှေကားကို လေယာဉ်၏ ခရီးသည် ထွက်ပေါက်နှင့် မှန်ကန်စွာနေရာချထားရန်နှင့် ခရီးသည်များ ထွက်ပေါက်တစ်ခုတည်းမှ ထွက်ခွာရန် ကြိုးစားခဲ့ပါက လေယာဉ်၏မျှခြေအား ထိန်းသိမ်းထားရန် လုံလောက်သော အစီအမံများ ထားရှိရမည်။

(ဂဂ) ရေပေါ်တွင် အတက်အဆင်းပြုလုပ်နိုင်သော လေယာဉ်ဖြစ်ပါက အရေးပေါ်အခြေအနေတွင် ခရီးသည်များဆင်းနိုင်ရန်အတွက် သင့်လျော်သည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးယာဉ်များကို အဆိုပါလေယာဉ်၏ ထွက်ပေါက်တွင် ထားရှိရမည်။

(၁၀) မီးလောင်မှုဖြစ်ပွားစေသည့် အကြောင်းရင်းကို လျှော့ချနိုင်သည့် လုံလောက်သည့် အစီအမံမရှိပါက လေယာဉ်ဆီဖြည့်နေစဉ်အတွင်း လေယာဉ်ပတ်ဝန်းကျင်နှင့် လေယာဉ်အတွင်း ကုန်စည်နှင့် ခရီးဆောင်အိတ်များကို အတင်အချ မပြုလုပ်ရ။

(၁၁) လေယာဉ်ဆီဖြည့်နေစဉ်အတွင်း ဆီငွေ့အား မီးလောင်မှုဖြစ်စေသော အရင်းအမြစ်ဖြစ်စေသည့် လေယာဉ်ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်ခြင်း မပြုရ။

(၁၂) ဦးစီးဌာနက အသိအမှတ်ပြုအမျိုးအစားနှင့် လုံလောက်သော အရေအတွက်ရှိသည့် မီးသတ်ဆေးဘူးများကို ချက်ချင်းအသုံးပြုနိုင်ရန် လေယာဉ်အနီးတွင် ထားရှိရမည်။

(၁၃) လေယာဉ်ဆီဖိတ်စင်ခြင်း ဖြစ်ပေါ်ပါက ဆီဖြည့်ခြင်းကို ရပ်ဆိုင်းရန်နှင့် မြေပြင်မှ လျှပ်စစ်ပေးစနစ်အား ရပ်ဆိုင်းရန်၊ သို့ရာတွင် ထိုသို့ မြေပြင်မှ လျှပ်စစ်ပေးစနစ်အား ရပ်ဆိုင်းရန်မှအပ လျှပ်စီးပတ်လမ်းနှင့် လျှပ်စစ်ခလုတ်များကို မထိမကိုင်ရ။ ဆီဖြည့်ခြင်းကို ပြန်လည်မစမီ ဖိတ်စင်ထားသော လေယာဉ်ဆီများကို ရှင်းလင်းရမည်။ ဖိတ်စင်လေယာဉ်ဆီများကို ရေဆိုးပိုက်နှင့် မြောင်းများအတွင်းသို့ စွန့်ပစ်ခြင်း မပြုရ။

(၁၄) လှုပ်ရှားသွားလာနေသော အခြားဂျက်လေယာဉ်၏ ဂျက်အင်ဂျင်အပူလှိုင်းများ ဆီဖြည့်နေသောလေယာဉ်မှ ၄၃ မီတာအတွင်း ရောက်ရှိလာသည့် အနေအထားဖြစ်ပါက လေယာဉ်ဆီဖြည့်ခြင်းကို ရပ်ဆိုင်းရမည်။

***ရှင်းလင်းချက်။*** နည်းဥပဒေ ၃၈၊ အပိုဒ်ခွဲ (ခ) အပိုဒ် (၆) ပါ ပြဋ္ဌာန်းချက်သည် လေယာဉ်ကိုဆီဖြည့်ရန် အရန်လျှပ်စစ် အထောက်အပံ့အဖြစ် အသုံးပြုသော မြေပြင်သုံး ဘတ်ထရီကို ဆီဖြည့်နေစဉ်အတွင်း ဖြုတ်ခြင်း၊ တပ်ခြင်း မရှိစေဘဲ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**လေယာဉ်၏ သတ်မှတ်ထားသည့် နေရာမဟုတ်သော နေရာများတွင် လူများသယ်ဆောင်ခြင်း**

၃၉။ လေယာဉ်၏အတောင်ပံများ သို့မဟုတ် ဘီးအုံများတွင် လည်းကောင်း၊ လူ သို့မဟုတ် ခရီးသည်များစီးနင်းရန်အတွက် မရည်ရွယ်သည့် လေယာဉ်အစိတ်အပိုင်း တစ်ခုခုအပေါ် သို့မဟုတ် အတွင်းတွင် လည်းကောင်း၊ လေယာဉ်၏အပြင်ဘက်တွင် တပ်ဆင်ထားသည့် မည်သည့်အရာအပေါ် သို့မဟုတ် အတွင်းတွင် လည်းကောင်း မည်သူကိုမျှ မည်သည့်အချိန်တွင်မဆို တင်ဆောင်၍ မသယ်ရ။

သို့ရာတွင် -

(က) ဤနည်းဥပဒေပါ မည်သည့်သတ်မှတ်ချက်ကမဆို လူတစ်ဦးတစ်ယောက်က အောက်ပါအတိုင်း ခေတ္တဝင်ရောက်ခြင်းကို တားမြစ်ခြင်းမရှိစေရ-

(၁) လေယာဉ် သို့မဟုတ် လေယာဉ်တွင် သယ်ဆောင်သည့် လူနှင့် ကုန်ပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းမှုအတွက် တစ်ခုခုဆောင်ရွက်ရန်သော် လည်းကောင်း၊ လေယာဉ်ကိုပြင်ဆင်မှုများ ဆောင်ရွက်ရန် သို့မဟုတ် လေယာဉ်၏စက်ပစ္စည်းများကို ချိန်ညှိရန်အတွက်သော် လည်းကောင်း လေယာဉ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို ဝင်ရောက်ခြင်း၊

(၂) ကုန်ပစ္စည်းများ လေယာဉ်ပေါ်တွင် နေရာတကျထားရှိရေး၊ ထားသိုရေးအတွက် လေယာဉ်ပေါ်ရှိ မည်သည့်နေရာကိုမဆို ဝင်ရောက်ခြင်း။

(ခ) ညွှန်ကြားရေးမှူးချုပ်က စာဖြင့် ခွင့်ပြုချက်တွင်ပါရှိသည့် စည်းကမ်းချက်များနှင့်အညီ လူတစ်ဦးတစ်ယောက်ကို လေယာဉ်ပေါ်တွင်ဖြစ်စေ၊ လေယာဉ်အစိတ်အပိုင်းတစ်ခုခုတွင်ဖြစ်စေ၊ လေယာဉ်တွင် တပ်ဆင်ထားသည့် မည်သည့်အကွရာ၏အပေါ်တွင်ဖြစ်စေ၊ အတွင်းတွင်ဖြစ်စေ သယ်ဆောင်ခြင်း။

**လေယာဉ်ကို ထိန်းချုပ်မောင်းနှင်သော ၁၇ နှစ်အောက် အသက်အရွယ်ရှိသူများအား တားမြစ်ခြင်း**

၄၀။ လုပ်ရှားသွားလာနေသည့် လေယာဉ်ကို ၁၇ နှစ်အောက် အသက်အရွယ်ရှိသည့် မည်သူမဆို လေယာဉ်ကို တစ်ဦးတည်းထိန်းချုပ်မောင်းနှင်ခြင်း မရှိစေရ။ လူတစ်ဦးတစ်ယောက်သည် အသက် ၁၇ နှစ် ပြည့်ပြီးကြောင်းကို သိနေခြင်း သို့မဟုတ် ယုံကြည်ရန်ယုတ္တိတန်သောအကြောင်းရှိနေခြင်းမှလွဲ၍ မည်သူမျှ ထိုသူကို လေယာဉ်ကို တစ်ဦးတည်းထိန်းချုပ်စေခြင်း သို့မဟုတ် ထိန်းချုပ်ရန် ခွင့်ပြုခြင်း မပြုလုပ်ရ။

**လေယာဉ်မှူးအတွက် အများဆုံးအသက် ကန့်သတ်ချက်**

၄၁။ (က) အသက် ၆၅ နှစ်ပြည့်မီပြီးသော လေယာဉ်မှူးလိုင်စင် ကိုင်ဆောင်ထားသူမည်သူမဆို စီးပွားရေးအတွက် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း (Commercial Air Transport) တွင် လေယာဉ်မှူးကြီးအဖြစ် ဖြစ်စေ၊ တွဲဖက်လေယာဉ်မှူးဖြစ် ဖြစ်စေ ဆောင်ရွက်ခြင်းမပြုရ။

(ခ) ဘက်စုံလေယာဉ်မှူး (Multi-Crew) အဖြစ် ဆောင်ရွက်ခြင်းမဟုတ်သည့် အပြင် အခြားလေယာဉ်မှူးများက အသက် ၆၅ နှစ်ထက် ငယ်နေခြင်း မဟုတ်လျှင် ဤနည်းဥပဒေများအရ ထုတ်ပေးသော စီးပွားရေးအတွက် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် လေယာဉ်မှူးလိုင်စင် ကိုင်ဆောင်ထားပြီး အသက် ၆၀ နှစ် ပြည့်ပြီးသူ မည်သူမဆို လေယာဉ်မှူးကြီး

အဖြစ်ဖြစ်စေ၊ တွဲဖက်လေယာဉ်မှူးအဖြစ် ဖြစ်စေ ဆောင်ရွက်ခြင်းမပြုရ။

## လေယာဉ်များ၏ ဘေးကင်းမှုကို ထိခိုက်စေမည့် လုပ်ရပ်များ

၄၂။ မည်သူမျှ လေယာဉ်မှူးကိုဖြစ်စေ၊ လေယာဉ်အမှုထမ်းများကိုဖြစ်စေ ၎င်းတို့၏ လုပ်ငန်းကို စွက်ဖက်နှောင့်ယှက်ခြင်းသော် လည်ကောင်း၊ လေယာဉ် သို့မဟုတ် လေယာဉ်၏ စက်ပစ္စည်းကိရိယာများကို တစ်မျိုးတစ်မည်ဖြစ်အောင် ပြုမူခြင်း သို့မဟုတ် လေယာဉ်ပေါ်တွင် စည်းကမ်းမဲ့စွာ ပြုမူခြင်းသော် လည်းကောင်း၊ လေယာဉ် သို့မဟုတ် လေယာဉ်ပါခရီးသည်များ သို့မဟုတ် လေယာဉ်အမှုထမ်းများ၏ ဘေးကင်းမှုကို ထိခိုက်စေမည့် ပြုမူခြင်းများကို သော်လည်းကောင်း မပြုလုပ်ရ။

## အသံပေါက်ကွဲမှု ဖြစ်စေသော မြို့ပြလေယာဉ်ပျံသန်းမှုကို တားမြစ်ခြင်း

၄၃။ မည်သည့်မြို့ပြလေယာဉ်ကို မောင်းနှင်သူမျှ မြန်မာနိုင်ငံ၏နယ်နိမိတ်အပေါ်တွင် အသံဆူညံမှုဖြစ်နိုင်သော သို့မဟုတ် ဖြစ်ပွားစေနိုင်သော အသံ၏မြန်နှုန်းထက်ပို၍ မြန်သည့်နှုန်းဖြင့် မြန်မာနိုင်ငံ၏ နယ်နိမိတ်လေပိုင်နက်တွင် မောင်းနှင်ခြင်း မပြုရ။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေအလို့ငှာ **"မြန်မာနိုင်ငံ၏နယ်နိမိတ်"** ဆိုရာတွင် မြန်မာနိုင်ငံ၏ မြေပြင်၊ ပင်လယ်ပြင်နှင့် ဝေဟင်တို့ ပါဝင်သည်။

## လေယာဉ်ပေါ်တွင် အီလက်ထရောနစ်ပစ္စည်းသုံးစွဲမှုကို တားမြစ်ခြင်း

၄၄။ မည်သူမျှ လေယာဉ်၏ လေကြောင်းပျံသန်းမှု သို့မဟုတ် လေကြောင်းဆက်သွယ်ရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေမည့် လက်ကိုင်ဖုန်းစသည့် အီလက်ထရောနစ် ပစ္စည်းကိရိယာကို လေယာဉ်ပျံသန်းစဉ် လေယာဉ်ပေါ်တွင် အသုံးမပြုရ။ ထိုသို့ အသုံးပြုရန် မည်သည့်လုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် လေယာဉ်မှူးကြီးကိုမျှ ခွင့်မပြုရ။

သို့ရာတွင် ဤနည်းဥပဒေသည် လုပ်ငန်းဆောင်ရွက်သူက အသံသွင်းကိရိယာ၊ နားကြပ်၊ နှလုံးအကူစက် (heart pace maker)၊ မုတ်ဆိတ်ရိတ်စက် သို့မဟုတ် အခြား အီလက်ထရောနစ်ပစ္စည်းမှာ လေကြောင်းပျံသန်းမှု သို့မဟုတ် လေကြောင်းဆက်သွယ်ရေး စနစ်ကို အနှောင့်အယှက်မဖြစ်ဟု ထင်မြင်သည့်အပြင် ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်လည်း ရရှိထားလျှင် ထိုပစ္စည်းများအသုံးပြုခြင်းနှင့် မသက်ဆိုင်စေရ။

**ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲများ အကောင်အထည်ဖော်ခြင်း**

၄၅။ ဦးစီးဌာနသည် -

(က) လိုအပ်သောစံချိန်စံညွှန်းများနှင့် လုပ်ထုံးလုပ်နည်းများကို ကွန်ဗင်းရှင်းနှင့် ပြင်ဆင်ထားသည့် ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေနှင့်အညီ ရေးဆွဲထုတ်ပြန်နိုင်သည်။

(ခ) ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ ပေါင်းစည်းထားသည့် နိုင်ငံတော်အဆင့် လေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။

**ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်**

၄၆။ (က) လေကြောင်းလိုင်းများ၊ လေယာဉ်ကွင်းများ၊ လေကြောင်းထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ လေယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ လေကြောင်းဆိုင်ရာ ထုတ်ကုန်ဒီဇိုင်းနှင့် ထုတ်လုပ်ခြင်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းတိုင်းသည်-

(၁) ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်ကို တည်ထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းပြုရမည်။

(၂) ဦးစီးဌာနမှ သတ်မှတ်ထားသော ပုံစံနှင့် နည်းလမ်းများ ပါဝင်သည့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်လက်စွဲစာအုပ်ကို ပြုစုပြီး အတည်ပြုချက်ရရှိရေးအတွက် ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ၎င်းကအထွေထွေ သို့မဟုတ် အထူးအမိန့်စာဖြင့် အခွင့်အာဏာလွှဲအပ်ထားသည့် အခြားအရာရှိကဖြစ်စေ မည်သည့်သင့်တော်သည့်အချိန်တွင်မဆို ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲသည့်စနစ်ကို စစ်ဆေးကြည့်ရှုနိုင်သည်။ ထို့ပြင် အဆိုပါ စစ်ဆေးကြည့်ရှုရာတွင်

သက်ဆိုင်ရာအဖွဲ့အစည်းသည် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အခွင့်အာဏာလွှဲအပ်ထားသူနှင့် ပူးပေါင်းကူညီဆောင်ရွက်ကြရမည်။

## အခန်း(၄)
## လေယာဉ်မှတ်ပုံတင်ခြင်းနှင့် အမှတ်အသားပြုလုပ်ခြင်း

**လေယာဉ်မှတ်ပုံတင်လက်မှတ်**

၄၇။ (က) မြန်မာနိုင်ငံတွင် လေယာဉ်များမှတ်ပုံတင်ရန်နှင့် မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်သည့် အခွင့်အာဏာကို ညွှန်ကြားရေးမှူးချုပ်အား အပ်နှင်းထားသည်။

(ခ) မြန်မာနိုင်ငံတွင် လေယာဉ်တစ်စီးကို အောက်ဖော်ပြပါအတန်းအစားတစ်မျိုးမျိုးတွင် မှတ်ပုံတင်နိုင်သည်-

(၁) အတန်းအစား “က”- အောက်ပါအချက်များနှင့် ကိုက်ညီသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက လေယာဉ်ကို ရာနှုန်းပြည့် (Wholly Owned) ပိုင်ဆိုင်ခဲ့လျှင်-

(ကက) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းကလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းကလည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများက လည်းကောင်း၊ ကြီးကြပ်မှုအောက်ရှိ အဖွဲ့အစည်းများ သို့မဟုတ်

(ခခ) မြန်မာနိုင်ငံသားများ သို့မဟုတ်

(ဂဂ) ပြည်ထောင်စုအစိုးရအဖွဲ့က လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုက လည်းကောင်း၊ မည်သည့် ဒေသဆိုင်ရာ အာဏာပိုင်က လည်းကောင်း၊ မြန်မာနိုင်ငံသားများက လည်းကောင်း၊ အနည်းဆုံး ၆၅ ရာခိုင်နှုန်း ထက်မနည်း ပိုင်ဆိုင်သည့် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ တည်ထောင်ထားသည့် ကုမ္ပဏီများ သို့မဟုတ် အခြားအသင်းအဖွဲ့များ။

(၂) အတန်းအစား “ခ” အောက်ပါ အချက်များနှင့် ကိုက်ညီသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက လေယာဉ်ကို ရာနှုန်းပြည့် (Wholly Owned) ပိုင်ဆိုင်ခဲ့လျှင်-

(ကက) မြန်မာနိုင်ငံသားမဟုတ်သည့် မြန်မာနိုင်ငံအတွင်း နေထိုင်နေသူများ သို့မဟုတ် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများ၊

(ခခ) အတန်းအစား “က” တွင် မှတ်ပုံတင်ခွင့် မရှိသော်လည်း မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများ သို့မဟုတ် အသင်းအဖွဲ့များ။

(ဂ) နည်းဥပဒေခွဲ (ခ) ပါ သတ်မှတ်ချက်များနှင့် မညီညွတ်သော မည်သည့်လေယာဉ်ဖြစ်စေ၊ အခြားနိုင်ငံတစ်နိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသော မည်သည့်လေယာဉ်ဖြစ်စေ မြန်မာနိုင်ငံတွင်မှတ်ပုံတင်ခွင့် မရှိစေရ။

(ဃ) လေယာဉ်၏ ပိုင်ဆိုင်ခွင့်ကို ဤနည်းဥပဒေခွဲ (ခ) (၁) အရ လေယာဉ်အား အတန်းအစား “က” အတွက် မှတ်ပုံတင်ခွင့်ရှိသော ကုမ္ပဏီများ သို့မဟုတ် အသင်းအဖွဲ့များသို့ ငှားရမ်းခြင်းနှင့် ကြီးကြပ်ထိန်းချုပ်မှုကို လွှဲပြောင်းပေးခြင်းဖြစ်လျှင် အဆိုပါကုမ္ပဏီများ သို့မဟုတ် အသင်းအဖွဲ့များက ဦးစီးဌာနသို့ မြန်မာနိုင်ငံလေယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားနိုင်သည်။

**လျှောက်ထားခြင်း၏ သဘောသဘာဝ**

၄၈။ (က) လေယာဉ်မှတ်ပုံတင်လက်မှတ်အတွက် လျှောက်လွှာတိုင်းတွင် အောက်ပါတို့ ပူးတွဲပါရှိရမည်-

(၁) လေယာဉ်နှင့်ပတ်သက်၍ လိုအပ်သောအချက်အလက်များ၊

(၂) နည်းဥပဒေ ၅၂ အရ သတ်မှတ်ထားသည့် အခကြေးငွေ၊

(၃) ပြည်ပလေကြောင်းမှ တင်သွင်းလာသည့် လေယာဉ်များအတွက် ကျသင့်သည့် အကောက်ခွန်ဆောင်ပြီးကြောင်းကို အကောက်ခွန်အရာရှိက လက်မှတ်ရေးထိုးထားသည့် အထောက်အထား စာတမ်းအမှတ်အသား၊ ထိုစာတမ်းအမှတ်အသားတွင် တင်သွင်းလာသော

လေယာဉ်၏ လေယာဉ်အမျိုးအစားနှင့် လေယာဉ်ထုတ်လုပ်မှု အမှတ်စဉ်နှင့် လေယာဉ်မှတ်ပုံတင်အမှတ်ရှိခဲ့ပါက မှတ်ပုံတင်အမှတ် ဖော်ပြချက်များ။

(ခ) လေယာဉ်မှတ်ပုံတင်လက်မှတ် လျှောက်ထားသူသည် ၎င်း၏လျှောက်ထားချက်တွင် ပါရှိသည့်အချက်အလက်များ မှန်ကန်ကြောင်း သက်သေခံအထောက်အထားတင်ပြရန် လိုအပ်သည်။

## လေကြောင်းဖြင့် တင်သွင်းသောလေယာဉ်

၄၉။ လေယာဉ်တစ်စီးကို လေကြောင်းမှတင်သွင်းရန်အလို့ငှာ အဆိုပါလေယာဉ်ကို မြန်မာနိုင်ငံသို့မတင်သွင်းမီ မှတ်ပုံတင်ပေးရန်အတွက် လျှောက်ထားလာသည့်အခါတွင် လေယာဉ်ပိုင်ရှင်သည် နည်းဥပဒေ ၄၇၊ နည်းဥပဒေခွဲ (ဂ) ပါဖော်ပြချက်များနှင့် ကိုက်ညီကြောင်း တင်ပြနိုင်ပါက ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (က) ၏ နည်းဥပဒေခွဲငယ် (၁) နှင့် (၂) တို့ပါသတ်မှတ်ချက်များကို လိုက်နာစေလျက် ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။ ယင်းယာယီလက်မှတ်သည် ထုတ်ပေးသည့်နေ့မှ အများဆုံး ၃ လထိသာ သက်တမ်းရှိစေရမည်။

ထို့နောက် လေယာဉ်မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြထားသော လေယာဉ်ပိုင်ရှင်သို့မဟုတ် ပိုင်ရှင်ကိုယ်စားက နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃) တွင် ဖော်ပြထားသည့် အထောက်အထား စာရွက်စာတမ်းနှင့် ၎င်းယာယီမှတ်ပုံတင်လက်မှတ်ကို တင်ပြသည့်အခါ ညွှန်ကြားရေးမှူးချုပ်က လေယာဉ်မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးမည်။ သို့ရာတွင် ပိုင်ရှင်က ယာယီသက်သေခံလက်မှတ်ကို ဦးစီးဌာနသို့ ချက်ချင်းပြန်အပ်ရမည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

## ပိုင်ရှင်ပြောင်းလဲခြင်း

၅၀။ (က) မှတ်ပုံတင်ထားသည့် လေယာဉ်တစ်စီး၏ပိုင်ရှင် ပြောင်းလဲခဲ့လျှင် သော်လည်းကောင်း၊ နည်းဥပဒေ ၄၇ ပါ သတ်မှတ်ချက်များအတိုင်း မှတ်ပုံတင်ထားသည့် လေယာဉ်တစ်စီးကို ပုဂ္ဂိုလ်များ သို့မဟုတ် ကုမ္ပဏီတစ်ခု

သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုက ရာနှုန်းပြည့် (Wholly Owned) ပိုင်ဆိုင်ခြင်းမှ ရပ်စဲသွားခဲ့လျှင် သော်လည်းကောင်း၊

(ခ) မှတ်ပုံတင်ထားသည့် လေယာဉ်ပိုင်ရှင်က ဦးစီးဌာနသို့ လေယာဉ်ပိုင်ရှင် ပြောင်းလဲခြင်း သို့မဟုတ် အထက်ပါအတိုင်း ပိုင်ဆိုင်မှုရပ်စဲသွားခြင်းကို အကြောင်းကြားရမည် ဖြစ်ပြီး၊

(ဂ) မှတ်ပုံတင်ထားမှုနှင့် မှတ်ပုံတင်လက်မှတ်တို့သည် ပိုင်ရှင်ပြောင်းလဲသည့် သို့မဟုတ် အထက်ပါအတိုင်း ပိုင်ဆိုင်မှုရပ်စဲသွားသည့်နေ့တွင် သက်တမ်း ကုန်လွန်သွားမည် ဖြစ်ပါသည်။

**လေယာဉ်ပျက်စီးသွားခြင်း သို့မဟုတ် အသုံးပြုခြင်းမှ ရပ်ဆိုင်းခြင်း**

၅၁။ မှတ်ပုံတင်ထားသည့် လေယာဉ်တစ်စီးသည် ပျက်စီးသွားခဲ့လျှင် သော်လည်းကောင်း၊ အသုံးပြုခြင်းမှ အပြီးအပိုင်ရပ်ဆိုင်းခဲ့လျှင် သော်လည်းကောင်း၊ မှတ်ပုံတင်ထားသည့် လေယာဉ်ပိုင်ရှင်သည် ဦးစီးဌာနသို့ အမြန်ဆုံးအကြောင်းကြားရမည်ဖြစ်ပြီး ထိုသို့ အကြောင်းကြားသည့်နေ့တွင် မှတ်ပုံတင်ထားမှုနှင့် မှတ်ပုံတင်လက်မှတ်တို့ သက်တမ်း ကုန်ဆုံးသွားရမည် ဖြစ်သည်။

**မှတ်ပုံတင်ကြေး**

၅၂။ လေယာဉ်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းအတွက် ပေးဆောင်ရမည့် အခကြေး ငွေကို ညွှန်ကြားရေးမှူးချုပ်သည် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

**လေယာဉ်မှတ်ပုံတင်မှတ်တမ်း**

၅၃။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်မှတ်ပုံတင်မှတ်တမ်းကို ဦးစီးဌာန တွင် ထိန်းသိမ်းထားရှိရမည်။

**လေယာဉ်မှတ်ပုံတင် အမှတ်အသားပြုလုပ်ရန် နည်းလမ်း**

၅၄။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်ကို လေယာဉ်မှတ်ပုံတင်အမှတ်အသား ပြုလုပ်ရာတွင် ဤနည်းဥပဒေ၏ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်မှု ရှိစေရမည်-

(က) မှတ်ပုံတင်ထားသည့် လေယာဉ်၏နိုင်ငံကို ပြသောအမှတ်အသားအနေဖြင့် ရောမအက္ခရာ “XY” (အရန်အနေဖြင့် XZ) ကို စာလုံးကြီးဖြင့်လည်းကောင်း၊ မှတ်ပုံတင်အမှတ်အသားအနေဖြင့် ဦးစီးဌာနက သတ်မှတ်ပေးသည့် ရောမအက္ခရာသုံးလုံးတွဲကို စာလုံးကြီးဖြင့်လည်းကောင်း ရေးသားအသုံးပြုရမည်။ အက္ခရာများအား တန်ဆာဆင်ရေးသားခြင်းမပြုရ။ နိုင်ငံအမှတ်အသားနှင့် မှတ်ပုံတင်အမှတ်အသားတို့၏ကြားတွင် မျဉ်းတိုသင်္ကေတထား၍ ရေးသားရမည်။

(ခ) နိုင်ငံအမှတ်အသားနှင့် မှတ်ပုံတင်အမှတ်အသားကို-

(၁) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းများအတိုင်း ရေရှည်တည်တံ့ခိုင်မြဲရန် ဆေးခြယ်၍ အမှတ်အသားများကို တပ်ဆင်ထားရမည်။

(၂) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းများအတိုင်း လေယာဉ်ပိုင်ရှင်၏ အမည်အပြည့်အစုံနှင့် နေရပ်လိပ်စာတို့ကို ပိုင်ရှင်ကမ္ပည်းပြားပေါ်တွင် ရေးထိုးထားရမည်။

(၃) အမြဲတစေသန့်ရှင်းပြီး မြင်သာစေရန် ထားရှိရမည်။

**နိုင်ငံအမှတ်အသားကို အသုံးပြုခြင်း**

၅၅။ (က) ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် လိုအပ်၍လုပ်ဆောင်ခြင်းမှအပ လေယာဉ်၏မည်သည့်ပြင်ပ အစိတ်အပိုင်းတွင်မဆို မည်သည့်ကြော်ငြာ၊ မည်သည့်အမှတ်အသား သို့မဟုတ် စာသားများကို ရေးဆွဲဖော်ပြခြင်း မပြုရ။

(ခ) အကယ်၍ စာသားနှင့်သင်္ကေတတို့၏ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန်နှင့် အရောင်အသွေးတို့သည် လေယာဉ်၏ နိုင်ငံ၊ မှတ်ပုံတင်အမှတ်နှင့် ရောထွေးမှုမရှိခြင်း၊ လွယ်ကူစွာ သိသာနိုင်ခြင်းကို အနှောင့်အယှက် မဖြစ်စေပါက လေယာဉ်၏အမည်နှင့် လေယာဉ်ပိုင်ရှင်၏ အမည်နှင့် သင်္ကေတအမှတ်တံဆိပ်တို့ကို လေယာဉ်ပေါ်တွင် ဖော်ပြနိုင်သည်။

(ဂ) အစိုးရလေယာဉ်အတွက် သတ်မှတ်ဖော်ပြထားသော မည်သည့်အမှတ်အသားကိုမျှ အစိုးရလေယာဉ်မှတစ်ပါး အခြားမည်သည့်လေယာဉ်တွင်မဆို တပ်ဆင်ခြင်း မပြုရ။

(ဃ) တပ်မတော်လေယာဉ်တွင် အသုံးပြုသည့် အမှတ်အသားများနှင့် မရောထွေးစေသော၊ ကွဲပြားခြားနားမှုရှိစေသော နိုင်ငံတော်အလံ သို့မဟုတ် အရောင်များကို လေယာဉ်ပေါ်တွင် ရေးဆွဲဖော်ပြနိုင်သည်။

## အခန်း (၅)
## အမှုထမ်းလိုင်စင်များ ထုတ်ပေးခြင်း

### လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်

၅၆။ (က) အောက်ဖော်ပြပါ လိုင်စင်နှင့် အရည်အသွေးစံနှုန်းများကို ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ အသိအမှတ်ပြုပေးခြင်း သို့မဟုတ် ပြောင်းလဲပေးခြင်းတို့ကို လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်သည် ညွှန်ကြားရေးမှူးချုပ်ဖြစ်ပြီး ၎င်းအနေဖြင့် မည်သည့်အကြောင်းအတွက်ကြောင့် မဆိုလိုလားအပ်သည်ဟု ယူဆပါက လိုင်စင်တစ်ခု သို့မဟုတ် အရည်အသွေးစံနှုန်းတစ်ခု ထုတ်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးပေးခြင်းကို ဆောင်ရွက်မပေးပဲထားနိုင်သည် -

(၁) လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်၊

(၂) လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာလိုင်စင်၊

(၃) လေကြောင်းထိန်းလိုင်စင်၊

(၄) အရည်အသွေးစံနှုန်း။

(ခ) နည်းဥပဒေခွဲ (က) တွင် ဖော်ပြထားသော သက်တမ်းရှိသည့်လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းမရှိပါက အဆိုပါဝန်ဆောင်မှုလုပ်ငန်းများနှင့် လုပ်ငန်းတာဝန်များကို မည်သူမျှ ဆောင်ရွက်ခွင့် မရှိစေရ။

**လေယာဉ်ပျံသန်းရေးအမှုထမ်းများ တင်ဆောင်ခြင်း**

၅၇။ နည်းဥပဒေ ၉၊ ၁၀ နှင့် ၁၁ တို့၏ သတ်မှတ်ချက်များနှင့် ညီညွတ်စေလျက် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်တိုင်းသည် လေယာဉ်နှင့် ပျံသန်းမှုအမျိုးအစားအလိုက် လေယာဉ်ပေါ်တွင် အောက်ပါအချက်များနှင့် ညီညွတ်သော လေယာဉ်ပျံသန်းရေးအမှုထမ်းများကို တင်ဆောင်ရမည် -

**လေယာဉ်မှူး**

(က) **ကိုယ်ပိုင်လေယာဉ်** - ကိုယ်ပိုင်လေယာဉ်တိုင်းကို တရားဝင်လေယာဉ်မှူးလိုင်စင် ကိုင်ဆောင်ထားသူကသာ ပျံသန်းမောင်းနှင်ရမည် -
သို့ရာတွင် -

(၁) အမောင်းသင် လေယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူက ကိုယ်ပိုင်လေယာဉ်တစ်စီးကို ပျံသန်းမောင်းနှင်ခြင်းမပြုရ။

(၂) ကိုယ်ပိုင်လေယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူက ကိုယ်ပိုင်လေယာဉ်ကို မည်သည့်အခကြေးငွေ သို့မဟုတ် ငှားရမ်းခယူ၍ ပျံသန်းမောင်းနှင်ခြင်း မပြုရ။

(၃) ညအခါတွင် ခရီးသည်များကိုတင်ဆောင်လာသည့် ကိုယ်ပိုင် လေယာဉ်ကို ညအခါ ပျံသန်းမှုအတွက် မောင်းနှင်ခွင့်အဆင့် သတ်မှတ်ချက်မပါရှိသော ကိုယ်ပိုင်လေယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူက ပျံသန်းမောင်းနှင်ခြင်းမပြုရ။

(ခ) **အများပြည်သူပို့ဆောင်ရေးနှင့် ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်များ** - စက်မဲ့လေယာဉ် (Glider) မှအပ အများပြည်သူပို့ဆောင်ရေးနှင့် ကောင်းကင်မှလုပ်ငန်းဆောင်ရွက်သည့် လေယာဉ်တိုင်းကို လျော်ကန်သော ကျွမ်းကျင်လေယာဉ်မှူးလိုင်စင် (Professional Pilot Licence) ကိုင်ဆောင်ထားသူ (စီးပွားရေး သို့မဟုတ် လေကြောင်းသယ်ယူပို့ဆောင်ရေး လေယာဉ်မှူးလိုင်စင် ကိုင်ဆောင်သူ) ကသာ ပျံသန်းမောင်းနှင်ရမည်။

သို့ရာတွင် လေယာဉ်၊ စက်မဲ့လေယာဉ်များဖြစ်သည့် မီးပုံးပျံ ပျံသန်းခြင်း သို့မဟုတ် အပျော်တမ်းပျံသန်းခြင်းတို့အတွက် တရားဝင်ဖွဲ့စည်းထားသော အသင်းအဖွဲ့တစ်ခုခုက ပိုင်ဆိုင်သော သို့မဟုတ် အသုံးပြုနေသော လွန်စွာပေ့ါပါးသော လေယာဉ်၊ စက်မဲ့လေယာဉ် (Glider) သို့မဟုတ် မီးပုံးပျံတို့မှအပ လေယာဉ်တစ်စီးစီးကို သင်ကြားရေးအတွက်ဖြစ်စေ၊ လိုင်စင်အတွက် အရည်အချင်းပြည့်မီစေရေးအတွက်ဖြစ်စေ၊ လိုင်စင်သက်တမ်းတိုးမြှင့်ရေးအတွက် ဖြစ်စေ၊ ပိုမြင့်သောအတန်းအစား လိုင်စင်ထုတ်ပေးရေးအတွက် ဖြစ်စေ အမောင်းသင်လေယာဉ်မောင်းလိုင်စင် သို့မဟုတ် ကိုယ်ပိုင်လေယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူက ပျံသန်းမောင်းနှင်နိုင်သည်။

ထို့ပြင် စက်မဲ့လေယာဉ်များဖြစ်သည့် မီးပုံးပျံ ပျံသန်းခြင်း သို့မဟုတ် အပျော်တမ်းပျံသန်းခြင်းတို့အတွက် တရားဝင်ဖွဲ့စည်းထားသော အသင်းအဖွဲ့တစ်ခုခုကပိုင်ဆိုင်သော သို့မဟုတ် အသုံးပြုနေသော လွန်စွာပေ့ါပါးသောလေယာဉ်၊ စက်မဲ့လေယာဉ် (Glider) သို့မဟုတ် မီးပုံးပျံကို အသင်းသားတစ်ဦးဦးက ပျံသန်းရေးသင်ကြားရန်အတွက် မဟုတ်သောသူတစ်ဦးကိုတင်ဆောင်၍ ပျံသန်းမောင်းနှင်ခြင်းကို ဤနည်းဥပဒေအလို့ငှာ အများပြည်သူပို့ဆောင်ရေးအတွက် ပျံသန်းခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မပြုရ။ သို့ရာတွင် ထိုသို့တင်ဆောင်ခြင်းအတွက် လေယာဉ်၏ လေယာဉ်မှူးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခကြေးငွေပေးခြင်းရှိပါက

သို့မဟုတ် လေယာဉ်၏လေယာဉ်မှူးသည် ၎င်းအသင်းအဖွဲ့၏ လခစား ဝန်ထမ်းဖြစ်ပါက ထိုလေယာဉ်ကို အများပြည်သူပို့ဆောင်ရေးအတွက် ပျံသန်းသောလေယာဉ်အဖြစ် မှတ်ယူရမည်။

***မှတ်ချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင်လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ မှတ်ပုံတင်လေယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံးဝင်ပါက ယင်းလေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော လေယာဉ်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

**အတည်ပြုသည့် လေ့ကျင့်သင်တန်းပေးသည့် အဖွဲ့အစည်း**

၅၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ရရှိရေးနှင့် နည်းဥပဒေ ၅၆ ပါ ပြဋ္ဌာန်းထားသည့် အရည်အသွေးစံနှုန်းများရရှိရန် လိုအပ်သော ကျွမ်းကျင်မှုအဆင့် ရရှိရေး သင်တန်းသားများအား အတည်ပြုထားသည့် သင်တန်းအဖြစ် လေ့ကျင့်သင်ကြားမည့် သင်တန်းကြီးကြပ်အဖွဲ့အစည်းတစ်ခုအား ကျေနပ်သဘောတူပါက အတည်ပြုချက်ပေးနိုင်သည်။

(ခ) အတည်ပြုထားသည့် လေ့ကျင့်သင်တန်းပေးသည့် အဖွဲ့အစည်းသည် လေ့ကျင့်သင်ကြားရေး သင်ရိုးညွှန်းတမ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့် ဦးစီးဌာနက သတ်မှတ်ထားသည့် သတင်းအချက်အလက်ပါဝင်သော သင့်လျော်ရာ စာတမ်းအမှတ်အသားများကို အတည်ပြုချက်ရရှိရေးအတွက် တင်ပြရမည်။ ထိုအဖွဲ့အစည်းတွင် သဏ္ဌာန်တူလေ့ကျင့်ရေး (simulator) သင်တန်းအား ဦးစီးဌာနက အတည်ပြုထားသည့် သဏ္ဌာန်တူလေ့ကျင့်ရေး သင်တန်းများကသာ လုပ်ဆောင်ရမည်။

(ဂ) အတည်ပြုထားသည့် လေ့ကျင့်သင်တန်းပေးသည့် အဖွဲ့အစည်း၏ အတည်ပြုချက်သည် ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ

သက်တမ်းကာလတစ်ကြိမ်အတွက် တရားဝင်ရမည်ဖြစ်ပြီး သက်တမ်းတိုးမြှင့်ရမည်။

(ဃ) (၁) ကိစ္စတစ်ရပ်စီတွင် အတည်ပြုချက်ထုတ်ပေးရေးနှင့် သက်တမ်းတိုးမြှင့်ရေးတို့အတွက် နည်းဥပဒေ ၇၂ တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာ သို့မဟုတ် အမိန့်အရ ဦးစီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေ ပေးရမည်။

(၂) အခကြေးငွေကို ညွှန်ကြားရေးမှူးချုပ်ထံသို့ အမိန့်အရ ပေးသွင်းရမည်။

(င) အတည်ပြုချက်ရရှိသော လေ့ကျင့်သင်တန်းပေးသည့် အဖွဲ့အစည်းသည် ၎င်း၏လေ့ကျင့်သင်ကြားမှုနယ်ပယ်တွင် မပါဝင်သည့်အပြင် ဦးစီးဌာနက အတည်ပြုမထားသည့် မည်သည့်သင်တန်းမှ ထည့်သွင်းသင်ကြားခြင်း မပြုရ။

(စ) အတည်ပြုထားသည့် လေ့ကျင့်သင်ကြားသည့် အဖွဲ့အစည်း၏ သင်တန်းမှတ်တမ်းများကို ဦးစီးဌာနကသတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ၎င်းက အခွင့်အာဏာအပ်နှင်းထားသည့် အရာရှိက တောင်းဆိုသည့်အခါ ထိုသင်တန်းမှတ်တမ်းများကို ထုတ်ပြရမည်ဖြစ်သည်။

(ဆ) လေ့ကျင့်သင်တန်းပေးသည့် ကြီးကြပ်အဖွဲ့အစည်းသည် အရည်အချင်းပြည့် သင်တန်းနည်းပြများ၊ စာမေးပွဲစစ်ဆေးရန်နှင့် စစ်ဆေးကြည့်ရှုသည့် အထောက်အကူပြု ကိရိယာများအတွက် လိုအပ်သောကိရိယာများ အပါအဝင် လုံလောက်သောသင်ကြားရေး အထောက်အကူပစ္စည်းများ ရှိရမည်။

## လိုင်စင်ကိုင်ဆောင်ခြင်း သို့မဟုတ် ရယူခြင်းတို့အတွက် အရည်အချင်းမပြည့်စုံခြင်း

၅၉။ (က) လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သည် မည်သူ့ကိုမဆို ထုချေရှင်းလင်းတင်ပြခွင့်ပေးပြီးနောက် ထိုသူသည် အောက်ပါအပြစ်တစ်ခုခုကို ကျူးလွန်

ခဲ့သည်ဟု ကျေနပ်လက်ခံယုံကြည်ပါက ထိုသူကို အရည်အချင်း မပြည့်ဟု သတ်မှတ်ပြီး သတ်မှတ်ကာလတစ်ခုအတွက် လိုင်စင်ကိုင်ဆောင်ခြင်း သို့မဟုတ် ရယူခြင်းမှ ပိတ်ပင်နိုင်ပြီး ထိုသို့ပိတ်ပင်ရသည့် အကြောင်းရင်းများကို စာဖြင့် မှတ်တမ်းထားရမည်-

(၁) အရက်ကို အလွန်အကျွံသောက်သော အလေ့အထရှိခြင်း သို့မဟုတ် မူးယစ်ဆေးဝါးစွဲနေခြင်း သို့မဟုတ်

(၂) လေကြောင်းထိန်းသိမ်းရေးအဖြစ် တာဝန်ထမ်းဆောင်သော ကာလများတွင် တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ခဲ့သည်မှာ ပေါ်လွင်ခြင်း၊ ပျံသန်းနေသော သို့မဟုတ် မြေပြင်ပေါ်တွင် သွားလာနေသော လေယာဉ် သို့မဟုတ် လူအားဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်း သို့မဟုတ်

(၃) ပြစ်မှုကျူးလွန်ရန်ဖြစ်စေ၊ ဤနည်းဥပဒေများကို ချိုးဖောက်သည့် နည်းလမ်းဖြင့်ဖြစ်စေ လေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန် ပြင်ဆင်ခြင်း သို့မဟုတ်

(၄) လေယာဉ်အမှုထမ်း၏ လုပ်ငန်းတာဝန်များကို တာဝန်မဲ့စွာဆောင်ရွက်ခဲ့ခြင်း၊ လေယာဉ်ကိုဖြစ်စေ၊ လေယာဉ်တွင် လိုက်ပါသူများကိုဖြစ်စေ၊ မြေပြင်ပေါ်ရှိ အခြားလေယာဉ်၊ လူ သို့မဟုတ် အရာဝတ္ထုများ၏ ဘေးကင်းလုံခြုံမှုကိုဖြစ်စေ အန္တရာယ်ဖြစ်ခြင်းနှင့် ဖြစ်စေခဲ့ခြင်းတို့ကို သိသာပေါ်လွင်နေခြင်း သို့မဟုတ်

(၅) ပြစ်မှုကျူးလွန်လေ့ရှိသူ သို့မဟုတ် မြန်မာနိုင်ငံရှိ တရားရုံးတစ်ရုံးရုံးက ကိုယ်ကျင့်သိက္ခာ ပျက်ပြားစေသောပြစ်မှု သို့မဟုတ် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ပြစ်မှုတစ်ခုခုအတွက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသူဖြစ်ခြင်း သို့မဟုတ်

(၆) လိုင်စင်၊ အရည်အသွေးစံနှုန်းအဆင့် သတ်မှတ်ချက်၊ လေယာဉ်အမျိုးအစား အရည်အသွေးစံနှုန်း သတ်မှတ်ချက် သို့မဟုတ် လေယာဉ်အမျိုးအစားအလိုက် အရည်အသွေးစံနှုန်း တိုးမြှင့်ခြင်း သို့မဟုတ် ၎င်းတို့၏ သက်တမ်းတိုးမြှင့်ခြင်းတို့ကို အဓိကကျသော

အချက်အလက်များ ထိန်ချန်ခြင်း သို့မဟုတ် မှားယွင်းသော အချက်အလက်များ တင်ပြခြင်းတို့ဖြင့် ရယူခဲ့ခြင်း သို့မဟုတ်

(၇) လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းတွင်ပါရှိသော အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပြင်ဆင်ခြင်း၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် အများပြည်သူအကျိုးငှာ လိုအပ်သည်ဟု ယူဆပါကနည်းဥပဒေ ၅၆ တွင် ဖော်ပြထားသော လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ကိုင်ဆောင်ခြင်းအား အပြီးအပိုင်ပိတ်ပင်ခြင်း သို့မဟုတ် ယာယီအားဖြင့် ပိတ်ပင်ခြင်းပြုနိုင်သည်။

(ဂ) (၁) နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းခံရသော လိုင်စင်ကိုင်ဆောင်ထားသူ တစ်ဦးသည် ယင်းလိုင်စင်ကို လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်ထံ ချက်ချင်းပြန်လည်အပ်နှံရမည်။

(၂) လိုင်စင်စည်းကမ်း မလိုက်နာသည့်အတွက် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ယာယီပိတ်သိမ်းခြင်းခံရသည့် လိုင်စင်ဖြစ်ပါက၊ ယာယီပိတ်သိမ်းသည့်ကာလ ကုန်ဆုံးသည့်အထိဖြစ်စေ၊ အပြီးအပိုင် ပိတ်သိမ်းသည့် လိုင်စင်ဖြစ်ပါက ၅ နှစ် အထိဖြစ်စေ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်က ထိုလိုင်စင်ကို ထိန်းသိမ်းထားရမည်။

**ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ**

၆၀။ (က) နည်းဥပဒေ ၅၆ တွင် ရည်ညွှန်းထားသည့် လေယာဉ်အမှုထမ်းများအတွက် လိုအပ်သောလိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းတစ်ခုကို လျှောက်ထားသူက အသိအမှတ်ပြုထားသော အတည်ပြုဆေးဘက်ဆိုင်ရာ အာဏာပိုင်၏ ဆေးစစ်ဆေးမှုကို ခံယူပြီး ဦးစီးဌာနက ထုတ်ပြန်ကြေငြာထားသည့် ဆေးဘက်ဆိုင်ရာ အဆင့်အတန်းများကို ပြည့်မီမှသာ ထုတ်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးပေးခြင်း ပြုလုပ်ရမည်။

သို့ရာတွင် အတည်ပြုဆေးဘက်ဆိုင်ရာအာဏာပိုင်၏ အမြင်အား ဖြင့် လျှောက်ထားသူ၏ အခြေအနေသည် ၎င်း၏လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း၏ သက်တမ်းအတွင်း ၎င်း၏ လုပ်ငန်းတာဝန်များကို မဆောင်ရွက်နိုင်ခြင်း သို့မဟုတ် ရုတ်ခြည်းမစွမ်းဆောင်နိုင်ခြင်းဖြစ်မည့် အန္တရာယ်မရှိနိုင်ခြင်း၊ လိုအပ်ချက်မပြည့်မီခြင်းကို အခြားသောနည်းလမ်းဖြင့် ဖြည့်ဆည်းနိုင်ခြင်း၊ လျှောက်ထားသူ၏ ချို့ယွင်းချက်ကို ဖြည့်ဆည်းနိုင်သည့် စွမ်းဆောင်နိုင်မှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ကို ၎င်းကရရှိထားပြီးဖြစ်ကြောင်း ဦးစီးဌာနထံတွင် ကျေနပ်နိုင်လောက်သည့် အထောက်အထားရှိခြင်းတို့ဖြစ်ပါက လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် အတည်ပြုပေးခြင်း ပြုလုပ်နိုင်သည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် လျှောက်ထားသူက ၎င်း၏ပျံသန်းရေး တာဝန်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကန့်သတ်ချက်များ သတ်မှတ်ပေးနိုင်သည်။ ထို့ပြင်အများပြည်သူ ပို့ဆောင်ရေး သို့မဟုတ် ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်၏ ပျံသန်းရေးအမှုထမ်းတစ်ဦးသည် ဦးစီးဌာနက အသိအမှတ်ပြုထားသည့် ဆေးစစ်ဌာနများမရှိသော နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် တာဝန်ကျနေခြင်းကြောင့် ပြဋ္ဌာန်းထားသည့် ဆေးစစ်မှုကို အောင်မြင်စွာ ခံယူခဲ့ခြင်းမရှိသော်ငြားလည်း အဆိုပါအမှုထမ်းက ပြဋ္ဌာန်းထားသည့် ဆေးဘက်ဆိုင်ရာ အဆင့်အတန်းများနှင့်အညီ မှတ်ပုံတင်ထားသော ဆရာဝန်တစ်ဦးဦးထံမှ ၎င်း၏ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်ကို တင်ပြနိုင်ပါက ဦးစီးဌာနသည် အဆိုပါအမှုထမ်း၏ လိုင်စင် သို့မဟုတ် အဆင့်သတ်မှတ်ချက်ကို ၃ လနှစ်ကြိမ် ဆက်တိုက်တိုးမြှင့်ပေးနိုင်သည်။

(ခ) ပျံသန်းမှုလုပ်ငန်းများ၏ ဘေးကင်းလုံခြုံရေးအတွက် ဦးစီးဌာနသည် လိုအပ်သည်ဟု ထင်မြင်ယူဆပါက မည်သည့်လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်ရရှိသူ၊ လေကြောင်းထိန်းသိမ်းရေး လိုင်စင်ရရှိသူကိုမဆို အတည်ပြုဆေးဘက်ဆိုင်ရာအာဏာပိုင်၏ ဆေးစစ်မှုခံယူစေရန် တောင်းဆိုနိုင်သည်။

(ဂ) ဦးစီးဌာနက သတ်မှတ်ထားသည့် ကျန်းမာရေးစစ်ဆေးခြင်း စံညွှန်းများ အတိုင်း အတည်ပြု ဆေးဘက်ဆိုင်ရာ အာဏာပိုင်က စစ်ဆေးသည့် ဆေးစစ်ချက်များမှ ကျေနပ်ဖွယ်မရှိသော လျှောက်ထားလာသူများအား မည်သည့်လိုင်စင် သို့မဟုတ် စံနှုန်းအဆင့်အတန်းကိုမျှ ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းမပြုလုပ်ရ။

သို့ရာတွင် အသိအမှတ်ပြုထားသော အတည်ပြုဆေးဘက်ဆိုင်ရာ အာဏာပိုင်၏ ထင်မြင်ယူဆချက်အရ လျှောက်ထားသူ၏ အခြေအနေသည် ရုတ်တရက် အရည်အသွေးကျဆင်းခြင်း သို့မဟုတ် လိုင်စင် သို့မဟုတ် အရည်အသွေး စံနှုန်းသက်တမ်းကာလ တာဝန်ထမ်းဆောင်စဉ် အချိန် အတွင်း ဆေးဘက်ဆိုင်ရာ အားနည်းချက်များကြောင့် အန္တရာယ်မဖြစ်စေ နိုင်ခြင်းဟု ယူဆခြင်းအပြင်၊ ဦးစီးဌာနကလည်း လျှောက်ထားသူသည် ၎င်း၏စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများက ၎င်း၏ ဆေးစစ်ချက်ဆိုင်ရာ အားနည်းချက်များကို ကုစားနိုင်သည်ဟု ကျေနပ်ဖွယ် ရာ သက်သေပြပြီးဖြစ်သည်ဟု ယူဆပါက လိုင်စင်နှင့် အရည်အသွေးစံနှုန်း များကို ကန့်သတ်ချက်များနှင့် သက်တမ်းတိုးပေးခြင်း သို့မဟုတ် အသိအမှတ်ပြုခြင်းများ ပြုလုပ်နိုင်သည်။

**ကျန်းမာရေးနှင့်ပြည့်စုံကြောင်း ဆန်းစစ်ချက်နှင့် လိုင်စင်များ၏ တရားဝင်မှုသက်တမ်း**

၆၁။ အောက်ဖော်ပြပါ လိုင်စင်၏အထူးအခွင့်အရေး ကျင့်သုံးမှုတရားဝင်သက်တမ်း သည် ထိုလိုင်စင်တွင် ဖော်ပြထားသည့် အရည်အသွေးစံနှုန်းပါ ကျန်းမာရေးနှင့် ပြည့်စုံ ကြောင်း သက်သေခံလက်မှတ်၏ တရားဝင်မှုအရ သတ်မှတ်သည့်အတိုင်းဖြစ်သည်-

(က) ကျန်းမာရေးနှင့်ပြည့်စုံကြောင်း သက်သေခံလက်မှတ်၏ တရားဝင်သက် တမ်းသည်-

(၁) စီးပွားဖြစ်လုပ်ငန်း လေယာဉ်မှူးလိုင်စင်နှင့် လေကြောင်းလိုင်း လေယာဉ်မှူးလိုင်စင် အတန်းအစား (၁) အတွက် ၁၂ လဖြစ်ရမည်။

(၂) အမောင်းသင်လေယာဉ်မောင်းလိုင်စင်နှင့် ကိုယ်ပိုင်လေယာဉ်မှူး လိုင်စင် အတန်းအစား (၂) အတွက် ၆၀ လ ဖြစ်ရမည်။

(ခ) ကျန်းမာရေးနှင့်ပြည့်စုံကြောင်း သက်သေခံလက်မှတ်၏ တရားဝင် သက်တမ်းအတွက် ကင်းလွတ်ချက်များသည်-

(၁) သက်သေခံလက်မှတ် ကိုင်ဆောင်သူက အသက် ၄၀ ပြည့်ပြီးသည့် အခါ -

(ကက) အမောင်းသင်လေယာဉ်မောင်းလိုင်စင်နှင့် ကိုယ်ပိုင် လေယာဉ်မှူးအတွက် သတ်မှတ်ထားသည့် ၆၀ လ အစား ၂၄ လ သို့လျှော့ချနိုင်သည်။

(ခခ) စီးပွားဖြစ်လုပ်ငန်း လေယာဉ်မှူးလိုင်စင်နှင့် လေ ကြောင်းလိုင်း လေယာဉ်မှူးလိုင်စင်အတွက် သတ်မှတ် ထားသည့် ၁၂ လ အစား ၆ လ သို့လျှော့ချနိုင်သည်။

(၂) သက်သေခံလက်မှတ် ကိုင်ဆောင်သူက အသက် ၅၀ ပြည့်ပြီးသည့် အခါ စီးပွားဖြစ်လုပ်ငန်း လေယာဉ်မှူးလိုင်စင်နှင့် လေကြောင်း လိုင်းလေယာဉ်မှူးလိုင်စင်အတွက် ၂၄ လ အစား ၁၂ လ သို့ လျှော့ချ နိုင်သည်။

(၃) သက်သေခံလက်မှတ် ကိုင်ဆောင်သူက အသက် ၆၀ ပြည့်ပြီးသည့် အခါ စီးပွားဖြစ်လုပ်ငန်း လေယာဉ်မှူးလိုင်စင်နှင့် လေကြောင်း လိုင်းလေယာဉ်မှူးလိုင်စင်အတွက် သတ်မှတ်ထားသည့် ၆ လ အစား ၃ လ သို့ လျှော့ချနိုင်သည်။

(ဂ) ကျန်းမာရေးနှင့်ပြည့်စုံကြောင်း ဆန်းစစ်ချက်၏ အများဆုံး တရားဝင် သက်တမ်းသည် လေကြောင်းထိန်းသိမ်းရေးလိုင်စင်အတွက် ကျန်းမာရေး ဆေးစစ်ချက်ပြုသည့်နေ့မှစ၍ ၄၈ လ ဖြစ်ရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) တွင် သတ်မှတ်ထားသည့် ကျန်းမာရေး ကောင်းမွန် ကြောင်း တရားဝင်သက်တမ်းကာလသည် လေကြောင်းထိန်းသိမ်းရေး လိုင်စင်အတွက် လိုင်စင်ကိုင်ဆောင်သူက အသက် ၄၀ ပြည့်ပြီးနောက် ၂၄ လ သို့ လျှော့ချရမည်။

(င) (၁) ကျန်းမာရေးကောင်းမွန်ကြောင်း ဆန်းစစ်ချက်ပမာဏ တရားဝင်သက်တမ်းကာလသည် လေကြောင်းထိန်းသိမ်းရေးလိုင်စင်အတွက် ကျန်းမာရေးဆေးစစ်ချက်ပြုသည့်နေ့မှစ၍ စတင်ရေတွက်ရမည်။

(၂) တရားဝင်သက်တမ်းကို တိုးမြှင့်သည့်တွင် သက်တမ်းတိုးလျှောက်ထားသည့်နေ့ကို ထည့်သွင်းမစဉ်းစားဘဲ လွန်ခဲ့သောတရားဝင်သက်တမ်းကုန်ဆုံးပြီးနောက်နေ့မှစ၍ စတင်ရမည်။

သို့ရာတွင် လိုင်စင် သို့မဟုတ် သက်သေခံလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာကို သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်ဖြစ်ပြီး သက်တမ်းတိုးမြှင့်ရန်အတွက် လိုအပ်ချက်များအားလုံးကို လျှောက်လွှာတင်သွင်းချိန်တွင် ပြည့်စုံစွာဆောင်ရွက်ပြီး ဖြစ်ရမည်။

(၃) အခြားကိစ္စများတွင် ကျန်းမာရေးကောင်းမွန်ကြောင်း ဆန်းစစ်ချက်သက်တမ်းတိုးသည့် တရားဝင်သက်တမ်းသည် သက်တမ်းတိုးပေးသည့်နေ့မှ စတင်ရမည်။

**လိုင်စင်ကိုင်ဆောင်သူ၏ လက်မှတ်**

၆၂။ လျှောက်ထားသူသို့ လိုင်စင်ထုတ်ပေးပြီးသည်နှင့် ထိုသူသည် လိုင်စင်ကိုင်ဆောင်သူအနေဖြင့် လိုင်စင်ပေါ်၌ ၎င်း၏အမည်တွင် ထိုးမြဲလက်မှတ်ကို ချက်ချင်းရေးထိုးရမည်။

**လေယာဉ်ပျံသန်းမှုလိုင်စင်အတွက် ကျွမ်းကျင်မှု အထောက်အထား**

၆၃။ လိုင်စင်နှင့် အရည်အသွေးစံနှုန်းလျှောက်ထားသည့်သူများသည် အောက်ဖော်ပြပါခြင်းချက်များတွင် ပါရှိသော လက်တွေ့ပျံသန်းမှုလုပ်ငန်း အတွေ့အကြုံတို့ကို ရရှိပြီးကြောင်းကိုလည်းကောင်း၊ လိုင်စင်နှင့် အရည်အသွေးစံနှုန်းအတွက် စစ်ဆေးမှုများနှင့် စာမေးပွဲများကို ကျေနပ်လက်ခံသည့်အဆင့်အထိ အောင်မြင်ပြီးကြောင်းကို လည်းကောင်း သက်သေခံ အထောက်အထားများကို တင်ပြရမည်-

***ခြွင်းချက်(၁)။*** တပ်မတော်လေမှ အရည်အချင်းပြည့် လေယာဉ်မှူးတစ်ဦးသည် ပျံသန်းမှုတာဝန်များ ဆောင်ရွက်ရန်အတွက် ဤနည်းဥပဒေများအရ လိုအပ်သော ပျံသန်းမှုအတွေ့အကြုံများ၊ ကျန်းမာရေးနှင့် ကိုယ်ကာယကြံ့ခိုင်မှုပြည့်စုံကြောင်း လိုအပ်သည့်အဆင့်မီကြောင်း သက်သေခံ အထောက်အထားများကို တင်ပြနိုင်ပါက အဆိုပါလေယာဉ်မှူးကို ပျံသန်းမှုစစ်ဆေးခြင်း၊ ဆေးစစ်ခြင်းနှင့် ဦးစီးဌာနက ကိုယ်ပိုင်လေယာဉ်မှူး၊ စီးပွားဖြစ်လေယာဉ်မှူးနှင့် လေကြောင်းပို့ဆောင်ရေး လေယာဉ်မှူးလိုင်စင်နှင့် စပ်လျဉ်း၍ ကျင်းပသည့်နည်းပညာပိုင်းဆိုင်ရာ စာမေးပွဲဖြေဆိုခြင်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

***ခြွင်းချက်(၂)။*** စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်မှ အဆင့်တူ သို့မဟုတ် ပို၍အဆင့်မြင့်သော လိုင်စင်ထုတ်ပေးထားသူတစ်ဦးကို ညွှန်ကြားရေးမှူးချုပ်သည် ပျံသန်းရေးစစ်ဆေးမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ နည်းဥပဒေ ၁၇၂ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ စစ်ဆေးမှုများနှင့် နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးမှုများကို ကင်းလွတ်ခွင့်ပြုနိုင်သည်။ အကယ်၍ သက်တမ်းရှိလိုင်စင်ကို ကိုင်ဆောင်ထားသူဖြစ်ပါက ထိုသက်တမ်းအတွက် ညွှန်ကြားရေးမှူးချုပ်သည် ဆေးစစ်ဆေးမှုမှ ကင်းလွတ်ခွင့်ပြုနိုင်ပါသည်။

***ခြွင်းချက်(၃)။*** အထက်ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ထုတ်ပေးသည့် လိုင်စင်ဖြစ်သည့်ကိစ္စတွင် လျှောက်ထားသူသည် လေယာဉ်ပျံသန်းရန် လုံလောက်ပြီး ကျေနပ်ဖွယ်ရာ အတွေ့အကြုံရှိကြောင်းနှင့် ကျွမ်းကျင်မှုရှိကြောင်း ညွှန်ကြားရေးမှူးချုပ်က ထင်မြင်သည့်အတိုင်း လိုင်စင်၏ လေယာဉ်အရည်အသွေးစံနှုန်းတွင် အဆိုပါလေယာဉ် အမျိုးအစားကိုသာ ထည့်သွင်းရမည်။

***ခြွင်းချက်(၄)။*** ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားသူအား စာမေးပွဲဖြေဆို

အောင်မြင်ခြင်းမှ ကင်းလွတ်ခွင့်ပေးရေးအတွက် နည်းပညာပိုင်းဆိုင်ရာစာမေးပွဲများနှင့် တူညီသောသင်ရိုးညွှန်းတမ်းဆိုင်ရာ စစ်ဆေးမှုကို ဆုံးဖြတ်နိုင်သည်။

*ခြွင်းချက်(၅)။* ဦးစီးဌာနသည် လေယာဉ်မောင်းသင်တန်း၊ စာမေးပွဲ သို့မဟုတ် စမ်းသပ်ပျံသန်းမှု စသည်တို့ဆောင်ရွက်ပြီး သူတို့နှင့်အတူ အဆိုပါသင်တန်းတည်ထောင်မှု သို့မဟုတ် လေကြောင်းလိုင်းလုပ်ငန်းလုပ်ကိုင်လိုသူတို့နှင့် စပ်လျဉ်း၍ သင်ရိုးညွှန်းတမ်း၊ အသိအမှတ်ပြုလက်မှတ်၊ အမှတ်စာရင်း၊ စမ်းသပ်ပျံသန်းမှုအစီရင်ခံစာများ၊ ဆန်းစစ်ချက်များ စသည်တို့အပါအဝင် သက်ဆိုင်ရာ လေ့ကျင့်သင်တန်းမှတ်တမ်းများအားလုံးကို စာမေးပွဲအတွက် တင်ပြရန် သင်တန်းသား၊ သင်တန်းကျောင်းတည်ထောင်သူ သို့မဟုတ် လေကြောင်းလိုင်းလုပ်ငန်း တည်ထောင်သူတို့ထံ တောင်းဆိုနိုင်သည်။

**လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်အတွက် စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်း**

၆၄။ (က) ဦးစီးဌာနသည် သတ်မှတ်ထားသော စာမေးပွဲများကို ကျင်းပခြင်း၊ မြန်မာနိုင်ငံအတွင်း စာစစ်ဌာနသတ်မှတ်ခြင်း၊ စာမေးပွဲကြီးကြပ်သူများ ခန့်ထားခြင်းနှင့်စာမေးပွဲများ ကျင်းပရေးအတွက် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းတို့ ပြုလုပ်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် သတ်မှတ်ထားသော စမ်းသပ်ပျံသန်းရေးစစ်ဆေးမှုများနှင့် နည်းပညာပိုင်းဆိုင်ရာ စာမေးပွဲများပြုလုပ်ရန် စစ်ဆေးသူများအား ခန့်အပ်နိုင်ပြီး လိုအပ်ပါက နှုတ်ဖြင့်စစ်ဆေးမှုများ ပြုလုပ်ရန် ဘုတ်အဖွဲ့ကိုလည်း ဖွဲ့စည်းခန့်အပ်နိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ကျွမ်းကျင်မှုစစ်ဆေးသည့် နည်းလမ်းပုံစံကို သတ်မှတ်ပေးနိုင်ပြီး ၎င်းစစ်ဆေးမှုများ ဆောင်ရွက်ရန် စစ်ဆေးရေး

လေယာဉ်မှူးများနှင့် စစ်ဆေးသူများအား အတည်ပြုခန့်အပ်နိုင်သည်။ လိုင်စင်တစ်ခုတွင် လေယာဉ်အဆင့်သတ်မှတ်ချက် ထည့်သွင်းရန်အတွက်ဖြစ်စေ၊ လိုင်စင်၏ လေယာဉ်အဆင့်သတ်မှတ်ချက်တွင် ဖြည့်စွက်ရန်အတွက်ဖြစ်စေ၊ ပါရှိပြီးသော လေယာဉ်အရည်အသွေးစံနှုန်းအဆင့် သတ်မှတ်ချက်ကို သက်တမ်းတိုးရန်အတွက် သို့မဟုတ် ကျွမ်းကျင်မှု စစ်ဆေးရန်အတွက်ဖြစ်စေ မည်သည့်လေယာဉ်ပေါ်တွင် မည်သည့်ပုံသန်း စစ်ဆေးမှုပြုလုပ်ခြင်းအတွက်မဆို စစ်ဆေးသူများကို အစီရင်ခံတင်ပြစေနိုင်သည်။

(ဃ) လျှောက်ထားသူတစ်ဦးက စစ်ဆေးမှုတွင်ဖြစ်စေ၊ စာမေးပွဲတွင်ဖြစ်စေ မတရားသော နည်းလမ်းများကို အသုံးပြုခဲ့သည်ဟု ညွှန်ကြားရေးမှူးချုပ်က ယုံကြည်ပါက ထိုသူကို မည်သည့်စစ်ဆေးမှု သို့မဟုတ် စာမေးပွဲမှ အပြီးအပိုင်ဖြစ်စေ၊ ယာယီအားဖြင့်ဖြစ်စေ ပိတ်ပင်နိုင်သည်။

(င) စစ်ဆေးရေးလေယာဉ်မှူး သို့မဟုတ် မည်သည့်စစ်ဆေးသူ သို့မဟုတ် ဘုတ်အဖွဲ့ကမဆို ပြုလုပ်သည့် စမ်းသပ်ပျံသန်းစစ်ဆေးမှု သို့မဟုတ် စာမေးပွဲတစ်ခုကို မိမိကျေနပ်လက်ခံနိုင်ခြင်းမရှိဟု ဦးစီးဌာနက ယုံကြည်ပါက ထိုစမ်းသပ်ပျံသန်းစစ်ဆေးမှု သို့မဟုတ် စာမေးပွဲပျက်ပြယ်ကြောင်း ကြေညာပြီး ထိုစမ်းသပ်ပျံသန်းစစ်ဆေးမှု သို့မဟုတ် စာမေးပွဲကို အခြားစစ်ဆေးရေးလေယာဉ်မှူး သို့မဟုတ် စစ်ဆေးသူ သို့မဟုတ် ဘုတ်အဖွဲ့က ထပ်မံစစ်ဆေးရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်က ပထမစစ်ဆေးသည့် စစ်ဆေးရေးလေယာဉ်မှူး သို့မဟုတ် စစ်ဆေးသူကို နည်းဥပဒေ ၁၉ အရ အရေးယူသင့်သည်ဟု ထင်မြင်လျှင် အရေးယူနိုင်သည်။

(စ) လိုင်စင်ကိုင်ဆောင်သူကဖြစ်စေ၊ လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းအဆင့် သတ်မှတ်ချက် လျှောက်ထားသူကဖြစ်စေ လိုင်စင် သို့မဟုတ် အရည်အသွေး စံနှုန်းသတ်မှတ်ချက် ထုတ်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ခြင်းအတွက် စမ်းသပ်ပျံသန်းမှု စစ်ဆေးခြင်းကို အောင်မြင်ပြီး

နောက်ပိုင်း မည်သည့်ပုံသန်းမှု စစ်ဆေးခြင်းကိုမဆို ကျရှုံးပါက ကျရှုံးသည့် သည့်စစ်ဆေးမှုသည် ပထမစစ်ဆေးမှုအပေါ် သက်ရောက်မှုရှိပါက ပထမ စစ်ဆေးမှုသည် နောက်စစ်ဆေးမှုပြုလုပ်သည့် ရက်နေ့မှစ၍ ပျက်ပြယ်သည်ဟု သဘောထားပြီး ပထမစစ်ဆေးမှုအရ ရရှိခဲ့သော လုပ်ပိုင်ခွင့်များကို ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဆ) ဦးစီးဌာနသည် နည်းဥပဒေ ၅၆ အရ လိုင်စင်နှင့် အရည်အသွေးစံနှုန်းများ ထုတ်ပေးနိုင်ရန် နည်းပညာပိုင်းဆိုင်ရာ စာမေးပွဲများအတွက် အသေးစိတ် သင်ရိုးညွှန်းတမ်းများကို ချမှတ်ပြဋ္ဌာန်းနိုင်သည်။

**လေယာဉ်မှူးလိုင်စင်များနှင့် သက်တမ်းတိုးခြင်းများ**

၆၅။ (က) နည်းဥပဒေ ၅၆ အရ ထုတ်ပေးထားသော လိုင်စင်များနှင့် အရည်အသွေး စံနှုန်းများအား နည်းဥပဒေ ၆၁ တွင် ဖော်ပြထားသော အချိန်ကာလများကို ကျော်လွန်ခြင်းမရှိစေဘဲ သက်တမ်းတိုးရမည်။

သို့ရာတွင် သက်တမ်းကျော်လွန်သော လိုင်စင်များနှင့် အရည်အသွေးစံနှုန်းများအတွက် သတ်မှတ်ထားသော စစ်ဆေးခြင်းများနှင့် အရည်အသွေး စမ်းသပ်ခြင်းများတွင် အရည်အချင်းပြည့်မီရန် လိုအပ်သည်။ ထို့ပြင်အဆိုပါ စစ်ဆေးခြင်းများနှင့် အရည်အသွေးစမ်းသပ်ခြင်းများသည် ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်းဖြစ်စေရမည်။

သို့ရာတွင်လည်း လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း သက်တမ်းမတိုးမီ လျှောက်ထားသူက အတန်းအစားတူညီသော လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း ထုတ်ပေးခြင်းအတွက် လိုအပ်ချက်များကို ပြေလည်သည့်တိုင်လည်း လျှောက်ထားသူ၏ စွမ်းဆောင်ရည်သည် လိုင်စင်နှင့်အရည်အသွေးစံနှုန်းအတွက် လိုအပ်သော စံချိန်းစံညွှန်းထက် နိမ့်ကျသည်ဟု

ထင်မြင်ယူဆပါက ဦးစီးဌာနသည် လျှောက်ထားသူအား လိုအပ်ချက်အား လုံးပြည့်မီစေရေး ဆောင်ရွက်စေနိုင်သည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ကိုင်ဆောင်သူက မောင်း နှင်မည့် လေယာဉ်အမျိုးအစားတွင် ကျိုးကြောင်းဆီလျော်သော ပျံသန်းမှု အတွေ့အကြုံမရှိခြင်း သို့မဟုတ် ထိုလေယာဉ်အမျိုးအစား မောင်းနှင်ရန် လိုအပ်သော စွမ်းဆောင်ရည်မရှိခြင်းများ တွေ့ရှိလျှင် လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း သက်တမ်းတိုးလျှောက်ထားချိန်၌ လေယာဉ်အရည် အသွေးစံနှုန်းတွင် ထည့်သွင်းထားသော လေယာဉ်အမျိုးအစားကို ပယ် ဖျက်နိုင်သည်။

(ခ) လိုင်စင်ကိုင်ဆောင်သူသည် အောက်ဖော်ပြပါကိစ္စရပ်များနှင့် ပတ်သက် သော ကျန်းမာရေးပြည့်မီကြောင်း မကြာမီက စစ်ဆေးချက်မရှိလျှင် လိုင်စင်၏ အခွင့်အရေးများကို ကျင့်သုံးခြင်းမပြုရ-

(၁) ၁၅ ရက် သို့မဟုတ် ကျော်လွန်သောကာလအတွင်း လိုင်စင်အရ လုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်းမရှိအောင် နာမကျန်းခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း၊

(၂) လိုင်စင်အခွင့်အရေးများကို ကျင့်သုံးစဉ်အတွင်း ဖြစ်ပွားသော မတော်တဆ ထိခိုက်ပျက်စီးမှုတွင် ကာလရှည်ကြာသော ထိခိုက် ဒဏ်ရာ ရရှိခြင်း သို့မဟုတ် စွမ်းဆောင်နိုင်စွမ်းမရှိဟု ယူဆရခြင်း၊ တာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိဟု မှတ်ယူနိုင်ခြင်း၊ လိုင်စင်ကိုင် ဆောင်သူ သို့မဟုတ် ၎င်း၏ အလုပ်ရှင်သည် နာမကျန်းမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှုအား ဦးစီးဌာနသို့ ချက်ချင်း အကြောင်းကြား ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြထားသော အရည်အသွေးမပြည့်မီသူ၏ လိုင်စင်အား လိုင်စင်ကိုင်ဆောင်သူသည် ကျန်းမာရေးပြည့်မီကြောင်း စစ်ဆေးခြင်းကို အောင်မြင်ပြီးသည်အထိ တရားမဝင်ဟု မှတ်ယူရမည်။

(ဃ) လိုင်စင်ကိုင်ဆောင်သူသည် ၎င်းကိုယ်တိုင်က ကျန်းမာရေးကြွံခိုင်မှု အခြေအနေသည် ကိုင်ဆောင်သည့် လိုင်စင်အတန်းအစားထက် နိမ့်ကျနေသည်ဟု သတိပြုမိလျှင် လိုင်စင်ပါအခွင့်အရေးများကို ကျင့်သုံးခြင်းမရှိစေရ။

**လေယာဉ်မောင်းတစ်ဦးက ၂၈ ရက် ဆက်တိုက်ကာလအတွင်းနာရီ ၁၀၀ ထက်ပို၍ ပျံသန်းမောင်းနှင်ခြင်း မပြုရန်**

၆၆။ လေယာဉ်မှူးသည် ၎င်း၏စွမ်းဆောင်နိုင်မှုအရ ၂၈ ရက် ဆက်တိုက် ကာလအတွင်းနာရီ ၁၀၀ ထက်ပို၍ ပျံသန်းမောင်းနှင်းခြင်း မပြုရ။

သို့ရာတွင် နည်းဥပဒေ ၁၇၂ အရ ဥပဒေနှင့်အညီ ချမှတ်ရမည့်ပြစ်ဒဏ်များကို မထိခိုက်စေဘဲ ညွှန်ကြားရေးမှူးချုပ်သည် အမိန့်စာထုတ်ပြန်၍ စည်းကမ်းချက်နှင့် ကန့်သတ်ချက်များ သတ်မှတ်လျက် လေယာဉ်မှူးတစ်ဦးကို ဤနည်းဥပဒေပါ သတ်မှတ်ချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေအလိုငှာ တစ်ဦးတည်းပျံသန်းသည့် လေယာဉ်မှူး သို့မဟုတ် လေယာဉ်၏လေယာဉ်မှူးကြီးအဖြစ် ပျံသန်းချိန်နာရီများကို အပြည့်ထည့်တွက်ပြီး တွဲဖက်လေယာဉ်မှူး သို့မဟုတ် အရန်လေယာဉ်မှူးအဖြစ် ပျံသန်းခြင်းဖြစ်ပါက ပျံသန်းချိန်နာရီများ၏ ၈၀ ရာခိုင်နှုန်းကို ထည့်၍တွက်မည် ဖြစ်သည်။

**မြန်မာနိုင်ငံတွင် မှတ်ပုံတင်ပြုလုပ်မထားသည့် လေယာဉ်များ**

၆၇။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်မထားသည့် လေယာဉ်သည် ထိုလေယာဉ်ကို မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံ၏ ဥပဒေများက ပြဋ္ဌာန်းထားသည့် အမှုထမ်းများကို တင်ဆောင်ရမည်ဖြစ်ပြီး ထိုအမှုထမ်းများသည်လည်း အဆိုပါစာချုပ်ဝင်နိုင်ငံ၏ ဥပဒေများနှင့်အညီ လိုင်စင်များ ကိုင်ဆောင်ထားရမည်။

## နိုင်ငံခြားလိုင်စင်များကို တရားဝင်ပြုလုပ်ပေးခြင်း

၆၈။ စာချုပ်ဝင်နိုင်ငံတစ်ခုခုတွင် ထိုနိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်က ထုတ်ပေးထားပြီး တရားဝင်လျက်ရှိသည့် လိုင်စင်ကို ညွှန်ကြားရေးမှူးချုပ်သည် ၎င်းက သင့်လျော်သည်ဟု ထင်မြင်သောစည်းကမ်းချက်နှင့် ကန့်သတ်ချက်များဖြင့် သင့်လျော်သည့် ကာလများအတွက် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသည့် လေယာဉ်များကို ပျံသန်းမောင်းနှင်ရေးအတွက် ဤနည်းဥပဒေများအရ ထုတ်ပေးထားသကဲ့သို့ တူညီသော တရားဝင် ခွင့်ပြုနိုင်သည်။ ထိုသို့ တရားဝင်စေသည့်လိုင်စင်သည် နည်းဥပဒေ ၁၉ ပါ သတ်မှတ်ချက်များနှင့်အညီ တရားဝင်အတည် ဖြစ်စေရမည်။

## နိုင်ငံခြားလိုင်စင်များကိုမြန်မာနိုင်ငံလိုင်စင် ပြောင်းလဲခြင်း

၆၉။ စာချုပ်ဝင်နိုင်ငံ သို့မဟုတ် အခြားပြည်ပနိုင်ငံတစ်ခုခု၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်က ထုတ်ပေးထားပြီး တရားဝင်လျက်ရှိသည့်လိုင်စင်ကို ညွှန်ကြားရေးမှူးချုပ်သည် ၎င်းကသင့်လျော်သည်ဟု ထင်မြင်သော စည်းကမ်းချက်နှင့် ကန့်သတ်ချက်များဖြင့် သင့်လျော်သည့်ကာလအတွက် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်များကို ပျံသန်းမောင်းနှင်ရန်အတွက် ဤနည်းဥပဒေများအရ မြန်မာနိုင်ငံက ထုတ်ပေးထားသောလိုင်စင်အဖြစ် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ပြောင်းလဲပေးသည့်လိုင်စင်သည် နည်းဥပဒေ ၁၉ ပါ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရမည်။

## လိုင်စင်ကိုင်ဆောင်သူ၏ အနည်းဆုံးအသက် ကန့်သတ်ချက်

၇၀။ ဦးစီးဌာနသည် လိုင်စင်ကိုင်ဆောင်ရန် သတ်မှတ်ထားသော အရည်အချင်းပြည့်မီပြီး လျှောက်ထားသူ၏ အနည်းဆုံးအသက်ကန့်သတ်ချက်အား အမိန့်ကြော်ငြာစာ သို့မဟုတ် အမိန့် သို့မဟုတ် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

## လိုင်စင်ကိုင်ဆောင်ရေးအတွက် အနည်းဆုံးပညာအရည်အချင်း

၇၁။ ဦးစီးဌာနက သက်ဆိုင်ရာအမိန့်ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ထားသည့်ပညာအရည်အချင်း မကိုက်ညီသော

မည်သူ့ကိုမဆို လိုင်စင်ထုတ်ပေးခြင်း မပြုရ။

**အခကြေးငွေ**

၇၂။ ဦးစီးဌာနသည် လိုင်စင်များ၊ အသိအမှတ်ပြုလက်မှတ်များ၊ အရည်အသွေးစံနှုန်းများ သို့မဟုတ် မူရင်းခွဲလိုင်စင်များ (duplicate licences) နှင့် နည်းဥပဒေ ၆၄ နှင့် ၆၆ တွင် ဖော်ပြထားသော စမ်းသပ်ခြင်း၊ စစ်ဆေးခြင်းများအတွက် ပေးချရမည့် အခကြေးငွေများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာများ အခါအားလျော်စွာ ထုတ်ပြန်ပေးရမည်။

**မြေပြင်အင်ဂျင်နီယာများကို လိုင်စင်ထုတ်ပေးခြင်း**

၇၃။ (က) နည်းဥပဒေ ၁၀၄ နှင့် ၁၀၉ တို့အလို့ငှာ ညွှန်ကြားရေးမှူးချုပ်သည် သတ်မှတ်ထားသည့် လက်တွေ့အတွေ့အကြုံ၊ စာမေးပွဲများနှင့် စစ်ဆေးမှုလိုအပ်ချက်များတွင် ရေးဆွဲထုတ်ပြန်နိုင်ပြီး ဖြည့်ဆည်းနိုင်သည့်သူများကို အောက်ပါအတန်းအစားများအတိုင်း မြေပြင်အင်ဂျင်နီယာလိုင်စင်ကို ထုတ်ပေးနိုင်သည် -

အတန်းအစား ‘A’

အတန်းအစား ‘B1’

အတန်းအစား ‘B2’

အတန်းအစား ‘B3’

အတန်းအစား ‘C’

(ခ) **အတည်ပြုသက်သေခံလက်မှတ်** - ညွှန်ကြားရေးမှူးချုပ်မှ အသိအမှတ်ပြုလက်မှတ် ထုတ်ပြန်ပေးထားသည့် အဖွဲ့အစည်းအတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးသည် လေယာဉ်၏ပျံသန်းနိုင်ခြေနှင့် သက်ဆိုင်သည့် အထူးပြုပြင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ဆောင်ရွက်ရန်ရှိပါက အဆိုပါပုဂ္ဂိုလ်သည် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ရှိပြီး ဤဦးစီးဌာနမှ ပြဋ္ဌာန်းထားသည့်

စာမေးပွဲများနှင့် စစ်ဆေးမှုများကိုအောင်မြင်ပါက အသိအမှတ်ပြုလက်မှတ်ကို ညွှန်ကြားရေးမှူးချုပ်မှ ထုတ်ပြန်ပေးနိုင်သည်။

(ဂ) မြေပြင်အင်ဂျင်နီယာ လိုင်စင်ထုတ်ပြန်ပေးမည့် သူတိုင်းသည် အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရမည်-

(၁) လျှောက်ထားသူသည် အသက် ၂၁ နှစ် ထက်မငယ်ရ။

(၂) လျှောက်ထားသူသည် သတ်မှတ်ဖော်ပြထားသည့် လိုအပ်ချက်များနှင့် ပြည့်စုံမှုရှိရမည်။

(ဃ) မြေပြင်အင်ဂျင်နီယာ လိုင်စင်သည် ဖျက်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းမရှိပါက လိုင်စင်ပါဖော်ပြချက်အတိုင်း သက်ဝင်ခြင်းရှိရမည်။ ယင်းသို့သက်ဝင်ခြင်းသက်တမ်းသည် ၁ နှစ်ထက် ကျော်လွန်မှုမရှိစေဘဲ ဤဦးစီးဌာနတွင် သက်တမ်းတိုးမြှင့်ခြင်းကို ဆောင်ရွက်ရမည်။ သက်တမ်းတိုးမြှင့်ခြင်းကို လျှောက်ထားရာတွင် လွန်ခဲ့သော ၂ နှစ်အတွင်း၌ အနည်းဆုံး ၆ လ လက်တွေ့ လုပ်ငန်းဆောင်ရွက်ခဲ့ခြင်း သို့မဟုတ် ကြီးကြပ်ခဲ့ခြင်းရှိကြောင်း တင်ပြရမည်။

(င) သက်တမ်း ၂ နှစ်ထက် ကျော်လွန်သွားသော လိုင်စင်များကို သက်တမ်းပြန်လည်တိုးလိုပါက လျှောက်ထားသူသည် ဤဦးစီးဌာနမှ ပြဋ္ဌာန်းထားသည့် လိုအပ်ချက်များအတိုင်း စစ်ဆေးခြင်းကို အောင်မြင်ရမည်။

(စ) အတန်းအစားတစ်ခုချင်းအလိုက် ထုတ်ပြန်ပေးထားသည့် မြေပြင်အင်ဂျင်နီယာသည် နည်းဥပဒေခွဲ (က) ပါ လိုင်စင်အတန်းအစား တစ်ခုချင်းစီအလိုက် စွမ်းဆောင်ရည်ကျွမ်းကျင်မှု ရှိရမည်။

(ဆ) ဤနည်းဥပဒေအရ ထုတ်ပြန်ပေးထားသည့် လိုင်စင်တွင် ဖော်ပြပါရှိသည့် လေယာဉ်အမျိုးအစား သို့မဟုတ် လေယာဉ်အမျိုးအစားများ၊ လေယာဉ်စက်ခေါင်း၊ ချိန်ခွက်၊ တွဲဖက်ပစ္စည်း သို့မဟုတ် ပစ္စည်းကိရိယာများအတွက် လိုင်စင်ကိုင်ဆောင်သူ၏ ကျွမ်းကျင်မှုပေါ်မူတည်၍ မည်သည့် သီးခြားလုပ်ငန်းအမျိုးအစားဖြစ်စေ၊ ဤဦးစီးဌာနမှ မည်သည့်အချိန်မျိုးတွင်ဖြစ်စေ ကန့်သတ်ချက်ကို ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဈ) ဤနည်းဥပဒေခွဲ (က) ပါ မြေပြင်အင်ဂျင်နီယာလိုင်စင် အတန်းအစား A, B1, B2, B3 သို့မဟုတ် C ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) မြေပြင်အင်ဂျင်နီယာလိုင်စင်တွင် လိုင်စင်အတန်းအစားအလိုက် ထည့်သွင်းထားသည့် လေယာဉ်အမျိုးအစားများ၊ လေယာဉ်စက်ခေါင်း၊ လေယာဉ်စက်ကိရိယာစနစ်များအတွက် ပြုပြင်ထိန်းသိမ်းမှုများကို ထောက်ခံချက်ပေးခြင်း၊

(၂) မြေပြင်အင်ဂျင်နီယာလိုင်စင်တွင် လိုင်စင်အတန်းအစားအလိုက် ထည့်သွင်းထားသည့် လေယာဉ်အမျိုးအစားများ၊ လေယာဉ်စက်ခေါင်း၊ လေယာဉ်စက်ကိရိယာစနစ်များ၏ အစိတ်အပိုင်းများစစ်ဆေးခြင်း၊ ဤဦးစီးဌာနမှ အသိအမှတ်ပြုပြီးသည့် အသေးစားပြင်ဆင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဤဦးစီးဌာနမှ အသိအမှတ်ပြုပေးထားသည့် လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလက်စွဲအတိုင်း ပြုပြင်ထိန်းသိမ်းမှုများကို ဖြည့်သွင်းထားသည့် မှတ်တမ်းစာအုပ်တွင် ထောက်ခံချက်ပေးခြင်း။

**နိုင်ငံခြားမှ လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာလိုင်စင်များကို တရားဝင်လိုင်စင်ဖြစ်အောင် ဆောင်ရွက်ပေးခြင်း**

၇၄။ စာချုပ်ဝင်နိုင်ငံတစ်ခုခုတွင် ထိုနိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်က ထုတ်ပေးထားပြီး တရားဝင်လျက်ရှိသည့်လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာလိုင်စင်ကို ဦးစီးဌာနသည် ၎င်းက သင့်လျော်သည်ဟု ထင်မြင်သော စည်းကမ်းချက်နှင့် ကန့်သတ်ချက်များဖြင့် သင့်လျော်သည့် ကာလအတွက် မြန်မာနိုင်ငံမှတ်ပုံတင် လေယာဉ်များကို ပြုပြင်ထိန်းသိမ်းခြင်း၊ ထောက်ခံချက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေများအရ ထုတ်ပေးသော လိုင်စင်ကဲ့သို့ တူညီသောတရားဝင်မှုကို အပ်နှင်းနိုင်သည်။ ထို့ပြင် ထိုလိုင်စင်သည် နည်းဥပဒေ ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်အတည် ဖြစ်စေရမည်။

**လေကြောင်းထိန်းသိမ်းရေး အမှုထမ်းများအတွက် လေကြောင်းထိန်းသိမ်းရေးလိုင်စင် လိုအပ်ချက်**

၇၅။ (က) လေကြောင်းထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံ လေပိုင်နက်အတွင်းဖြစ်စေ၊ မြန်မာနိုင်ငံနယ်နိမိတ်ပြင်ပ မြန်မာနိုင်ငံ၏ လေပိုင်နက်၌ဖြစ်စေ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရ ဆောင် ရွက်ရာတွင် ဤနည်းဥပဒေများအရ ထုတ်ပေးထားသော လေကြောင်း ထိန်းဝန်ထမ်း လိုင်စင်သက်တမ်းရှိသူများ မဟုတ်လျှင် မည်သူမျှ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရ။

(ခ) တာဝန်သတ်မှတ်ပေးထားသည့် စစ်ဘက်ဆိုင်ရာ အာဏာပိုင်သည် စစ်ဘက်အသုံးပြုရန် သတ်မှတ်ထားသည့် လေပိုင်နက်အတွင်း ပျံသန်းသည့် အရပ်ဘက်လေယာဉ်များအား စစ်ဘက်ဆိုင်ရာ လေကြောင်းထိန်းဝန်ထမ်း များက ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီ လည်းကောင်း လေကြောင်းထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင် သည်။

၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေမပြဋ္ဌာန်းမီက လေကြောင်းထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသော လေကြောင်းထိန်း ဝန်ထမ်းတစ်ဦးဦးသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံး၍ လေကြောင်းထိန်းသိမ်းရေးလိုင်စင်ရရှိသည့် အချိန်အထိ သို့မဟုတ် ဦးစီးဌာနက သတ်မှတ်ပေးသည့် အချိန်အတိုင်းအတာကာလအထိ၊ ယင်းကာလနှစ်ရပ်အနက် စောရာ ကာလအထိ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခွင့် ရှိသည်။

**လေယာဉ်ကွင်း၌ လေကြောင်းထိန်းသိမ်းရေး ဝန်ဆောင်မှုပေးခြင်းကို ထောက်ပံ့ ဖြည့်ဆည်းပေးခြင်း**

၇၆။ ဦးစီးဌာနသည် လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူအား နည်းဥပဒေ ၅၆ တွင် ဖော်ပြထားသည့်အတိုင်း လေကြောင်းထိန်းသိမ်းရေးလုပ်ငန်း၊ လေယာဉ်ကွင်း

လေကြောင်းသတင်းအချက်ပြလုပ်ငန်း သို့မဟုတ် အပြန်အလှန်ရေဒီယို ဆက်သွယ်ခြင်း သို့မဟုတ် လေယာဉ်ပျံသန်းမှုဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်သည်ဟု မှတ်ယူနိုင်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

**အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု လိုအပ်ချက်များ**

၇၇။ လေယာဉ်ပျံနှင့် ရဟတ်ယာဉ်လေယာဉ်မှူးများ၊ လေကြောင်းထိန်းသိမ်းရေး အရာရှိများသည် ဘာသာစကားကျွမ်းကျင်မှုအဆင့် လိုအပ်ချက်နှင့်အညီ ရေဒီယိုတယ်လီဖုန်း ဆက်သွယ်ရေးအတွက် အသုံးပြုသည့် စကားပြောနှင့် နားလည်မှုစွမ်းရည်အတွက် လက်တွေ့လေ့ကျင့် သင်ကြားရမည်။

**အခကြေးငွေနှင့် အခြားကောက်ခံမှုများ**

၇၈။ (က) အောက်ပါလိုင်စင်များအတွက် လျှောက်ထားသူသည် ၎င်း၏ လိုင်စင်သက်တမ်းတိုးခြင်း၊ တရားဝင်ဖြစ်စေခြင်းနှင့် အရည်အသွေးစံနှုန်း သတ်မှတ်ခြင်း သို့မဟုတ် မူရင်းခွဲလိုင်စင် (duplicate licence) လျှောက်ထားခြင်း၊ စမ်းသပ်ခြင်းများနှင့် စစ်ဆေးခြင်းများအတွက် အခကြေးငွေပေးဆောင်ရမည်-

(၁) လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်၊

(၂) လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာလိုင်စင်၊

(၃) ကျန်းမာရေး ဆေးစစ်ခြင်း၊

(၄) ဘာသာရပ်အရည်အသွေး စစ်ဆေးခြင်း။

**မှတ်ချက်။** ဦးစီးဌာနသည် အခကြေးငွေများကို နည်းဥပဒေ ၇၂ တွင် ဖော်ပြချက်နှင့်အညီ အမိန့်ကြော်ငြာစာ သို့မဟုတ် အမိန့်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) လျှောက်ထားသူသည် ဆန်းစစ်ချက်များနှင့်စပ်လျဉ်း၍ ကောက်ခံမှုများ ရရှိပါက ပေးဆောင်ရမည်။ ထို့ပြင်အစိုးရဝန်ထမ်း စစ်ဆေးသူတစ်ဦးဦးက ဆန်းစစ်ချက်ပြုလုပ်သောကာလတွင် ပါဝင်လျှင် ဦးစီးဌာနက အမိန့်ကြော်

ပြာစာ သို့မဟုတ် အသိပေးနှိုးဆော်စာ သို့မဟုတ် အမိန့်ဖြင့် သတ်မှတ်သော အခကြေးငွေကို ဆန်းစစ်ချက်တစ်ခုစီအတွက် ပေးဆောင်ရမည်။

(ဂ) အခကြေးငွေများကို ညွှန်ကြားရေးမှူးချုပ်ထံသို့ အမိန့်နှင့်အညီ ပေးဆောင်ရမည်။

**လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း ကိုင်ဆောင်သူအတွက် အများဆုံးအသက်ကန့်သတ်ချက်**

၇၉။ မည်သူမျှ ဤအခန်းတွင်ဖော်ပြထားသော လိုင်စင်၏အထူးအခွင့်အရေးများအား အသက် ၆၀ နှစ် ပြည့်ပြီးသော လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာ သို့မဟုတ် လေကြောင်းထိန်းသိမ်းရေးအရာရှိအဖြစ်သော် လည်းကောင်း၊ အသက် ၆၅ နှစ် ပြည့်ပြီးသော လေယာဉ်ပျံသန်းရေးအမှုထမ်းအဖြစ်သော် လည်းကောင်းဆောင်ရွက်ခြင်း မပြုရ။

**လေကြောင်းထိန်းသိမ်းရေးလိုင်စင်၏ တရားဝင်သက်တမ်းကာလ**

၈၀။ (က) လေကြောင်းထိန်းသိမ်းရေးလိုင်စင်၏ သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ အများဆုံး ၅ နှစ်အထိ သက်တမ်းရှိပြီး ၅ နှစ် တစ်ကြိမ်နောက်ထပ် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ခ) (၁) လိုင်စင်တစ်ခု၏ တရားဝင်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှ စတင်ရေတွက်ရမည်။

(၂) တရားဝင်သက်တမ်းကို တိုးမြှင့်သည့်ကိစ္စတွင် သက်တမ်းတိုးမြှင့်ပေးသည့်နေ့ကို ထည့်သွင်းမစဉ်းစားဘဲ လွန်ခဲ့သောတရားဝင်သက်တမ်းကုန်ဆုံးပြီး နောက်နေ့မှ လိုင်စင်သက်တမ်းကို စတင်ရမည်။ သို့ရာတွင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာကို သက် တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်ဖြစ်ပြီး သက်တမ်းတိုးရန်အတွက် လိုအပ်ချက်များအားလုံးကို လျှောက်လွှာ တင်သွင်းချိန်တွင် ပြည့်စုံစွာဆောင်ရွက်ပြီး ဖြစ်ရမည်။

(၃) အခြားကိစ္စများတွင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးသည့် တရားဝင်သက်တမ်းသည် သက်တမ်းတိုးမြှင့်ပေးသည့်နေ့မှ စတင်ရမည်။

**ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထောက်ခံချက်မရှိသည့် တရားမဝင်လိုင်စင်**

၈၁။ နည်းပဒေ ၅၆၊ နည်းဥပဒေခွဲ (က) နှင့် (ဂ) အရ ထုတ်ပေးထားသော လိုင်စင်တစ်ခုသည် ကျန်းမာရေးနှင့်ပြည့်စုံကြောင်း တရားဝင်သက်တမ်းရှိသည့် ဆန်းစစ်ချက်အားပူးတွဲတင်ပြနိုင်ခြင်းမရှိလျှင် တရားဝင်သက်တမ်းမရှိစေရ။ ထို့ပြင်ကျန်းမာရေးနှင့် ပြည့်စုံကြောင်း တရားဝင်သက်တမ်းရှိသည့် ဆန်းစစ်ချက်တင်ပြရန်ပျက်ကွက်ပါ လိုင်စင်ကိုင်ဆောင်သူသည် လိုင်စင်၏အထူးအခွင့်အရေးများကို ကျင့်သုံးဆောင်ရွက်ခြင်းမရှိစေရ။

**ကျန်းမာရေးကောင်းမွန်မှု လျော့နည်းလာခြင်း**

၈၂။ (က) နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က) နှင့် (ဂ) တို့အရ လိုင်စင်ရရှိသူသည်-

(၁) လုပ်ငန်းဆောင်ရွက်နေသည့် ကာလအတွင်း မည်သည့်အချိန်တွင်မဆို ၎င်း၏ခန္ဓာကိုယ်အခြေအနေ ယုတ်လျော့လာသည့်အပြင် လိုင်စင်တွင်လိုအပ်သော စံသတ်မှတ်ချက်အောက် လျော့နည်းလာပြီး ကျန်းမာရေးမကောင်းမှု ဖြစ်လာသည့်အခါ ၎င်း၏လိုင်စင်နှင့်အရည်အသွေးစံနှုန်း၏ အထူးအခွင့်အရေးကို ကျင့်သုံးခြင်း မပြုရ။

(၂) မကျန်းမာမှု သို့မဟုတ် ဒဏ်ရာရမှုကြောင့် ၎င်း၏တာဝန်ကို ရက်ပေါင်း ၂၀ ထက်ပို၍ တစ်ဆက်တည်းမလုပ်ကိုင်နိုင်သည့် အခြေအနေ သို့မဟုတ် ၎င်း၏တာဝန်ကို အပြည့်အဝကျွမ်းကျင်စွာ မထမ်းဆောင်နိုင်သည့်အခြေအနေ ဖြစ်ပွားပြီး ကျန်းမာရေးဆေးစစ်ချက် အသစ်ပြုလုပ်ပြီးကြောင်း ကြေညာခြင်းမပြုဘဲ ၎င်း၏လိုင်စင်အရ အထူးအခွင့်အရေးကိုကျင့်သုံးခြင်းမပြုရ။

(၃) ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏အလုပ်ရှင်ကဖြစ်စေ မကျန်းမာမှု သို့မဟုတ် ဒဏ်ရာရမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

(ခ) အထက်နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၂) အရ မစွမ်းဆောင်နိုင်

သူ၏ လိုင်စင်ကို ထိုလိုင်စင်ရရှိသူအား ကျန်းမာရေးဆေးစစ်ချက်အသစ် မပြုလုပ်မီ တရားမဝင်ဟု မှတ်ယူရမည်။

**အရည်အသွေးစံနှုန်းနှင့် ထပ်ဆင့်ထောက်ခံချက် တရားဝင်မှုထိန်းသိမ်းခြင်း**

၈၃။ (က) လေကြောင်းထိန်းသိမ်းရေးအရာရှိ လိုင်စင်ရရှိသူသည် အောက်ပါတို့အတွက် ကျွမ်းကျင်မှုနှင့် လက်တလောလိုအပ်ချက်များနှင့် အရည်အသွေးစံနှုန်းများ မပြည့်စုံလျှင် လိုင်စင်အပေါ် ထပ်ဆင့်ကောက်ခံထားသော လိုင်စင်နှင့် အရည်အသွေးစံနှုန်းတို့၏ အထူးအခွင့်အရေးများကို ကျင့်သုံးခြင်း မပြုရ-

(၁) အဆိုပါလိုင်စင်ရရှိသူက ထိုသို့ဆောင်ရွက်သည့်နေရာတွင် လေကြောင်းဝန်ဆောင်မှု လုပ်ငန်းယူနစ်အတွက် တရားဝင်မှု သို့မဟုတ်

(၂) အဆိုပါလိုင်စင်ရရှိသူက ထိုသို့ဆောင်ရွက်သည့်နေရာနှင့် ထောက်လှမ်းရေးပစ္စည်းကိရိယာအတွက် တရားဝင်မှု၊

(ခ) အဆိုပါလိုင်စင်ရရှိသူက လေကြောင်းထိန်းသိမ်းရေးအရာရှိအဖြစ် သီးခြားယူနစ်တစ်ခုတွင် ဆောင်ရွက်မှုရပ်စဲလျှင်ပင် ထိုသူသည် ဦးစီးဌာနက သတ်မှတ်သည့် ယခင်ကလိုအပ်ချက်များဖြင့် ၎င်း၏အရည်အသွေးစံနှုန်းကို ထိန်းသိမ်းထားနိုင်သည်။

**လိုင်စင်ရရှိသူက လေကြောင်းထိန်းဝန်ဆောင်မှုလုပ်ငန်း ယူနစ်ပြောင်းလဲမှု အကြောင်းကြားရန် တာဝန်**

၈၄။ လေကြောင်းထိန်းဝန်ဆောင်မှုလုပ်ငန်း ယူနစ်တစ်ခုအတွက် အရည်အသွေးစံနှုန်း တရားဝင်မှုရပ်စဲသည့်အခါ လိုင်စင်ကိုင်ဆောင်သူသည် လေကြောင်းထိန်း ဝန်ဆောင်မှုပေးသည့်နေရာရှိ ကြီးကြပ်သူထံသို့ ချက်ချင်းအကြောင်းကြားရမည့်အပြင် အဆိုပါ အရည်အသွေးစံနှုန်းကို ပြန်လည်တရားဝင်မှုပြုသည်အထိ ထိုယူနစ်တွင် လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ။

**လေကြောင်းထိန်းသိမ်းရေးလိုင်စင်အတွက် လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း ကုန်ဆုံး၍ သက်တမ်းတိုးမြှင့်ခြင်း**

၈၅။ လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းသတ်မှတ်ချက်များ သက်တမ်းကုန်ဆုံးသည့်ရက်တွင် သက်တမ်းတိုးရန် လျှောက်ထားပါက ထိုလိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းသတ်မှတ်ချက်များအား ပြည့်မီခြင်းရှိမရှိ စစ်ဆေးရန်အတွက် လျှောက်ထားသူသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းခွင် သင်တန်းများ တက်ရောက်ခြင်း၊ ကျွမ်းကျင်မှု စာမေးပွဲနှင့် အရည်အသွေး ဆန်းစစ်ခြင်းများကို အောင်မြင်ရမည်။

**လေကြောင်းထိန်းသိမ်းရေးအရာရှိအတွက် ကျွမ်းကျင်မှုအထောက်အထား**

၈၆။ (က) လိုင်စင်တစ်ခုခုထုတ်ပေးရန်နှင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသူသည် ရရှိထားသောကျွမ်းကျင်မှု သက်သေခံအထောက်အထားနှင့် ဦးစီးဌာနက လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စမ်းသပ်မှုနှင့် စာမေးပွဲတို့ကို ကျေနပ်ဖွယ်ရာရှိကြောင်း အောင်လက်မှတ်တို့ကို တင်ပြရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် တပ်မတော် (လေ) မှ အရည်အချင်းပြည့်စုံသော လေကြောင်းထိန်းသိမ်းရေး တပ်မတော်အရာရှိက လိုအပ်သော စာမေးပွဲတစ်ရပ်ရပ်၊ ကျန်းမာရေး စစ်ဆေးချက် သို့မဟုတ် အခြားနည်းပညာဆိုင်ရာ စာမေးပွဲအောင်လက်မှတ်တို့ကို ဤနည်းဥပဒေများအရ လိုအပ်သည့် ကျေနပ်ဖွယ်ရာ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် ကိုယ်ခန္ဓာကြံ့ခိုင်မှု အထောက်အထားများရှိပါက ထိုသူအား ကင်းလွတ်ခွင့်ပေးနိုင်သည်။

(ဂ) ဦးစီးဌာနသည် သင်ရိုးညွှန်းတမ်းစာမေးပွဲတွင် အဆိုပါလျှောက်ထားသူအား သီးခြားစည်းမျဉ်းဥပဒေများအရ လိုအပ်သော စာမေးပွဲ အောင်လက်မှတ်များ ရယူတင်ပြစေခြင်းမှ ကင်းလွတ်ခွင့်ပေးရေးအတွက် ထိုစာမေးပွဲနှင့် တူညီသောစာမေးပွဲကို သတ်မှတ်နိုင်သည်။

(ဃ) ဦးစီးဌာနသည် စာမေးပွဲဖြေသူ၊ လျှောက်ထားသူ သို့မဟုတ် သင်တန်းပေးသည့် အဖွဲ့အစည်းအား သင်တန်းပြီးဆုံးကြောင်း၊ သင်တန်းတည်ထောင်ဖွင့်လှစ်ထားကြောင်း အထောက်အထားနှင့်စပ်လျဉ်း၍ စာမေးပွဲအတွက်

သင်ရိုးညွှန်းတမ်းများ၊ သက်သေခံလက်မှတ်များ၊ အမှတ်စာရင်းများ၊ အလုပ်ခွင်သင်တန်းဆင်း အစီရင်ခံစာများနှင့် ဆန်းစစ်ချက်များ စသည်တို့ အပါအဝင် သက်ဆိုင်ရာ သင်တန်းပို့ချမှု အထောက်အထားများ တင်ပြရန် တောင်းဆိုနိုင်သည်။

**လေကြောင်းထိန်းသိမ်းရေးအရာရှိအတွက် စမ်းသပ်ခြင်း၊ ဆန်းစစ်ခြင်းနှင့် စာမေးပွဲ ကျင်းပခြင်း**

၈၇။ (က) ဦးစီးဌာနသည် စည်းမျဉ်းများအရ ဦးစီးဌာနက သတ်မှတ်သော ဗဟုသုတကျွမ်းကျင်မှုအဆင့် စမ်းသပ်ရန်စာမေးပွဲကျင်းပခြင်း၊ မြန်မာနိုင်ငံ အတွင်း စာစစ်ဌာနများသတ်မှတ်ခြင်း၊ စာမေးပွဲကြီးကြပ်သူများ ခန့်အပ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း ပြုနိုင်သည်။

(ခ) ဦးစီးဌာနသည် လိုင်စင်များနှင့် သတ်မှတ်အရည်အသွေးစံနှုန်းများ ထုတ်ပေးရေးအတွက် အသေးစိတ်စာမေးပွဲ သင်ရိုးမာတိကာများ သတ်မှတ်ထားရမည်။

(ဂ) (၁) ညွှန်ကြားရေးမှူးချုပ်သည် စာမေးပွဲများကျင်းပရေးနှင့် ဆန်းစစ်ရေးအတွက် စာမေးပွဲကြီးကြပ်သူများကို ခန့်အပ်တာဝန်ပေးနိုင်သည်။ ထို့ပြင် နှုတ်ဖြေစာမေးပွဲများနှင့် ဆန်းစစ်ချက်များအတွက် လိုအပ်ပါက ဘုတ်အဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်သည်။

(၂) စာမေးပွဲကြီးကြပ်သူများကို ဦးစီးဌာနက သတ်မှတ်သည့် အရည်အသွေးစံနှုန်းကို အခြေခံ၍ ရွေးချယ်ရမည်။ ထို့ပြင် လိုင်စင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် လိုင်စင်အပေါ် အရည်အသွေးစံနှုန်း ထောက်ခံချက်နှင့် စပ်လျဉ်း၍ စာမေးပွဲကျင်းပခြင်းနှင့် ဆန်းစစ်ခြင်းအတွက် အစီရင်ခံစာကို လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သို့ တင်ပြရမည်။

(ဃ) ဦးစီးဌာနသည် အကဲဖြတ်ဆန်းစစ်ချက်ကျင်းပရေး နည်းလမ်းများကို သတ်မှတ်နိုင်သည့်အပြင် ကျွမ်းကျင်မှု စစ်ဆေးချက်များကိုလည်း

ဆောင်ရွက်ရမည်။

(င) ဦးစီးဌာနသည် အကဲဖြတ်ဆန်းစစ်ချက် သို့မဟုတ် စာမေးပွဲ ကျင်းပနေသည့် အချိန်အတွင်း ဖြေဆိုသူတစ်ဦးက မသင့်လျော်မမျှတသော ပြုလုပ်မှုကို ပြုလုပ်သည်ဟု ထင်မြင်လျှင် ထိုသူအား ခေတ္တဖြစ်စေ၊ ရာသက်ပန်ဖြစ်စေ အကဲဖြတ်ဆန်းစစ်ချက် သို့မဟုတ် စာမေးပွဲတွင် ဖြေဆိုခြင်းမှ ပိတ်ပင်နိုင်သည်။

(စ) (၁) ဦးစီးဌာနသည် စာမေးပွဲ သို့မဟုတ် အကဲဖြတ်ဆန်းစစ်ချက်ကို ကျေနပ်ဖွယ်ရာမရှိဟု ထင်မြင်လျှင် အခွင့်အာဏာရှိသူ သို့မဟုတ် ဘုတ်အဖွဲ့ကကျင်းပသည့် စာမေးပွဲအား ပျက်ပြယ်ကြောင်း ကြေညာနိုင်ပြီး အခြားအခွင့်အာဏာရှိသူ သို့မဟုတ် ဘုတ်အဖွဲ့က စာမေးပွဲ သို့မဟုတ် ဆန်းစစ်ချက်ကို ပြန်လည်ကျင်းပရန် တောင်းဆိုနိုင်သည်။

(၂) ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ အခွင့်အာဏာရှိသူ သို့မဟုတ် ဘုတ်အဖွဲ့ကို သင့်တော်သည်ဟု ယူဆသည့်အတိုင်း ဖွဲ့စည်းနိုင်သည်။

## လေကြောင်းဝန်ဆောင်မှု ယူနစ်များတွင် ရေဒီယိုအမည်နာမသင်္ကေတများ အသုံးပြုခြင်း

၈၈။ အပြန်အလှန်ရေဒီယိုဆက်သွယ်ရေး လိုင်စင်ကိုင်ဆောင်သူသည် သတ်မှတ်ပေးထားသော ရေဒီယိုအမည်နာမ သင်္ကေတမှအပ အခြားသော ရေဒီယိုအမည် နာမ သင်္ကေတအား အသုံးပြုခြင်း၊ သို့မဟုတ် အခြားသူများအား အသုံးပြုရန် ခွင့်ပြုခြင်း မပြုရ။

## စောင့်ကြည့်သည့် တာဝန်ချိန် ကန့်သတ်ချက်များ

၈၉။ ဤအခန်းအရ ထုတ်ပေးထားသော လိုင်စင်ကိုင်ဆောင်သူသည် ဦးစီးဌာနက သတ်မှတ်ထားသော စောင့်ကြည့်တာဝန်ချိန် ကန့်သတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)
## ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု

### ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု အခြေအနေစံချိန်စံညွှန်းများ

၉၁။ မြန်မာနိုင်ငံသို့ တင်သွင်းမည့် လေယာဉ်၊ လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများအတွက် ဥပရောပလေကြောင်း အာဏာပိုင်အဖွဲ့ သို့မဟုတ် အမေရိကန် လေကြောင်းအာဏာပိုင်အဖွဲ့တို့မှ ထုတ်ပြန်ပေးထားသည့် လေယာဉ်အမျိုးအစား အသိမှတ်ပြုလက်မှတ်အား ဦးစီးဌာနက လက်ခံသည်။

သို့ရာတွင်-

(က) ဦးစီးဌာနက ပြဋ္ဌာန်းထားသည့် လေယာဉ်များ ဘေးကင်းစွာ ပျံသန်းနိုင်မှု အခြေအနေအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

(ခ) တင်သွင်းမည့် ပစ္စည်းသည် လေကြောင်းဆိုင်ရာ အသုံးပြုရန် သင့်လျော်ကြောင်းဖော်ပြသည့် နည်းပညာအချက်အလက်နှင့် စာရွက်စာတမ်းများကို ဦးစီးဌာန၏ သတ်မှတ်ပြဋ္ဌာန်းချက်အရ လျှောက်ထားသူက ဖြည့်ဆည်းပေးရမည်။

ထို့ပြင် ဦးစီးဌာနက အမိန့်ကြော်ငြာစာ ရေးသားထုတ်ပြန်၍ အမိန့်ကြော်ငြာစာတွင် သတ်မှတ်ဖော်ပြချက်များအရ လေယာဉ်၊ လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများကို ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

### လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ် လေယာဉ်အမျိုးအစားများ

၉၁။ လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ်ကို လေယာဉ်အုပ်စုအလိုက် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အမျိုးအစားများခွဲခြား၍ သတ်မှတ်လက်ခံနိုင်သည်။ လေယာဉ်အသုံးပြုခြင်းကို လေယာဉ်အမျိုးအစားအသိအမှတ်ပြု လက်မှတ်တွင် ခွင့်ပြုထားသည့်အတိုင်း ကန့်သတ်ထားရမည်။

**လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ယာယီ ရပ်ဆိုင်းခြင်း**

၉၂။ ညွှန်ကြားမှူးချုပ်သည် လေယာဉ်၊ လေယာဉ်၏ အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများတွင် ချို့ယွင်းချက်တစ်ခုခုကြောင့် လေယာဉ်၏ဘေးကင်းလုံခြုံမှုကို ထိခိုက်စေသည်ဟု လုံလောက်သောအကြောင်းခြင်းရာရှိပါက ယင်းလေယာဉ်၊ လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများအတွက် လက်ခံထားသည့် လေယာဉ်အမျိုးအစား အသိမှတ်ပြုပြု လက်မှတ်ကို ကိစ္စရပ်အလိုက် ပယ်ဖျက်ခြင်း သို့မဟုတ် ယာယီဆိုင်းငံ့ခြင်းကို သော်လည်းကောင်း၊ လေယာဉ်အမျိုးအစား အသိမှတ်ပြုလက်မှတ်ကို ဆက်လက်သက်ဝင်စေရန် ယင်းချို့ယွင်းချက်အတွက် လိုအပ်သည့်ပြုပြင်မွမ်းမံမှုများက ဆောင်ရွက်စေခြင်း သော်လည်းကောင်း ပြုလုပ်နိုင်သည်။

**လေယာဉ်အသံနှင့် သက်ဆိုင်သည့် လက်မှတ်**

၉၃။ (က) လေယာဉ်ပိုင်ရှင်သည် ဝေဟင်တွင်စိတ်ချစွာ ပျံသန်းနိုင်ကြောင်း လက်မှတ်နှင့်အတူ လေယာဉ်အသံနှင့် သက်ဆိုင်သည့် လက်မှတ်ကို လျှောက်ထားရယူရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်ထံမှ စာဖြင့်ရေးသားခွင့်ပြုချက်မရရှိပါက ဤနည်းဥပဒေ ခွဲ (က) ပါ သတ်မှတ်ချက်အရ လေယာဉ်အသံနှင့် သက်ဆိုင်သည့် လက်မှတ်မရှိသော သို့မဟုတ် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ နောက်ဆက်တွဲ အမှတ် ၁၆၊ အတွဲ ၁ ပါလေယာဉ်အသံနှင့် စပ်လျဉ်းသည့် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော မည်သည့် လေယာဉ်ကိုမျှ ပျံသန်းမောင်းနှင်ခြင်း မရှိစေရ။

(ဂ) ဤနည်းဥပဒေခွဲ (က) နှင့် (ခ) တို့အလို့ငှာ အသံနှင့်သက်ဆိုင်သည့် လက်မှတ်အတွက် သတ်မှတ်ချက်များသည် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရမည်။

**လေယာဉ်အင်ဂျင်မှ ထုတ်လွှတ်ခြင်း**

၉၄။ ဦးစီးဌာနသည် လေယာဉ်အင်ဂျင်မှ ထုတ်လွှတ်ခြင်းဆိုင်ရာ လိုအပ်ချက် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်သည်။

## ဝေဟင်တွင်စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်

၉၅။ (က) လေယာဉ်ပိုင်ရှင် သို့မဟုတ် လေယာဉ်လုပ်ငန်းဆောင်ရွက်သူသည် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကို ထုတ်ပြန်ပေးရန် သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် သို့မဟုတ် အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခုမှ ထုတ်ပြန်ထားသော အသိမှတ်ပြုလက်မှတ်အား တရားဝင်စေရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် လေယာဉ်နှင့် စပ်လျဉ်း၍ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကို ထုတ်ပြန်ခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ခြင်းကို အောက်ပါ အကြောင်းအချက်များနှင့်ညီညွတ်လျှင် ဆောင်ရွက်နိုင်သည်-

(၁) လျှောက်ထားသူသည် ဦးစီးဌာနက အထူး သို့မဟုတ် အထွေထွေ အမိန့်နှင့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သည့် စာရွက်စာတမ်းများနှင့် အထောက်အထားများကို တင်ပြလျှောက်ထားလာခြင်း၊

(၂) လေယာဉ်သည် ဝေဟင်တွင်စိတ်ချစွာ ပျံသန်းနိုင်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ကျေနပ်မှုရှိခြင်း။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် တင်သွင်းလာသည့် လေယာဉ်တစ်မျိုးမျိုးနှင့် ပတ်သက်၍ အခြားစာချုပ်ဝင်နိုင်ငံတစ်ခုမှ ထုတ်ပေးထားသော ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကို အောက်ပါအချက်များနှင့် ကိုက်ညီလျှင် ဆက်လက်၍တရားဝင်စေရန် အတည်ပြုပေးနိုင်သည်-

(၁) လေယာဉ်တင်ပို့သည့် စာချုပ်ဝင်နိုင်ငံ၏ လေကြောင်းအာဏာပိုင်အဖွဲ့မှ အဆိုပါလေယာဉ်အတွက် လေယာဉ်၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ် သို့မဟုတ် အလားတူ စာရွက်စာတမ်းကို ထုတ်ပြန်ပေးထားခြင်း၊

(၂) ဦးစီးဌာနက ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ရေးအတွက် ချမှတ်

ထားသော လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ထားမှု ရှိခြင်း၊

(၃) လျှောက်ထားသူသည် ဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ လိုအပ်သည့် နည်းပညာဆိုင်ရာ အချက်အလက်နှင့် စာတမ်းအမှတ်အသားများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသော လေယာဉ်အသုံးပြုမှုဆိုင်ရာ အတန်းအစားအလိုက် ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်ကြောင်း လက်မှတ်ကို သတ်မှတ်ထားချက်များနှင့်အညီ ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် အတည်ပြုချက်ပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ ဝေဟင်တွင်စိတ်ချစွာ ပျံသန်းနိုင်ကြောင်း လက်မှတ်တွင် ကန့်သတ်ချက်အတိုင်း လေယာဉ်ကိုပျံသန်းအသုံးပြုရမည်။

(င) ဤနည်းဥပဒေများနှင့်အညီ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း အသိမှတ်ပြုလက်မှတ်သည် ထိုအသိအမှတ်ပြုလက်မှတ်တွင် ဖော်ပြထားသောနေ့မှ တစ်နှစ်အထိဖြစ်ပြီး ညွှန်ကြားရေးမျူးချုပ်က သတ်မှတ်ကာလအတိုင်း အခါအားလျော်စွာ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ ထို့ပြင် ညွှန်ကြားရေးမှူးချုပ်သည် လေယာဉ်အားစစ်ဆေးခြင်း သို့မဟုတ် ပျံသန်းမှုအား စမ်းသပ်စစ်ဆေးခြင်းပြုရန်အလို့ငှာ ညွှန်ကြားရေးမှူးချုပ်၏ အခွင့်အာဏာအပ်နှင်းထားသူတစ်ဦးက လေယာဉ်အား စစ်ဆေးရမည် သို့မဟုတ် ပျံသန်းမှုကို စစ်ဆေးရမည်။ လေယာဉ်ပိုင်ရှင် သို့မဟုတ် လေယာဉ်လုပ်ငန်း ဆောင်ရွက်သူသည် အဆိုပါစစ်ဆေးခြင်း၊ စမ်းသပ်ခြင်းအတွက် လိုအပ်ချက်အားလုံးကို ထောက်ပံ့အကူအညီ ပေးရမည်။

**အလေးချိန်**

၉၆။ ဤနည်းဥပဒေများအရ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု အခြေအနေရှိကြောင်း သတ်မှတ်ဖော်ပြရန် လိုအပ်သည့် လေယာဉ်တိုင်းသည် ဦးစီးဌာနမှ သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ အလေးချိန် ချိန်တွယ်ရမည်။

**လေယာဉ် အတန်းအစားများ**

၉၇။ လေယာဉ်၏ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကို ဦးစီးဌာနက

သတ်မှတ်ထားသော တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသော အတန်းအစားအဖြစ် ထုတ်ပြန်နိုင်သည်။ လေယာဉ်ပျံသန်းဆောင်ရွက်ခြင်းများအား လေယာဉ်၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်တွင် ကန့်သတ်ခွင့်ပြုထားသည့် အတန်းအစား အလိုက် ဆောင်ရွက်ရမည်။

**ပြုပြင်မွမ်းမံခြင်းနှင့် ပြင်ဆင်ခြင်း**

၉၈။ (က) ညွှန်ကြားရေးမှူးချုပ်၏ ကြိုတင်သဘောတူညီချက်မရရှိလျှင် သို့မဟုတ် ဤနည်းဥပဒေများအရ ပြုပြင်မွမ်းမံခြင်းနှင့် ပြင်ဆင်ရန် လိုအပ်ခြင်း မရှိလျှင် ပုဂ္ဂိုလ်တစ်ဦးသည် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်အတည်ဖြစ်နေသော လေယာဉ်နှင့်စပ်လျဉ်း၍ လုံခြုံစိတ်ချရမှုကို ထိခိုက်စေသော ပြုပြင်မွမ်းမံခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခြင်း မပြုရ။

(ခ) (၁) ဦးစီးဌာနက အခြားနည်းဖြင့် သတ်မှတ်ဖော်ပြထားခြင်းမရှိလျှင် လေယာဉ်နှင့်၊ လေယာဉ်၏အစိတ်အပိုင်းများ၊ ဆက်စပ်ပစ္စည်းများ ကို ထုတ်လုပ်သူက ပြုပြင်မွမ်းမံခြင်းကို ဥပရောပလေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေးအာဏာပိုင်အဖွဲ့ သို့မဟုတ် ဖက်ဒရယ် လေကြောင်းအာဏာပိုင်အဖွဲ့ (European Aviation Safety Agency or Federal Aviation Administration) က အတည်ပြုပြီးဖြစ်လျှင် အဆိုပါ ပြုပြင်မွမ်းမံခြင်းကို အတည်ပြုသော ပြုပြင်မွမ်းမံခြင်းအဖြစ် မှတ်ယူနိုင်သည်။

(၂) ဦးစီးဌာနက အခြားနည်းဖြင့် သတ်မှတ်ဖော်ပြထားခြင်းမရှိလျှင် ဥရောပလေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေးအာဏာပိုင်အဖွဲ့ သို့မဟုတ် ဖက်ဒရယ် လေကြောင်းအာဏာပိုင်အဖွဲ့တို့ထံမှ လေယာဉ် အမျိုးအစား အသိအမှတ်ပြုလက်မှတ် ရရှိထားသော လေယာဉ်နှင့် လေယာဉ်၏ အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သူက လေယာဉ်နှင့်ပတ်သက်သော အင်ဂျင်နီယာ သတ်မှတ်စံနှုန်းများအရ ထုတ်ပေးသည့် ပြင်ဆင်မည့် ဒီဇိုင်းပုံစံကို ဦးစီးဌာနက အတည်ပြု

သော ပြင်ဆင်မည့် ဒီဇိုင်းပုံစံအဖြစ် မှတ်ယူနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (ခ) တွင် ရည်ညွှန်းထားသည့် ပြုပြင်မွမ်းမံခြင်းနှင့် ပြင်ဆင်မည့်ဒီဇိုင်းပုံစံမှအပ လေယာဉ်နှင့် လေယာဉ်၏ အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သူက လေယာဉ်နှင့် သက်ဆိုင်သော အင်ဂျင်နီယာ သတ်မှတ်စံနှုန်းများနှင့်အညီ ထုတ်ပြန်ပေးသော ပြင်ဆင်မည့် ဒီဇိုင်းပုံစံ သို့မဟုတ် ပြုပြင်မွမ်းမံခြင်းကို အတည်ပြုချက်ပေးနိုင်သည်။

(ဃ) လေယယဉ်တစ်စီးအတွက် သို့မဟုတ် လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းတစ်ခုခုအတွက် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသော ပြုပြင်မွမ်းမံခြင်းကို အတည်ပြုထားသည့် အမျိုးအစားတွင် ဖော်ပြထားသော အခြားသောအမျိုးတူ လေယာဉ် သို့မဟုတ် လေယာဉ်၏ အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများတွင် ထည့်သွင်းဆောင်ရွက်နိုင်သည်။

(င) (၁) လေယာဉ်အား အကြီးစားထိခိုက်ပျက်စီးမှု သို့မဟုတ် အကြီးစား ချို့ယွင်းမှုဖြစ်ပွားပြီးနောက်ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြင်ဆင်ပြီးစဉ် တွင် ဦးစီးဌာနက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဤကိစ္စအလို့ငှာ လေယာဉ်ကိုစစ်ဆေးခြင်း သို့မဟုတ် လက်တွေ့ ပျံသန်းစစ်ဆေးခြင်းအတွက် ပျံသန်းရန် သင့်လျော်ကြောင်းကို သက်ဆိုင်ရာ အာဏာအပ်နှင်းခြင်းရသူ သို့မဟုတ် လိုင်စင်ရ အင်ဂျင်နီယာအား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းမပြုမီ အချိန်ထိ ပျံသန်းခြင်းမပြုရ။

(၂) လေယာဉ်၏ အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းအား ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြင်ဆင်ပြီးစဉ်တွင် ဦးစီးဌာနက သတ်မှတ်ထားသည့် လေယာဉ်ကိုစစ်ဆေးခြင်းအတွက် သက်ဆိုင်ရာလိုင်စင်ရ အင်ဂျင်နီယာ သို့မဟုတ် အာဏာအပ်နှင်းခြင်းခံရသူအား အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခြင်းမပြုမီ အချိန်ထိလေယာဉ်တွင် တပ်ဆင် အသုံးပြုခြင်း မရှိစေရ။

(စ) အထက်ပါ နည်းဥပဒေခွဲများနှင့်အညီ ထိန်းသိမ်းမှုတို့တွင် ရည်ညွှန်းထားသည့် အသိအမှတ်ပြုလက်မှတ်များနှင့် ထိုလက်မှတ်မိတ္တူများ၏ ပုံစံနှင့် ဖြန့်ဝေခြင်းများကို ဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရမည်။

(ဆ) ထုတ်လုပ်သူများကို ခွင့်ပြုထားသော အဆိုပါ ဒီဇိုင်းများ၊ ရေးဆွဲပုံများ၊ သတ်မှတ်ချက်များ သို့မဟုတ် ညွှန်ကြားချက်များနှင့် ကိုက်ညီသော ပစ္စည်းများ၊ အစိတ်အပိုင်းများ၊ နည်းလမ်းများနှင့် မကိုက်ညီလျှင် သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၏ သတ်မှတ်ချက်များ သို့မဟုတ် အတည်ပြုချက်များနှင့် မကိုက်ညီလျှင် သော်လည်းကောင်း အထက်ပါ နည်းဥဒေခွဲများအရ အသိအမှတ်ပြု လက်မှတ်ကို ထုတ်မပေးရ။ နည်းလမ်းနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ကိစ္စရပ်များသည် လေယာဉ်နှင့် သက်ဆိုင်သော သတ်မှတ်စံနှုန်းများနှင့်အညီ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသည့်အတိုင်း ဖြစ်စေရမည်။

**လေယာဉ်၏ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၊ အစိတ်အပိုင်းများ အသုံးပြုခြင်းနှင့် ပုံမှန်အလုံးစုံ ပြုပြင်ထိန်းသိမ်းခြင်း**

၉၉။ (က) အတည်ပြုထားသော ပြုပြင်ထိန်းသိမ်းမှု စာတမ်းနှင့် အတည်ပြုထားသော ပြုပြင်ထိန်းသိမ်းမှုစနစ်တို့နှင့်အညီ သတ်မှတ်ပျံသန်းချိန်၊ လုပ်ငန်းစဉ်အချိန် သို့မဟုတ် အခြားသတ်မှတ်ထားသော စည်းကမ်းချက်များအပေါ် အခြေခံ၍ လုပ်ငန်းများဆောင်ရွက်ပြီးစီးသည့်အခါ ဤနည်းဥပဒေများအရ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ထုတ်ပေးရန် လိုအပ်သော လေယာဉ်တိုင်းနှင့် ထိုလေယာဉ်၏ အစိတ်အပိုင်းနှင့် ပစ္စည်းကိရိယာတိုင်းကို ပုံမှန်စစ်ဆေးကြည့်ရှုခြင်း၊ အလုံးစုံပြုပြင်ထိန်းသိမ်းခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို ပြုလုပ်ရမည်။ ထိုသို့စစ်ဆေးကြည့်ရှုခြင်းနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းတို့ကို သက်ဆိုင်ရာ လိုင်စင်ရ အင်ဂျင်နီယာများကဖြစ်စေ၊ အခွင့်အာဏာ အပ်နှင်းထားခြင်းခံရသည့် ပုဂ္ဂိုလ်များကဖြစ်စေ ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပစ္စည်းကိရိယာများ၊ လုပ်ငန်းစဉ်များ၊ အစိတ်အပိုင်းများ သို့မဟုတ် နည်းလမ်းများသည် ထုတ်လုပ်သူများက ထုတ်ပြန်ထားသော အဆိုပါ ဒီဇိုင်းများ၊ ရေးဆွဲပုံများ၊ သတ်မှတ်ချက်များ သို့မဟုတ် ညွှန်ကြားချက်များ နှင့် ကိုက်ညီမှုမရှိလျှင် သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိလျှင်သော်လည်းကောင်း အထက်ပါ နည်းဥပဒေခွဲ (က) အရ ထုတ်ပေးရန်ရှိသော အသိအမှတ်ပြုလက်မှတ် တစ်ခုအား ထုတ်မပေးရ။ နည်းလမ်းနှင့် လုပ်ငန်းကျွမ်းကျင်မှု ဆိုင်ရာ ကိစ္စရပ်များသည် လေယာဉ်နှင့် သက်ဆိုင်သော သတ်မှတ်စံနှုန်းများနှင့်အညီ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသည့်အတိုင်း ဖြစ်စေ ရမည်။

(ဂ) အထက်ပါပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ ညွှန်ကြားရေးမှူး ချုပ်သည် အထက်ပါနည်းဥပဒေခွဲများ အားလုံးဖြစ်စေ၊ တစ်ချို့ နည်းဥပဒေ ခွဲကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမှ တစ်စုံတစ်ယောက်သို့ဖြစ်စေ၊ လူတစ်စု လူတန်းစားတစ်ခုခုသို့ဖြစ်စေ စာဖြင့်အထွေထွေအမိန့် သို့မဟုတ် အထူးအမိန့်ဖြင့် အဆိုပါအမိန့်တွင် သတ်မှတ်ထားသော စည်းကမ်းချက်များ နှင့်အညီ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## လေယာဉ်အားလုံး ထားသိုခြင်းနှင့်ဖြန့်ဖြူးခြင်း

၁၀၀။ ဤနည်းဥပဒေအရ လေယာဉ်၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်အား ထုတ်ပေးခဲ့သည်ဖြစ်စေ၊ ထုတ်ပေးရန်ဖြစ်စေ၊ သက်တမ်းတိုးမြှင့်ရန်ဖြစ်စေ၊ အတည်ပြုရန်ဖြစ်စေ အဆိုပါလေယာဉ်၊ လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများ သို့မဟုတ် လေယာဉ်တွင် အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ထားသည့် ပစ္စည်းများကို ထားသိုခြင်းနှင့် ဖြန့်ဖြူးခြင်းကို အသိအမှတ်ပြုအဖွဲ့အစည်း သို့မဟုတ် လိုင်စင်ရအင်ဂျင်နီယာ သို့မဟုတ် ကိုယ်စားအခွင့်အာဏာအပ်နှင်းခြင်းခံရသူက ဆောင်ရွက်ရမည်။ လက်မှတ်များနှင့် ၎င်းလက်မှတ်မိတ္တူများ၏ ပုံစံနှင့်ဖြန့်ဝေခြင်းများ သည် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီဖြစ်စေရမည်။

**လေယာဉ်တင်ပို့မှုဆိုင်ရာ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ထုတ်ပြန်ခြင်း**

၁၀၁။ (က) ပြည်တွင်းတွင် ပျံသန်းမှုဆောင်ရွက်ခဲ့သည့် သို့မဟုတ် ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ခဲ့သည့် လေယာဉ်နှင့်ဆက်စပ်ပစ္စည်း ကိရိယာများ သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို ပြည်ပသို့ တင်ပို့ရန် ရည်ရွယ်သူ မည်သူမဆို တင်ပို့မှုဆိုင်ရာ ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်ကြောင်း လက်မှတ်ထုတ်ပေးရန် လျှောက်လွှာကို ဦးစီးဌာနက သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း တင်သွင်းရမည်။

(ခ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားလာသည့် လေယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို စစ်ဆေးကြည့်ရှုပြီးနောက် စည်းကမ်းချက်များသတ်မှတ်၍ လေယာဉ်တင်ပို့မှုဆိုင်ရာ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကို ထုတ်ပေးနိုင်သည်။

**အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် အခွင့်အာဏာအပ်နှင်းခြင်း ခံရသူများ**

၁၀၂။ အသိအမှတ်ပြုလက်မှတ်နှင့် သက်ဆိုင်သည့် လေယာဉ်ပြုပြင် ထိန်းသိမ်းရေးအတွက်ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အခွင့်အာဏာရအဖွဲ့အစည်းသည် ဦးစီးဌာနက အတည်ပြုပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများ၊ ကျင့်စဉ်များအရ ဆောင်ရွက်ထားပြီးဖြစ်လျှင် ထုတ်ပေးထားသော လိုင်စင်၊ အပ်နှင်းထားသော လုပ်ပိုင်ခွင့် သို့မဟုတ် အတည်ပြုချက်များအရ အရည်အချင်း ပြည့်ဝသည့် သက်ဆိုင်ရာလိုင်စင်ရ အင်ဂျင်နီယာ သို့မဟုတ် အခွင့်အာဏာအပ်နှင်းထားသော ပုဂ္ဂိုလ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက လုပ်ပိုင်ခွင့်အပ်နှင်းထားသော ပုဂ္ဂိုလ်များကသာ ဤနည်းဥပဒေ၏ အခန်း (၆) ပါ အသိအမှတ်ပြု လုပ်ဆောင်ခြင်းများကို လက်မှတ်ရေးထိုးရမည်။

**လေယာဉ်၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းနှင့် ၎င်းကို ဆက်လက်အတည်ဖြစ်ခြင်း**

၁၀၃။ (က) လေယာဉ်သည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ခဲ့လျှင် ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်ကြောင်း လက်မှတ်အတည်ဖြစ်ခြင်းမှ ရပ်ဆိုင်းစေရမည်-

(၁) ထိုလေယာဉ်နှင့် သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများပါ လိုအပ်ချက်များကို လိုက်နာမှုရပ်ဆိုင်းခြင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ်

(၂) ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်မညီဘဲ ပြုပြင်မွမ်းမံခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ်

(၃) အကြီးစားထိခိုက်ပျက်စီးမှုဖြစ်ခြင်း သိုမဟုတ်

(၄) ဆက်လက်၍ လေယာဉ်ပျံသန်းမှုတွင် အဓိကချို့ယွင်းမှုသည် လေယာဉ်၏ ဘေးအန္တရာယ်ဖြစ်စေသော ချို့ယွင်းမှု သို့မဟုတ် နောက်ထပ်ပျံသန်းမှုတွင် အန္တရာယ်ရှိမှု ဖြစ်ပေါ်ခြင်း၊

(ခ) မည်သည့်အချိန်၌မဆို လေယာဉ် သို့မဟုတ် အဆိုပါအမျိုးတူ လေယာဉ်အမျိုးအစားတွင် ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် စပ်လျဉ်း၍ အကျိုးအကြောင်း ခိုင်လုံစွာ သံသယရှိပါက သို့မဟုတ် ဖြစ်ပေါ်ပါက ညွှန်ကြားရေးမှူးချုပ်သည်-

(၁) လေယာဉ်နှင့် စပ်လျဉ်း၍ ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်ကြောင်း လက်မှတ်အား ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ်

(၂) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် ပုဂ္ဂိုလ်၏ ကြီးကြပ်မှုဖြင့် အဆိုပါလေယာဉ်နှင့် လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းကိရိယာများကို စစ်ဆေးကြည့်ရှုခြင်း၊ စပ်သပ်ခြင်းနှင့် စာမေးပွဲ

စစ်ဆေးခြင်းအပါအဝင် ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း၊ အလုံးစုံပြုပြင်ခြင်းများ ဆောင်ရွက်စေခြင်း၊

(ဂ) နည်းဥပဒေခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ လေယာဉ်၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကို ယာယီရုပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်စဲခြင်း ခံထားရသည့် အချိန်ကာလအတွင်း လေယာဉ်ကို မပျံသန်းရ။

(ဃ) ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်အတည်ဖြစ်ခြင်းမှ ယာယီရုပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်စဲခြင်းခံရသောအခါ ညွှန်ကြားရေးမှူးချုပ်သည် လေယာဉ်ပိုင်ရှင် သို့မဟုတ် လေယာဉ်ဖြင့်လုပ်ငန်းဆောင်ရွက်သူသည် လေယာဉ်ပေါ်ပါသူ သို့မဟုတ် လေယာဉ်၏ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ သတ်မှတ်ပေးထားသော လိုအပ်ချက်များကို လိုက်နာပြီး လျှောက်ထားလာခြင်းအပေါ်-

(၁) ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ရုပ်စဲခြင်းမှ ဖယ်ရှားရန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန် လိုအပ်သောအခါ လေယာဉ်ပေါ်တွင် ခရီးသည်များမပါဘဲ တစ်နေရာမှ တစ်နေရာသို့ ပျံသန်းခွင့်ကို ဤနည်းဥပဒေများအရ ခွင့်ပြုနိုင်သည်။

(၂) စမ်းသပ်လေ့လာခြင်း သို့မဟုတ် စမ်းသပ်ခြင်းရည်ရွယ်ချက်အတွက် လေယာဉ်ပျံသန်းခွင့် ပြုနိုင်သည်။

(၃) လေယာဉ် သို့မဟုတ် လူများ၏အကူအညီ သို့မဟုတ် ဘေးကင်းလုံခြုံစိတ်ချရမှု လိုအပ်သောအခါ လေယာဉ်ပျံသန်းခွင့်ပြုနိုင်သည်။

(၄) အထူးရည်ရွယ်ချက်များအတွက် လေယာဉ်ပျံသန်းခွင့်ပြုနိုင်သည်။

(င) ဦးစီးဌာနသည် အထွေထွေအမိန့် သို့မဟုတ် အထူးအမိန့်ဖြင့် အဆိုပါအမိန့်တွင် သတ်မှတ်ထားသကဲ့သို့ စည်းကမ်းချက်များနှင့်အညီ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် လိုက်နာဆောင်ရွက်ခြင်းမှ မည်သည့်လေယာဉ်ကိုမဆို ကင်းလွတ်ခွင့်ပြုနိုင်သည်။

## မြန်မာနိုင်ငံပြင်ပတွင် လုပ်ငန်းဆောင်ရွက်သော မြန်မာနိုင်ငံလေယာဉ်

၁၀၄။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော လေယာဉ်သည် မြန်မာနိုင်ငံပြင်ပတွင် လုပ်ငန်းဆောင်ရွက်နေသည့်အခါ လေယာဉ် သို့မဟုတ် ၎င်း၏အစိတ်အအပိုင်းတစ်ခုခု သို့မဟုတ် ဆက်စပ်ပစ္စည်းကိရိယာတစ်ခုခုကို အောက်ပါပုဂ္ဂိုလ်တို့၏ ကြီးကြပ်မှုဖြင့် သို့မဟုတ် ကြီးကြပ်မှုအရမှအပ ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း၊ စစ်ဆေး ကြည့်ရှုခြင်း သို့မဟုတ် အလုံးစုံပြုပြင်မွမ်းမံခြင်းမပြုရ-

(က) စာချုပ်ဝင်နိုင်ငံတစ်ခုဖြစ်သည့်ကိစ္စတွင် ကွန်ဗင်းရှင်းပါ အနိမ့်ဆုံးချမှတ်ထားသော လိုအပ်ချက်များနှင့်အညီ စာချုပ်ဝင်နိုင်ငံ၏ သက်ဆိုင်ရာ အာဏာပိုင်က ဤရည်ရွယ်ချက်အတွက် ဦးစီးဌာနအသိအမှတ်ပြုထားသော ပုဂ္ဂိုလ်တစ်ဦး၊

(ခ) စာချုပ်ဝင်နိုင်ငံမှအပ အခြားနိုင်ငံဖြစ်သည့်ကိစ္စတွင် ဤရည်ချက်အတွက် ဦးစီးဌာနအသိအမှတ်ပြုထားသော အရည်အချင်းများ ပိုင်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦး။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းဥပဒေ ၃၊ နည်းဥပဒေ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင် လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ မှတ်ပုံတင်လေယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံးဝင်ပါက ယင်းလေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း မရှိသော လေယာဉ်အဖြစ် မှတ်ယူရမည် ဖြစ်သည်။

## ပျံသန်းမှုအတွက် ချိန်ခွက်ကိရိယာနှင့် စက်ပစ္စည်းများ

၁၀၅။ (က) ပျံသန်းမည့်လမ်းကြောင်းအခြေအနေအတွက် အသုံးပြုရန် ဦးစီးဌာနက သတ်မှတ်ထားသည့် ပျံသန်းမှုအတွက် ညချိန်ခွက်ကိရိယာနှင့် စက်ပစ္စည်းများကို လေယာဉ်တိုင်းတွင် တပ်ဆင်ထားရမည်။

(ခ) ထိုချိန်ခွက်နှင့် စက်ပစ္စည်းများသည် ညွှန်ကြားရေးမှူးချုပ်က လက်ခံ

အတည်ပြုထားသည့် အမျိုးအစားများဖြစ်ရမည်ဖြစ်ပြီး ၎င်းကလက်ခံအတည်ပြုထားသည့် နည်းလမ်းပုံစံအတိုင်း တပ်ဆင်ထား၍ ကောင်းစွာ အလုပ်လုပ်နိုင်သည့် အနေအထားရှိနေစေရန် ထိန်းသိမ်းထားရမည်။

**ချို့ယွင်းချက်နှင့် ချို့ယွင်းသော အစိတ်အပိုင်းများ**

၁၀၆။ (က) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောလေယာဉ်တွင် ကြီးမားသော ချို့ယွင်းမှု သို့မဟုတ် ကြီးမားသော ထိခိုက်ပျက်စီးမှုကို ဦးစီးဌာနက သတ်မှတ်ထားသော နည်းလမ်းဖြင့် အစီရင်ခံစာ ပေးပို့ရမည်။

(ခ) လေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုသည် ချို့ယွင်းကြောင်း ထုတ်ဖော်ပြောကြားလာလျှင်ဖြစ်စေ ချို့ယွင်းကြောင်းသံသယရှိလာလျှင်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်သည် ဤကိစ္စအတွက် ကိုယ်စားစစ်ဆေးရန် ၎င်းက အခွင့်အာဏာအပ်နှင်းထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား လွှဲအပ်တာဝန်ပေးနိုင်သည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင် လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ မှတ်ပုံတင်လေယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံးဝင်ပါက ယင်းလေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော လေယာဉ်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

**ပြုပြင်ထိန်းသိမ်းမှု စံချိန်စံညွှန်းများနှင့် သက်သေခံလက်မှတ်**

၁၀၇။ (က) ဤနည်းဥပဒေအရ **“ပြုပြင်ထိန်းသိမ်းခြင်း”** ဆိုသည်မှာ - လိုအပ်သော လေယာဉ်ဝန်ဆောင်မှုများ၊ ပြုပြင်မွမ်းမံခြင်းများ၊ ပြင်ဆင်ခြင်းများ၊ အစားထိုးခြင်းများ၊ အလုံးစုံပြုပြင်ခြင်းများ၊ လုပ်ငန်းစဉ်များ၊ ပြုစုမှုများ၊ စမ်းသပ်မှုများ၊ ဆောင်ရွက်မှုများ၊ လေယာဉ်နှင့် လေယာဉ်၏အစိတ်အပိုင်းများ၊ ဆက်စပ်ပစ္စည်းကိရိယာများနှင့် လေယာဉ် စစ်ဆေးကြည့်ရှုခြင်းများ

အပါအဝင် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှုရှိစေရန်အတွက် လိုအပ်သော လုပ်ငန်းအားလုံး ဆောင်ရွက်ချက်ကို ရည်ညွှန်းသည်။

(ခ) (၁) ဦးစီးဌာနသည် လေယာဉ်နှင့် လေယာဉ်၏အစိတ်အပိုင်းများ၊ ဆက်စပ်ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ ၎င်းတို့ကို ပြုပြင်ထိန်းသိမ်းရေးအတွက် စံချိန်စံညွှန်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(၂) ဦးစီးဌာနသည် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များအား အသိပေးအကြောင်းကြားထားစဉ်နှင့် ပြုပြင်ထိန်းသိမ်းမှုစနစ်အား အတည်ပြုထားစဉ်တွင် အောက်ပါတို့နှင့်စပ်လျဉ်း၍ ပါရှိရမည်-

(ကက) ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အခြေခံအထောက်အကူပြု လိုအပ်ချက်များ ရရှိမှု၊

(ခခ) စစ်ဆေးမှု၊ စမ်းသပ်မှု သို့မဟုတ် အလုံးစုံပြုပြင်မှုများအကြား ဘေးကင်းလုံခြုံစိတ်ချရမှု ဖြစ်ပေါ်လာနိုင်သည့် လေယာဉ်ပျံသန်းအသုံးပြုချိန်၊ လုပ်ငန်းစဉ်အချိန် သို့မဟုတ် အခြားသော အခြေခံများတွင် ကုန်ဆုံးသွားသည့် ကြားကာလအချိန်၊

(ဂဂ) ပြုပြင်ထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ ပါရှိသည့်အရာများ၊ ဖယ်ထုတ်သည့်ပစ္စည်းများ၊ မှတ်တမ်းများထားရှိမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ထားရှိရမည့် အချိန်ကာလ၊

(ဃဃ) လေယာဉ်အား ဆောင်ရွက်ထားသည့် လုပ်ငန်းဆောင်ရွက်မှု အမျိုးအစား၊

(ငင) ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှုကို အကျိုးသက်ရောက်မှုဖြစ်ပေါ်စေနိုင်သော ဖုန်မှုန့်၊ လေထဲတွင် ဆားငွေ့ပါဝင်မှု အခြေအနေ သို့မဟုတ် အခြားအချက်များ အခြေခံအသုံးပြုမှုများ သို့မဟုတ် ပျံသန်းသည့် လမ်းကြောင်းကဲ့သို့သော အခြေအနေများ၊

(စစ) အခြားထည့်သွင်းစဉ်စားရမည့် သက်ဆိုင်သော အချက်တစ်ခုခု။

(ဂ) ဦးစီးဌာနက သတ်မှတ်ထားသော အဆိုပါလိုအပ်ချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုပြင်ထိန်းသိမ်းခြင်းမရှိလျှင် မည်သည့်လေယာဉ်မျှ မပျံသန်းရ။

(ဃ) အသိအမှတ်ပြုလက်မှတ်တွင် ပါရှိရမည့် သက်တမ်းကာလ သို့မဟုတ် ဖယ်ရှားဖျက်ဆီးရမည့် တရားဝင်မှုကာလနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းများသည် ဦးစီးဌာနက သတ်မှတ်ထားသည့်ပုံစံနှင့် နည်းလမ်းများအတိုင်း ဖြစ်စေရမည်။

(င) ဤနည်းဥပဒေအရ အသိမှတ်ပြုလက်မှတ် ရရှိထားသော လေယာဉ်သည် အတည်ပြုထားသော ချို့ယွင်းချက်စာရင်းတွင် အကျုံးဝင်သည့် ချို့ယွင်းချက်မျိုးမှအပ လေယာဉ်၏ ဘေးအန္တရာယ်ကင်းစွာ ပျံသန်းနိုင်မှုကိုဖြစ်စေ နိုင်ခြင်းနှင့် လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းမှ သာမန်လေကြောင်းအလေ့အကျင့်အရ ကုစားမှုများမပြုလုပ်နိုင်ခြင်း စသည့် ကြီးမားသော ထိခိုက်ပျက်စီးမှု သို့မဟုတ် ပြစ်ချက်တစ်ခုခု ရရှိထားခြင်းဖြစ်ပါက အဆိုပါ လေယာဉ်ကို မည်သည့်နည်းနှင့်မျှ ပျံသန်းစတင်အသုံးပြုခြင်း မပြုရ။

သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်သည် အထွေထွေ သို့မဟုတ် အထူးအမိန့်ဖြင့် အဆိုပါအမိန့်တွင် သတ်မှတ်ထားသကဲ့သို့ စည်းကမ်းချက်များကို အထောက်အထားပြု၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် ဆောင်ရွက်ခြင်းမှ မည်သည့်လေယာဉ်ကိုမဆို ကင်းလွတ်ခွင့်ပြုနိုင်သည်။

**ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အသိအမှတ်ပြုအဖွဲ့အစည်းများ**

၁၀၈။ (က) ဤအခန်းတွင် **"အဖွဲ့အစည်း"** ဆိုသည်မှာ လေယာဉ်နှင့် လေယာဉ်အစိတ်အပိုင်းများ၊ ဆက်စပ်ပစ္စည်းကိရိယာများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းကိုသော်လည်းကောင်း၊ ယင်းလုပ်ငန်းတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပို၍ ပါဝင်ဆောင်ရွက်နေသော ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ရည်ညွှန်းသည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက အတည်ပြု ထားသည့် စနစ်တစ်ခုအတွင်း လုပ်ငန်းဆောင်ရွက်ရန် တောင်းဆိုလာ သည့်အခါ စဉ်းစားပြီး ကျေနပ်မှုရှိပါက လိုအပ်သလို ထိုပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ထိုအတည်ပြုထားသည့်စနစ်အရ လုပ်ငန်းဆောင်ရွက်ရန် အတည်ပြုချက်ပေးနိုင်သည်။ ထိုအတည်ပြုစနစ်အရ လုပ်ငန်းဆောင်ရွက် ရန်အတွက် အဆိုပါအတည်ပြုထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သည် ဦးစီးဌာနက သတ်မှတ်သည့်လိုအပ်ချက်များနှင့် ကိုက်ညီစေရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးသည့် အတည်ပြုချက်လက်မှတ်သည် ယာယီရပ်ဆိုင်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း မရှိပါက တစ်နှစ်ထက် မပိုသော သက်တမ်းရှိပြီး ညွှန်ကြားရေးမှူးချုပ်က ကျေနပ်မှုရှိပါက နောက်ထပ်သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ပေးနိုင်သည်။

(ဃ) (၁) အတည်ပြုထားသည့် အဖွဲ့အစည်းသည် ဦးစီးဌာနက သတ်မှတ်ထား သည့်အတိုင်း အဆိုပါအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက် များနှင့် စပ်လျဉ်းသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်တွေ့ လုပ်ဆောင်ချက်များနှင့် အရည်အသွေးထိန်းသိမ်းသည့် နည်းလမ်း များပါဝင်သည့် ထိုအဖွဲ့အစည်း၏ ဝန်ထမ်းများအသုံးပြုရန် လမ်းညွှန် လက်စွဲစာအုပ်များကို ရေးဆွဲပြုစုထားရမည်။

(၂) အဆိုပါလက်စွဲစာအုပ် မိတ္တူ သို့မဟုတ် လက်စွဲစာအုပ်၏ အစိတ် အပိုင်း မိတ္တူအပြည့်အစုံကို ဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း အတည်ပြုချက်ရရှိရန် တင်ပြရမည်။

(၃) အတည်ပြုထားသည့် အဖွဲ့အစည်းတစ်ရပ်သည် လက်ရှိလေယာဉ် ပစ္စည်းကိရိယာများ သို့မဟုတ် လက်တွေ့ဆောင်ရွက်မှု အတွေ့အကြုံ နှင့် ရလဒ်များအရ လက်စွဲစာအုပ်ကို အခါအားလျော်စွာ ပြင်ဆင် နိုင်သည်။ အဆိုပါလက်တွေ့ဆောင်ရွက်မှုနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက်တစ်စုံတစ်ရာသည် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု

ကိုဖြစ်စေ လေယာဉ်ဘေးကင်းလုံခြုံမှုကိုဖြစ်စေ လေယာဉ်၏ ဆက်စပ်ပစ္စည်းကိရိယာများကိုဖြစ်စေ ထိခိုက်ခြင်းရှိပါက ဦးစီးဌာန သို့ တင်ပြ၍ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(င) အတည်ပြုထားသည့် အဖွဲ့အစည်းတစ်ရပ်သည် ၎င်းအဖွဲ့အစည်းရှိ လုပ်ငန်းဆောင်ရွက်သူများအတွက် လိုအပ်ပါက လက်စွဲစာအုပ်နှင့် လက်စွဲစာအုပ်ပြင်ဆင်ချက်မိတ္တူများကို ဦးစီးဌာနနှင့် လုပ်ငန်းချင်းဆက်စပ်နေသော အခြားအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံသို့ ပေးပို့ရမည်။

**အခကြေးငွေများ**

၁၀၉။ (က) ဦးစီးဌာနသည် ဤအခန်းတွင် ဖော်ပြထားသည့် လိုင်စင်၊ လက်မှတ်စသည်တို့ ထုတ်ပေးခြင်း၊ တရားဝင်အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုလက်မှတ်၊ လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း၊ မူရင်းခွဲမိတ္တူထုတ်ပေးခြင်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာများအတွက် စာမေးပွဲနှင့် စစ်ဆေးချက်များကို အတည်ပြုပေးခြင်းနှင့် အကြီးစားနှင့် အသေးစားပြင်ဆင်မှုများကို လက်ခံခွင့်ပြုခြင်းတို့အတွက် ပေးဆောင်ရမည့် အခကြေးငွေများကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(ခ) လိုင်စင်လျှောက်ထားသူ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့ကို ထောက်ရှု၍ နည်းပညာစာမေးပွဲတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြုလုပ်ရန်မလိုအပ်ဟု ဆုံးဖြတ်ပါက ညွှန်ကြားရေးမှူးချုပ်သည် စာမေးပွဲကြေးကို သက်သာခွင့်ပေးခြင်း သို့မဟုတ် သင့်လျော်သလို လျှော့ပေါ့ပေးခြင်းပြုနိုင်သည်။

(ဂ) လိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးပေးခြင်းတို့အတွက် လျှောက်ထားချက်တွင် လျှောက်ထားသူက ပေးဆောင်ရမည့် အခကြေးငွေအားလုံးအတွက် ငွေသွင်းပြေစာ (Treasury) ကို တစ်ပါတည်း တင်ပြရမည်။

## အခန်း (၇)
## လေကြောင်းလမ်းပြမီးများ၊ လေယာဉ်ကွင်းမြေပြင်အချက်ပြမီးများနှင့် ယုံမှားစေသောမီးများ

### လေကြောင်းလမ်းပြမီးများနှင့် လေယာဉ်ကွင်းမြေပြင်အချက်ပြမီးများ

၁၁၀။ (က) မြန်မာနိုင်ငံအတွင်းတွင် ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်စာပါ သတ်မှတ်ထားသည့် စည်းကမ်းချက်မှတစ်ပါး မည်သည့်လေကြောင်း ပျံသန်းရေးအချက်ပြမီးနှင့် လေယာဉ်ကွင်းမြေပြင်အချက်ပြမီးကို တပ်ဆင် အသုံးပြုခြင်း၊ ပြသခြင်း၊ ထိန်းသိမ်းခြင်း သော်လည်းကောင်း၊ အဆိုပါမီး များ၏ ဝိသေသလက္ခဏာကို ပြောင်းလဲပြသခြင်းတို့ကို သော်လည်းကောင်း မပြုလုပ်ရ။

(ခ) ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် တပ်ဆင်ထားခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်းများအား သော်လည်းကောင်း သို့မဟုတ် ထိုနေရာ တွင် တပ်ဆင်ပြသထားသော မည်သည့်မီးလုံးများကိုမဆို မည်သည့်ပုဂ္ဂိုလ်မှ ရည်ရွယ်ချက်ရှိရှိဖြင့် သော်လည်းကောင်း သို့မဟုတ် ပေါ့ဆမှုကြောင့် ပျက်စီးစေခြင်း သို့မဟုတ် လေကြောင်းလမ်းညွှန်အချက်ပြမီးများ သို့မဟုတ် လေယာဉ်ကွင်းမြေပြင်အချက်ပြမီးများအား ဝင်ရောက်နှောင့်ယှက်ဖျက်ဆီး ခြင်းများ စသည်ဖြင့် မပြုလုပ်ရ။

### ယုံမှားစေသော မီးများ

၁၁၁။ (က) မြန်မာနိုင်ငံအတွင်း မည်သည့်အချိန်အခါမဆို မီးများတပ်ဆင်ထားရှိပါက-

(၁) လေယာဉ်ကွင်း၏ အနီးပတ်ဝန်းကျင် သို့မဟုတ် လေကြောင်းလမ်း ညွှန်အချက်ပြမီးများနှင့် ၅ ကီလိုမီတာ အချင်းဝက်အတွင်းတွင် လေယာဉ်ဆင်းလမ်းရှိ မြေပြင်အချက်ပြမီးများ သို့မဟုတ် လေ ကြောင်းလမ်းညွှန်အချက်ပြမီးများအား ယုံမှားစေနိုင်သော မီးများ ထွန်းညှိခြင်း သို့မဟုတ်

(၂) လေယာဉ်ကွင်း မြေပြင်အချက်ပြမီး သို့မဟုတ် လေကြောင်းလမ်းညွှန် အချက်ပြမီးများသည် ထင်ယောင်ထင်မှား ဖြစ်စေနိုင်ခြင်းကြောင့် လေယာဉ်များကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည်ဟု တွက်ဆနိုင်ခြင်း သို့မဟုတ်

(၃) လေယာဉ်ကွင်း၏ အနီးပတ်ဝန်းကျင်အတွင်းတွင် မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို စူးရှတောက်ပသော အလင်းရောင်တည်ရှိနေစေခြင်းသည် လေယာဉ်ဆိုက်ရောက်ခြင်း သို့မဟုတ် လေယာဉ်ထွက်ခွာခြင်းများအတွက် ဘေးကင်းလုံခြုံစေမှုအား အန္တရာယ်ဖြစ်စေလောက်အောင် ထိခိုက်မှုဖြစ်စေပါက သို့မဟုတ်

(၄) လေကြောင်းပျံသန်းမှုတွင် အတားအဆီးအဖြစ် ညွှန်ပြခြင်း သို့မဟုတ် ကန့်သတ်ဧရိယာဟု ညွှန်ပြသော သတ်မှတ်ထားသည့် မီးအလင်းပြင်းအား ပုံပန်းသဏ္ဌာန်၊ အရောင်တို့ဖြင့် လေကြောင်းပျံသန်းရေးအတွက် ဇဝေဇဝါဖြစ်စေခြင်း သို့မဟုတ် အနှောင့်အယှက်ဖြစ်စေခြင်း၊ ဦးစီးဌာနသည် အဆိုပါမီးထွန်းအချက်ပြသသည့် နေရာ၏ ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူ သို့မဟုတ် အဆိုပါအချက်ပြမီးကို တာဝန်ရှိသူထံသို့ သတိပေးအကြောင်းကြားစာ ထုတ်ပြန်၍ ၎င်းပိုင်ရှင် သို့မဟုတ် ပုဂ္ဂိုလ်ကို သတိပေးအကြောင်းကြားစာတွင် ဖော်ပြသည့် ထိုက်သင့်သောအချိန်ကာလအတွင်း အဆိုပါအချက်ပြမီးကို ထိရောက်သော နည်းလမ်းဖြင့် ဖယ်ရှားခြင်း သို့မဟုတ် မီးကိုထိရောက်စွာ အကာအရံပြုလုပ်ခြင်းနှင့် နောက်နောင်တွင် အလားတူမီးများ ထွန်းလင်းပြသခြင်းများ မပြုလုပ်ရေးအတွက် တားဆီးခြင်းတို့ ပြုလုပ်ရန် ညွှန်ကြားနိုင်သည်။

(ခ) သတိပေးအကြောင်းကြားစာကို လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့ခြင်း သို့မဟုတ် သတိပေးအကြောင်းကြားစာ၏ အကြောင်းအရာပါ အချက်ပြသည့် မီးရှိရာနေရာ၏ အနီးအနားတွင်ရှိသော ထင်ရှားသည့်နေရာတွင် ကပ်ထားခြင်းတို့ဖြင့် သိသာစေနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (က) အရ သတိပေးအကြောင်းကြားစာ ပေးပို့ခြင်း ခံရသည့် ပိုင်ရှင် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ခိုင်လုံသောအကြောင်းပြချက် မရှိဘဲ ပျက်ကွက်ပါက သက်သေပြရန်တာဝန်သည် ၎င်းအပေါ်ကျရောက်ပြီး သတိပေးအကြောင်းကြားစာတွင်ပါရှိသည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဃ) ဤနည်းဥပဒေအရ သတိပေးအကြောင်းကြားစာ ပေးပို့ထားရသော မည်သည့်ပိုင်ရှင် သို့မဟုတ် ပုဂ္ဂိုလ်ကမဆို ၇ ရက်အတွင်း သတိပေးအကြောင်းကြားစာတွင် ရည်ညွှန်းသည့်အချက်ပြမီးကို ဖယ်ရှားခြင်း သို့မဟုတ် ထိရောက်စွာကာရံခြင်းများ ပြုလုပ်ရန် လျစ်လျူရှုပါက ဦးစီးဌာနသည် အဆိုပါအချက်ပြမီးရှိရာနေရာသို့ ဝင်ရောက်၍ မလိုအပ်သည့် ပျက်စီးမှုများမရှိစေဘဲ မီးကိုချက်ချင်းပိတ်၍ ဖယ်ရှားနိုင်သည်။

## အခန်း (၈)
## လေယာဉ်မှတ်တမ်းစာအုပ်များ

### လေယာဉ်မှတ်တမ်းစာအုပ်နှင့် မှတ်တမ်းများ

၁၀၂။ (က) မြန်မာနိုင်ငံ မှတ်ပုံတင်ထားသည့် လေယာဉ်များအားလုံးနှင့် စပ်လျဉ်းသည့် အောက်ဖော်ပြပါ လေယာဉ်မှတ်တမ်းစာအုပ်များကို သိမ်းဆည်း၍ ထိန်းသိမ်းထားရမည်-

(၁) ခရီးသွားမှတ်တမ်းစာအုပ်၊

(၂) လေယာဉ်မှတ်တမ်းစာအုပ်၊

(၃) လေယာဉ်တွင် တပ်ဆင်ထားသော အင်ဂျင်အသီးသီးအတွက် အင်ဂျင်မှတ်တမ်းစာအုပ်၊

(၄) လေယာဉ်တွင် တပ်ဆင်ထားသော လေယာဉ်ပန်ကာအမျိုးမျိုး အတွက် လေယာဉ်ပန်ကာမှတ်တမ်းစာအုပ်၊

(၅) ဦးစီးဌာနက မှတ်တမ်းထားရှိရန်လိုအပ်သည့် အခြားသောမှတ်တမ်း စာအုပ်အမျိုးမျိုး။

(ခ) ဦးစီးဌာနသည် လေယာဉ်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့် လေယာဉ်နည်းပညာမှတ်တမ်းစာအုပ် သို့မဟုတ် လေယာဉ်ခရီးသွားမှတ်တမ်းစာအုပ်က သတ်မှတ်ချက်နှင့်အညီ ထိန်းသိမ်းထားရှိရန် တောင်းဆိုနိုင်သည်။

(ဂ) လေယာဉ်မှတ်တမ်းစာအုပ်တွင် ဦးစီးဌာနက သတ်မှတ်သည့် အချက်အလက်များ၊ ရေးသွင်းချက်များနှင့် အသိအမှတ်ပြုလက်မှတ် စသည့် အချက်အလက်များ ပါဝင်စေရမည်ဖြစ်ပြီး မှတ်တမ်းစာအုပ်နှင့် မှတ်တမ်းများကို သတ်မှတ်သည့်ကာလအထိ ထိန်းသိမ်းထားရမည်။

(ဃ) ဦးစီးဌာနသည် လေယာဉ်ခရီးသွားမှတ်တမ်းစာအုပ်ကို ထုတ်ပေးရမည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေအလို့ငှာ **"ခရီးသွားမှတ်တန်းစာအုပ်"** တွင် ဦးစီးဌာနက လက်ခံနိုင်သောအခြားပုံစံ သို့မဟုတ် သတင်း အချက်အလက်ရယူသည့် နည်းလမ်းမှတ်တမ်း ဖော်ပြချက် သို့မဟုတ် အခြားပုံစံထည့်သွင်းချက်များ ပါရှိရမည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းကပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင် လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်သည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ မှတ်ပုံတင် လေယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံးဝင်ပါက ယင်းလေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော လေယာဉ်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

**လေယာဉ်ပျံသန်းရေးအမှုထမ်းများ၏ မှတ်တမ်းစာအုပ်များနှင့် ပျံသန်းချိန်နာရီမှတ်တမ်းတင်ခြင်း**

၁၁၃။ (က) ဤနည်းဥပဒေများအရ လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်ကိုင်ဆောင်ထားသူတိုင်းသည် ဦးစီးဌာနက သတ်မှတ်ထားသော ပုံစံအတိုင်း ကိုယ်ပိုင်

မှတ်တမ်းစာအုပ် ထားရှိရမည်ဖြစ်ပြီး ပျံသန်းချိန်နာရီအားလုံးကို ထိုစာအုပ်တွင် မှတ်တမ်းတင်ထားရမည်။

(ခ) မှတ်တမ်းရေးသွင်းမှုများ အားလုံးကို မင်ဖြင့်ရေးသွင်းရမည်။

(ဂ) မှတ်တမ်းစာအုပ်များကို နောက်ဆုံးရေးသွင်းသောရက်မှစ၍ အနည်းဆုံး ၅ နှစ် ထိန်းသိမ်းထားရမည်။

(ဃ) ပျံသန်းရေးအမှုထမ်းတိုင်းသည် ၎င်း၏မှတ်တမ်းစာအုပ်တွင် ပျံသန်းချိန်နာရီရေးသွင်းချက်များ တိကျမှုတ်ကန်ကြောင်းကို အနည်းဆုံးပြက္ခဒိန်လတစ်လကုန်တိုင်း မှတ်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ ပူးတွဲပျံသန်း၍သင်ကြားမှုများအတွက် လေယာဉ်မှူးကြီးက ပူးတွဲပျံသန်းချိန်နာရီရေးသွင်းမှုများကို မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

နှစ်စဉ် မတ်လ၊ ဇွန်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများ အကုန်၌ သုံးလပတ်ကုန်ဆုံးသည့်အခါတိုင်းတွင် အောက်ပါပုဂ္ဂိုလ်များက မှတ်တမ်းစာအုပ်များ၏ ရေးသွင်းချက်များ တိကျမှတ်ကန်ကြောင်း ထောက်ခံချက်လက်မှတ် ရေးထိုးရမည်-

(၁) စီးပွားဖြစ်လုပ်ငန်း လေယာဉ်မောင်းများအတွက် ပျံသန်းရေးမန်နေဂျာ၊ ဒုတိယပျံသန်းရေးမန်နေဂျာ သို့မဟုတ် သက်ဆိုင်ရာကုမ္ပဏီ သို့မဟုတ် လုပ်ငန်းကော်ပိုရေးရှင်း၏ လေယာဉ်မှူးချုပ်၊

(၂) လေယာဉ်မောင်းအသင်းတစ်ခု၏ အသင်းသားများအတွက် လေယာဉ်မောင်းနည်းပြချုပ်၊

(၃) အခြားပုဂ္ဂိုလ်များအတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသောအရာရှိများ၊

(င) လေယာဉ်မှူးတစ်ဦးကို ပူတွဲပျံသန်း၍ သင်ကြားသော ပျံသန်းချိန်နာရီကို ၎င်း၏မှတ်တမ်းစာအုပ်တွင် “ပူးတွဲ” ဟု ဖော်ပြရေးသွင်းရမည်ဖြစ်ပြီး သင်ကြားပေးသော လေယာဉ်မှူးက သင်ကြားမှုခံယူသော လေယာဉ်မှူး၏ မှတ်တမ်းစာအုပ်တွင် သင်ကြားမှု၏ သဘောသဘာဝကို ရေးသွင်းရမည်။

(စ) လေယာဉ်မှူးကြီး၏ ကြီးကြပ်မှုအောက်တွင် လေယာဉ်မှူးတာဝန်နှင့် လုပ်ငန်းများကို ဆောင်ရွက်သူသည် ၎င်း၏လိုင်စင်ပါ အရည်အသွေး စံနှုန်းများနှင့် လုပ်ပိုင်ခွင့်များအရ ၎င်းလေယာဉ်ပျံအမျိုးအစားကို လေယာဉ်မှူးအဖြစ် ပျံသန်းပိုင်ခွင့်ရှိပါက လေယာဉ်မှူးကြီးသည် ၎င်း၏ ပျံသန်းချိန်နာရီကို လေယာဉ်မှူးပျံသန်းချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်း နိုင်သည်။ အခြားကိစ္စများတွင် အဆိုပါပျံသန်းချိန်နာရီကို ဒွန်တွဲ လေယာဉ် မှူးပျံသန်းချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်းပြီး မှတ်ချက်စာတိုင်တွင် သင့်လျော်သလို ဖော်ပြရမည်။

(ဆ) အမောင်းသင်လေယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူတစ်ဦးသည် လေယာဉ်တစ်စီး၏ တစ်ဦးတည်းသောလေယာဉ်မှူးကြီးအဖြစ် ရှိနေချိန် အတွင်း ပျံသန်းချိန်နာရီကို လေယာဉ်မှူးပျံသန်းချိန်နာရီအဖြစ် မှတ်တမ်း ရေးသွင်းနိုင်သည်။ ခြွင်းချက်အဖြစ် နည်းဥပဒေ ၁၁ နှင့်အညီ လေယာဉ် မောင်း တစ်ဦးထက်ပို၍ လိုအပ်သော လေယာဉ်ဖြစ်ပါက လေယာဉ်မှူးကြီး အဖြစ် ဆောင်ရွက်သည် ပျံသန်းချိန်နာရီ အပိုင်းအခြားအတွက်သာ လေယာဉ်မှူးကြီးပျံသန်းချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်းနိုင်သည်။

(ဇ) ကိုယ်ပိုင်လေယာဉ်မှူးလိုင်စင် ကိုင်ဆောင်ထားသူသည် လေယာဉ်မှူးကြီး အဖြစ် ဆောင်ရွက်သည့် ပျံသန်းချိန်နာရီကိုသာ လေယာဉ်မှူးကြီး ပျံသန်း ချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်းနိုင်သည်။

(ဈ) စီးပွားဖြစ်လုပ်ငန်းလေယာဉ်တွင် စီးပွားဖြစ်လုပ်ငန်း အဆင့်မြင့် လေယာဉ် မှူးလိုင်စင် သို့မဟုတ် လေကြောင်းလိုင်း လေယာဉ်မှူးလိုင်စင် ကိုင်ဆောင် သူသည် လေယာဉ်မှူးကြီးအဖြစ် ဆောင်ရွက်သည့် ပျံသန်းချိန်နာရီများကို လေယာဉ်မှူးကြီးပျံသန်းချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်းနိုင်ပြီး ပူးတွဲ လေယာဉ်မှူးအဖြစ် ဆောင်ရွက်သည့် ပျံသန်းချိန်နာရီများကို ဒွန်တွဲ လေယာဉ်မှူးအဖြစ် ပျံသန်းချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်းနိုင်သည်။

(ည) ပျံသန်းရေးနည်းပြသည် ပျံသန်းရေးနည်းပြအဖြစ် ဆောင်ရွက်သည့် ပျံသန်းချိန်နာရီများကို လေယာဉ်မှူးကြီး ပျံသန်းချိန်နာရီများအဖြစ် မှတ်တမ်းရေးသွင်းနိုင်သည်။ သို့ရာတွင် မှတ်ချက်စာတိုင်တွင် ၎င်းပျံသန်း ချိန်နာရီများကို ပျံသန်းရေးနည်းပြအဖြစ် ပျံသန်းခဲ့ကြောင်း ဖော်ပြရမည်။

(ဋ) လေယာဉ်ကို ထိန်းချုပ်မောင်းနှင်သော လေယာဉ်မှူးတစ်ဦးသည် အမှန် တကယ်ဖြစ်စေ၊ သရုပ်သကန်ဖန်တီးခြင်းဖြစ်စေ ချိန်ခွက် အသုံးပြုပျံသန်း ရသော အခြေအနေများတွင် ချိန်ခွက်များကိုသာ အမှီပြုပျံသန်းမှသာ ချိန်ခွက်အသုံးပြုပျံသန်းသော ပျံသန်းချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်း ရမည်။ တိမ်များအပေါ်မှ မျက်မြင်အမှီပြု၍ ပျံသန်းခြင်း (Over-the-top flying) ကို ချိန်ခွက်အသုံးပြုပျံသန်းသော ပျံသန်းချိန်နာရီအဖြစ် မှတ်တမ်း မတင်ရ။

(ဌ) ချိန်ခွက်အသုံးပြုပျံသန်းရသော အခြေအနေကို သရုပ်သကန်ဖန်တီးသော အသိအမှတ်ပြုထားသည့် စက်ကိရိယာတွင် ချိန်ခွက်များကိုသာ အမှီပြု ပျံသန်းသော ပျံသန်းချိန်ကို လေယာဉ်မှူးက မြေပြင်ချိန်ခွက် ပျံသန်းချိန် အဖြစ် အပြည့်အဝမှတ်တမ်း ရေးသွင်းနိုင်သည်။

(ဍ) အရည်အချင်းစိစစ်သူ သို့မဟုတ် စစ်ဆေးရေးလေယာဉ်မှူးအဖြစ် ဆောင် ရွက်သူသည် ၎င်း၏လိုင်စင်ပါ အရည်အသွေးစံနှုန်းများနှင့် လုပ်ပိုင်ခွင့်များ အရ လေယာဉ်မှူးအဖြစ် ပျံသန်းပိုင်ခွင့်ရှိသော လေယာဉ်တွင် လေယာဉ် မှူးကြီးအဖြစ် ဆောင်ရွက်သော ပျံသန်းချိန်နာရီများကို လေယာဉ်မှူးကြီး ပျံသန်းချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်းနိုင်သည်။

(ဎ) ပျံသန်းရေးလေကြောင်းလမ်းပြသည် လေကြောင်းလမ်းရှာတာဝန်များကို အမှန်တကယ်ဆောင်ရွက်သည့် ပျံသန်းချိန်ကို လေကြောင်းလမ်းပြ ပျံသန်း ချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်းနိုင်သည်။ ပျံသန်းရေးလေကြောင်း လမ်းပြတစ်ဦးက လိုင်စင်ရ ပျံသန်းရေးလေကြောင်း လမ်းပြတစ်ဦး၏ ကြီးကြပ်မှုအောက်တွင် အမှန်တကယ်ဆောင်ရွက်သော လေကြောင်း လမ်းရှာတာဝန် ဆောင်ရွက်သည့် ပျံသန်းချိန်ကို မှတ်ချက်စာတိုင်တွင်

**"ကြီးကြပ်မှုအောက်တွင်"** ဟု ဖော်ပြ၍ ပျံသန်းရေး လေကြောင်းလမ်းပြ ပျံသန်းချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်းနိုင်သည်။

(ဏ) ပျံသန်းရေးအင်ဂျင်နီယာသည် ပျံသန်းရေးအင်ဂျင်နီယာတာဝန်များကို အမှန်တကယ်ဆောင်ရွက်သည့် ပျံသန်းချိန်ကို ပျံသန်းရေးအင်ဂျင်နီယာ ပျံသန်းချိန်နာရီအဖြစ်မှတ်တမ်းရေးသွင်းနိုင်သည်။ ပျံသန်းရေးအင်ဂျင်နီယာ တစ်ဦးက လိုင်စင်ရပျံသန်းရေးအင်ဂျင်နီယာတစ်ဦး၏ ကြီးကြပ်မှုအောက် တွင် အမှန်တကယ်ဆောင်ရွက်သော ပျံသန်းရေးအင်ဂျင်နီယာတာဝန် ဆောင်ရွက်သည့် ပျံသန်းချိန်ကို မှတ်ချက်စာတိုင်၌ **"ကြီးကြပ်မှု အောက်တွင်"** ဟု ဖော်ပြ၍ ပျံသန်းရေးအင်ဂျင်နီယာ ပျံသန်းချိန်နာရီအဖြစ် မှတ်တမ်းရေးသွင်းနိုင်သည်။

(တ) ပျံသန်းရေး ရေဒီယိုတယ်လီဖုန်းအော်ပရေတာသည် ပျံသန်းရေး ရေဒီယို တယ်လီဖုန်းအော်ပရေတာ တာဝန်များကို အမှန်တကယ်ဆောင်ရွက်သည့် ပျံသန်းချိန်ကို ပျံသန်းရေး ရေဒီယိုတယ်လီဖုန်းအော်ပရေတာ ပျံသန်းချိန် နာရီအဖြစ် မှတ်တမ်းရေးသွင်းနိုင်သည်။

**လေကြောင်းထိန်းသိမ်းရေးအရာရှိ လိုင်စင်အတွက် အတွေ့အကြုံများနှင့် တာဝန် ထမ်းဆောင်ချိန် မှတ်တမ်းရေးသွင်းခြင်းနှင့် မှတ်တမ်းများ**

၁၁၄။ (က) လိုင်စင်ကိုင်ထားသော လေကြောင်းထိန်းသိမ်းရေးအရာရှိတိုင်းသည် ဦးစီး ဌာနက သတ်မှတ်ထားသောပုံစံအတိုင်း ကိုယ်ပိုင်မှတ်တမ်းစာအုပ် ထားရှိရ မည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ချိန်နှင့် လိုင်စင် သို့မဟုတ် အရည်အသွေး စံနှုန်းပါ အထူးအခွင့်အရေးကျင့်သုံးခြင်းများအားလုံးကို ၎င်းစာအုပ်တွင် မှတ်တမ်းတင်ထားရမည်။

(ခ) မှတ်တမ်းရေးသွင်းမှုများအားလုံးကို မင်ဖြင့် သို့မဟုတ် အီလက်ထရွန်နစ် အသွင်ဖြင့် ရေးသွင်းရမည်။

(ဂ) မှတ်တမ်းစာအုပ်များကို နောက်ဆုံးရေးသွင်းသော ရက်စွဲနောက်ပိုင်း ၅ နှစ် ထက်မနည်း ထိန်းသိမ်းထားရမည်။

(ဃ) (၁) လိုင်စင်ကိုင်ဆောင်သူတိုင်းသည် ၎င်း၏မှတ်တမ်းစာအုပ်တွင် တာဝန်ထမ်းဆောင်ချိန် ရေးသွင်းချက်များ တိကျမှန်ကန်ကြောင်းကို အနည်းဆုံးပြက္ခဒိန်လ တစ်လကုန်တိုင်း မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

(၂) နှစ်စဉ် မတ်၊ ဇွန်၊ စက်တင်ဘာနှင့် ဒီဇင်ဘာလများအကုန်၌ သုံးလပတ် ကုန်ဆုံးသည့်အခါတိုင်းတွင် လေကြောင်းထိန်းသိမ်းရေးဌာနအကြီးအကဲ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ထိုသို့ဆောင်ရွက်ရန် အခွင့်အာဏာပေးအပ်သူမှ မှတ်တမ်းစာအုပ်များ၏ ရေးသွင်းချက်များ တိကျမှန်ကန်ကြောင်း အသိအမှတ်ပြု လက်မှတ်ရေးထိုးရမည်။

(င) မှတ်တမ်းရေးသွင်းရာတွင် အလုပ်သင်ကာလ တာဝန်ချိန်များအား **"အလုပ်သင်"** ဟု ရေးသွင်းရမည်။ ထို့ပြင် သင်တန်းနည်းပြသည် လိုင်စင်ကိုင်ဆောင်သူ၏ မှတ်တမ်းစာအုပ်တွင် မည်သည့်သင်တန်းအမျိုးအစား ပေးအပ်ကြောင်း ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။

(စ) သင်တန်းနည်းပြသည် ၎င်း၏မှတ်တမ်းစာအုပ်တွင် နည်းပြအဖြစ် ဆောင်ရွက်ချိန်အား မှတ်တမ်းရေးသွင်းရမည်။ ထို့ပြင် ထိုသို့ရေးသွင်းခြင်းသည် နည်းပြလုပ်ငန်းအတွက်ဖြစ်ကြောင်း မှတ်ချက်စာတိုင်တွင် ဖော်ပြထားရမည်။

၁၁၅။ မည်သူမှ မှတ်တမ်းရေးသွင်းချက်တစ်ခုခုကို ဖျက်ဆီးခြင်း၊ ပုံပျက်အောင် ပြုလုပ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖတ်၍မရအောင်ပြုလုပ်ခြင်းများ သော်လည်းကောင်း၊ နည်းဥပဒေ ၁၁၂ နှင့် ၁၁၃ တွင် ရည်ညွှန်းထားသော မှတ်တမ်းစာအုပ်တစ်ခုခုတွင် မမှန်ကန်သော သို့မဟုတ် လိမ်လည်ထားသော ရေးသွင်းမှုများ သို့မဟုတ် ချန်လှပ်မှုများ သော်လည်းကောင်း မပြုလုပ်ရ။

## အခန်း (၉)
## လေယာဉ်ကွင်းများ

### အစိုးရလေယာဉ်ကွင်းများ

၁၁၆။ အစိုးရလေယာဉ်ကွင်းတစ်ကွင်းအား ပုဂ္ဂိုလ် သို့မဟုတ် တစ်စုံတစ်ဦး မည်သူမဆို အသုံးပြုခွင့်ပေးရာတွင် အစိုးရကဲ့သို့သော လုပ်ပိုင်ခွင့်များအတိုင်း အသုံးပြုခွင့်မပေးရ၊ အကယ်၍ အစိုးရလုပ်ပိုင်ခွင့်များကဲ့သို့ အသုံးပြုရန် အခြေအနေအရပ်ရပ် ပေါ်ပေါက်ခဲ့ပါက ဝန်ကြီးဌာနသည် အချိန်နှင့်တစ်ပြေးညီ အခြေအနေပေါ်မူတည်၍ စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်နိုင်သည်။

### အစိုးရလေယာဉ်ကွင်းမှအပ အခြားလေယာဉ်ကွင်းများ

၁၁၇။ အစိုးရလေယာဉ်ကွင်းမှအပ မြန်မာနိုင်ငံအတွင်းရှိ မည်သည့်နေရာတွင်မဆို လေယာဉ်ကွင်းလိုင်စင်၊ အသိအမှတ်ပြုလက်မှတ်အတွက် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုင်စင်၊ အသိအမှတ်ပြုလက်မှတ်မရှိလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာန၏ အတည်ပြုချက်အရ ထုတ်ပေးထားသော ဦးစီးဌာန၏ ခွင့်ပြုချက်မရှိလျှင် သော်လည်းကောင်း၊ ပုံမှန်လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများအား ဆင်းသက်ခြင်းနှင့် ထွက်ခွာခြင်း၊ ခရီးသည်များကို အခကြေးငွေဖြင့် ဆင်းသက်ခြင်းနှင့် ထွက်ခွာခြင်းတို့အတွက် အသုံးမပြုရ။

### လေယာဉ်ကွင်းများအတွက် လိုင်စင်ထုတ်ပေးခြင်း

၁၁၈။ (က) ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် မြေပြင်လေယာဉ်ကွင်းများကို အောက်ဖော်ပြပါ လိုင်စင်များထုတ်ပေးရမည် -

(၁) အများပြည်သူ အသုံးပြုခြင်းနှင့်၊ သို့မဟုတ်

(၂) ပုဂ္ဂလိကအသုံးပြုခြင်းအနေဖြင့်၊ လိုင်စင်ရရှိထားသူနှင့် လိုင်စင်ရရှိထားသူ၏ အထူးအခွင့်အာဏာ အပ်နှင်းထားသူများ အသုံးပြုခြင်း။

(ခ) မြေပြင်လေယာဉ်ကွင်းလိုင်စင် လျှောက်ထားသူသည် အောက်ပါအချက်အလက်များကိုတင်ပြရမည်-

(၁) ဦးစီးဌာနက သတ်မှတ်ထားသော လျှောက်လွှာပုံစံ၊

(၂) လေယာဉ်ကွင်းလက်စွဲစာအုပ်၊

(၃) လေယာဉ်ကွင်း၏ မြေပြင်အနေအထားပြမြေပုံ၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက်အစီရင်ခံစာ၊

(၅) သက်ဆိုင်ရာအာဏာပိုင်အဖွဲ့၏ အတည်ပြုချက်၊

(၆) ငွေကြေးဆိုင်ရာ လုပ်ကိုင်နိုင်စွမ်းရှိမှု သက်သေခံအထောက်အထား၊

(၇) ဦးစီးဌာနက ထုတ်ပြန်ထားသော လေကြောင်းဆိုင်ရာ သတင်းထုတ်ပြန်ချက် သို့မဟုတ် လေကြောင်းဆိုင်ရာ သတင်းအချက်အလက် လှည့်လည်စာတွင် ဖော်ပြထားသော အခကြေးငွေများ။

**လေယာဉ်ကွင်းအသိအမှတ်ပြုလက်မှတ်**

၁၁၉။ (က) ညွှန်ကြားရေးမှူးချုပ်က မြေပြင်လေယာဉ်ကွင်းများ သတ်မှတ်ချက်နှင့် ကိုက်ညီလျှင် အောက်ပါကိစ္စရပ်တစ်ခုခုအတွက် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည် -

(၁) အများပြည်သူအသုံးပြုရန်အတွက် အဆိုပါလေယာဉ်ကွင်းတွင် ပုံမှန် သို့မဟုတ် ပုံမှန်မဟုတ်သော အပြည်ပြည်ဆိုင်ရာ လေယာဉ်ခရီးစဉ်များ ပျံသန်းခွင့်ပြုရန်။

(၂) ပုဂ္ဂလိကအသုံးပြုရန်အတွက် အဆိုပါလေယာဉ်ကွင်းတွင် ခရီးသည်ထိုင်ခုံ ၃၀ ထက်ကျော်လွန်သော ပုံမှန် သို့မဟုတ် ပုံမှန်မဟုတ်သော လေယာဉ်ခရီးစဉ်များ ပျံသန်းခွင့်ပြုရန်။

(ခ) မြေပြင်လေယာဉ်ကွင်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို တင်ပြရမည် -

(၁) ဦးစီးဌာနက သတ်မှတ်ပေးထားသော လျှောက်လွှာပုံစံ၊

(၂) လေယာဉ်ကွင်းလက်စွဲစာအုပ် မိတ္တူနှစ်စုံ၊

(၃) လေယာဉ်ကွင်း၏ မြေပြင်အနေအထားပြ မြေပုံ၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက်အစီရင်ခံစာ၊

(၅) ဦးစီးဌာနက ထုတ်ပြန်ထားသော လေကြောင်းဆိုင်ရာ သတင်း ထုတ်ပြန်ချက် သို့မဟုတ် လေကြောင်းဆိုင်ရာ သတင်းအချက်အလက် လှည့်လည်စာတွင် ဖော်ပြထားသော အခကြေးငွေများ။

(ဂ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူက လေယာဉ်ကွင်းလက်စွဲစာအုပ်ကို သင့်လျော်မှန်ကန်စွာဖြင့် လက်မှတ်ရေးထိုးထားရမည်။

## လေယာဉ်ကွင်းလက်စွဲစာအုပ်

၁၂၀။ လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် -

(က) မိမိလေယာဉ်ကွင်းအတွက် လေယာဉ်ကွင်းလက်စွဲစာအုပ်ကို ဦးစီးဌာနက ထုတ်ပြန်ထားသည့် လိုအပ်ချက်များနှင့်အညီ ပြုစုတင်ပြရမည်။

(ခ) လေယာဉ်ကွင်းတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီပြည့်စုံသော လေယာဉ်ကွင်းလက်စွဲစာအုပ် အနည်းဆုံးမိတ္တူတစ်စုံကို ထားရှိရမည်။

(ဂ) လေယာဉ်ကွင်းလက်စွဲစာအုပ်ကို ထိန်းသိမ်း၍ ထိုလက်စွဲစာအုပ်တွင် ပါဝင်သော သတင်းအချက်အလက်များကို မှန်ကန်မှုရှိစေရေးအတွက် လိုအပ်သလိုပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ရမည်။

(ဃ) ဦးစီးဌာနက အတည်ပြုထားသည့် လေယာဉ်ကွင်းလက်စွဲစာအုပ် မိတ္တူတစ်စုံအား လေယာဉ်ကွင်းအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းတိုင်းအား တစ်စုံစီ ပေးအပ်ထားရမည်။ သို့မဟုတ် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တာဝန်ဝတ္တရားများနှင့် ပတ်သက်သည့် လေယာဉ်ကွင်း လက်စွဲစာအုပ်တွင် ပါဝင်သော အစိတ်အပိုင်းအားလုံးကို မိတ္တူတစ်စုံစီ ပေးအပ်ရမည်ဖြစ်ပြီး ထိုမိတ္တူများအားလုံးသည်လည်း နောက်ဆုံးရအချက်အလက်များ ဖြည့်စွက်ဖော်ပြချက်များ ပါရှိစေရန် ဆောင်ရွက်ရမည်။

(င) လေယာဉ်ကွင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းတိုင်းသည် ၎င်းတို့၏ သက်ဆိုင်ရာအဆင့်များအတိုင်း ဆောင်ရွက်ကြောင်း သေချာရန်မှာ -

(၁) လေယာဉ်ကွင်းလက်စွဲစာအုပ်တွင် ဖော်ပြပါရှိသော ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် အကြောင်းအရာအလုံးစုံကို သိရှိစေခြင်း၊

(၂) ၎င်း၏ တာဝန်ဝတ္တရားများကို လက်စွဲစာအုပ်တွင် ပါရှိသော သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ညီညွတ်မှုရှိစေရန် တာဝန်ယူဆောင်ရွက်စေခြင်း။

**လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူ၏ တာဝန်များ**

၁၂၁။ (က) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် လိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ပေါ်တွင် အတည်ပြုဖော်ပြထားရှိသည့် စည်းကမ်းချက်များ (ရှိလျှင်) ၎င်းအခြေအနေများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ခ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် အရည်အသွေးပြည့်ဝ၍ ကျွမ်းကျင်မှုရှိသော လုံလောက်သည့် ဝန်ထမ်းအရေအတွက်ကို ၎င်းတို့လေယာဉ်ကွင်းဆိုင်ရာ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းပြုရန်အတွက် အရေးပါသော လုပ်ဆောင်ချက်များအားလုံး ပြုလုပ်နိုင်စေရန် ခန့်အပ်ထားရှိရမည်။

(ဂ) အကယ်၍ ဦးစီးဌာန သို့မဟုတ် အခြားမည်သည့်တာဝန်ရှိ အဖွဲ့အစည်းများမှ မဆို လိုအပ်လာပါက နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြထားသည့် စည်းကမ်းချက်အတိုင်း ယင်းတို့၏ ဝန်ထမ်းများ ကျွမ်းကျင်မှုအရည်အချင်း မှန်ကန်ကြောင်း တရားဝင်စစ်ဆေးအတည်ပြုရာတွင် လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူက ထိုသို့သော သတ်မှတ်အရည်အချင်းရှိသည့် သူများကိုသာ တာဝန်ပေး ခန့်အပ်ထားရှိရမည်။

(ဃ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြပါရှိသည့် ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(င) ဦးစီးဌာနက အလျဉ်းသင့်သလိုထုတ်ပြန်မည့် ညွှန်ကြားချက်များနှင့်အညီ လေယာဉ်ကွင်း လုပ်ကိုင်ဆောင်ရွက်သူက ပြုမူဆောင်ရွက်ရမည်ဖြစ်ပြီး လေယာဉ်ကွင်းဆိုင်ရာ လက်စွဲစာအုပ်အတွင်း ဖော်ပြပါရှိသော လုပ်ငန်းစဉ်အဆင့်များနှင့်အညီ ၎င်း၏ လေယာဉ်ကွင်းကို ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရမည်။

(စ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် သေချာမှုရှိစေရန် လုပ်ဆောင်ရမည်မှာ လေယာဉ်ကွင်းမျက်မြင်အခြေအနေဆိုင်ရာ သွင်ပြင်လက္ခဏာရပ်များ၊ အဆောက်အအုံ၊ ဆက်စပ်ကိရိယာများနှင့် စပ်လျဉ်း၍ သင့်တင့်လျောက်ပတ်ပြီး ထိရောက်မှုရှိသော ပြင်ဆင်ထိန်းသိမ်းမှုများကို လုပ်ဆောင်ရမည်။

(ဆ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် ၎င်း၏ လေယာဉ်ကွင်းနှင့် စပ်လျဉ်း၍ အောက်ပါဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရမည်။

(၁) လေယာဉ်ကွင်းနှင့် စပ်လျဉ်း၍ ဆက်နွယ်နေသော လေကြောင်းပိုင်နက်အတွင်းရှိသည့် လေယာဉ်များ၏ အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သော သင့်လျော်သည့် လေယာဉ်အသွားအလာဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိနိုင်စေရန် သေချာအောင် ဆောင်ရွက်ရမည်။

(၂) လေကြောင်းသတင်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုများ၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ဝန်ဆောင်မှုများ၊ လုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခြားသော လုံခြုံရေးဆိုင်ရာ သင့်လျော်သည့် ဝန်ဆောင်မှုများကို ရရှိစေရမည်။

(၃) သင့်လျော်သည့် ပူးပေါင်းပါဝင်မှုများနှင့် အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ပြဋ္ဌာန်းချက်များပါ အခြားသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှုများ အပါအဝင် လေယာဉ်

ကွင်းအတွက်အရေးပေါ်အခြေအနေစီမံချက်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်။

(၄) လုံလောက်သော မီးသတ်အထောက်အကူပြုပစ္စည်းများ၊ ကယ်ဆယ်ရေးများအတွက် အကာအကွယ်ဝတ်စုံနှင့် အသက်ရှူအထောက်အကူပြု ပစ္စည်းများအပါအဝင် ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများအတွက် စီစဉ်ထားရှိရမည်။

(၅) လေယာဉ်ရပ်နားနေရာတွင် လေယာဉ်များ ထိန်းသိမ်းကွပ်ကဲရေးအတွက် ဝန်ဆောင်မှုများ ပေးရမည်။

(၆) လေယာဉ်ရပ်နားနေရာ၌ သတ်မှတ်ထားသော လွတ်ကင်းမှု အကွာအဝေးတွင် လေယာဉ်များ ရပ်နားထားမှုနှင့် ယာဉ်များသွားလာမှုကို မျက်မြင်ထိန်းချုပ် စောင့်ကြည့်ရမည်။

(၇) လေယာဉ်ကွင်းဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ် ထားရှိ၍ အကောင်အထည်ဖော် ဆောင်ရွက်မှုရှိရမည်။

(၈) လေယာဉ်ကွင်းအရေးပေါ်အခြေအနေ စီမံချက်ပေးပို့ခြင်းနှင့် ထိုစီမံချက်နှင့်အညီ လိုအပ်သော လေ့ကျင့်ခန်းများနှင့် လုပ်ထုံးလုပ်နည်းများ ပြုလုပ်ထားရှိရမည်။

(၉) လေယာဉ်ကွင်းအတွင်းတွင် လေယာဉ်သွားလာမှုများ၊ လျှပ်စစ်နှင့်ဆက်သွယ်ရေးဆိုင်ရာများကို ထိခိုက်စေနိုင်သည့် အခြားမည်သည့်အဆောက်အအုံမျှ မတည်ဆောက်ရန် ကာကွယ်တားဆီးရမည်။

(၁၀) လေယာဉ်ရွေ့လျားမှုဧရိယာ သို့မဟုတ် ဆက်စပ်နေရာများမှ (Adjacent to it) လေယာဉ်မတော်တဆဖြစ်ခြင်းကြောင့် အသုံးမပြုနိုင်သော လေယာဉ်များအား ရှင်းလင်းဖယ်ရှားမည့် အစီအမံထားရှိရမည်။

(ဓ) လေယာဉ်ကွင်းလုပ်ငန်း ဆောင်ရွက်သူသည် ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်မှအပ မီးလောင်ပေါက်ကွဲမှု အားကောင်းစေတတ်သည့် သို့မဟုတ်

အခြားသော ဘေးအန္တရာယ်ရှိသည့် ကုန်စည်များကို သိမ်းဆည်းထားရှိခြင်း မပြုလုပ်ရ။

(ဈ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူက ၎င်း၏သက်ဆိုင်ရာလေယာဉ်ကွင်း ဧရိယာအတွင်း တောရိုင်းတိရစ္ဆာန်များ အန္တရာယ်မှ ကာကွယ်မှုအစီအမံ များ ထားရှိဆောင်ရွက်ခြင်းနှင့် တောရိုင်းတိရိစ္ဆာန်များ ကျင်လည်ကျက်စား နိုင်မည့် နေရာများတွင် သို့မဟုတ် လေယာဉ်ကွင်းဆိုင်ရာ လုပ်ဆောင် ချက်များကို ထိခိုက်မှု ဖြစ်ပေါ်စေလာနိုင်မည့် မည်သည့်အန္တရာယ်များမှမဆို ကာကွယ်ထားရှိရမည်။

(ည) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူက လေကြောင်းဆိုင်ရာ သတင်းထုတ် ပြန်ချက်များတွင် ပါဝင်ရေးအတွက် သတ်မှတ်ထားသည့် အချိန်အတိုင်း အတာများအတွင်း ဦးစီးဌာနသို့ အောက်ပါ သတင်းအချက်အလက်များကို အသိပေးအကြောင်းအကြားရမည်။

(၁) လေကြောင်းထိန်းသိမ်းမှုဆိုင်ရာ သတင်းအချက်အလက် ထုတ်ဝေမှု များတွင် ပါဝင်သော မည့်သည့်ချွတ်ယွင်းဖော်ပြချက်တစ်ရပ်ရပ်၊

(၂) လေယာဉ်ကွင်းအဆောက်အအုံဆိုင်ရာ ဆက်စပ်ကိရိယာနှင့် ကြိုတင် စီမံထားရှိသော ဝန်ဆောင်မှုအဆင့်အတန်းများ အစရှိသည့် ပြောင်းလဲမှုများ တစ်ခုခု၊

(၃) လေယာဉ်ကွင်းအတွင်းရှိ လေကြောင်းဘေးအန္တရာယ် ကင်းရှင်းရေး ကို ထိခိုက်မှုရှိမည့် အခြေအနေတစ်ရပ်ရပ်နှင့် ကြိုတင်ကာကွယ်မှု ဆိုင်ရာ ထုတ်ပြန်ချက်များကို ဆန့်ကျင်နေသော ချက်ချင်းအသိပေး အကြောင်းကြားရမည့် ပြဿနာများဖြစ်သည့် အခက်အခဲများ၊ အတားအဆီးများနှင့် ဘေးအန္တရာယ်များ၊ ဝန်ဆောင်မှုအဆင့် အတန်းများ၊ လေယာဉ်ရွေ့လျားမှု ဧရိယာများအတွင်း ပိတ်ဆို့မှုများ၊

(ဋ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် လေယာဉ်ကွင်းကို အောက်ပါ အချိန်များတွင် စစ်ဆေးရမည်-

(၁) မတော်တဆထိခိုက်ပျက်စီးမှု သို့မဟုတ် မတော်တဆဖြစ်ပွားမှု တစ်ခုခု ဖြစ်ပွားပြီးနောက် ဖြစ်နိုင်သမျှ အမြန်ဆုံးအချိန်အတွင်း၊

(၂) တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်နေစဉ်အတွင်းနှင့် ဆောင်ရွက်ပြီးစီးလျှင်ပြီးစီးခြင်း သို့မဟုတ် လေယာဉ်ကွင်းအဆောက်အအုံများနှင့် လေယာဉ်ကွင်းလုပ်ငန်းပိုင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အရေးကြီးသော စက်ကိရိယာများ ပြင်ဆင်ပြီးချိန်၊

(၃) လေယာဉ်ကွင်းတွင် လေကြောင်းပျံသန်းမှုဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးကို ထိခိုက်စေနိုင်သည့်အခြေအနေများ ဖြစ်ပေါ်သည့် မည်သည့်အချိန်တွင်မဆို၊

(ဌ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် ဦးစီးဌာနသို့ သတ်မှတ်ထားသော အချိန်အကန့်အသတ်အတွင်း နည်းဥပဒေခွဲ (ဋ) အောက်ရှိ အခြားမည်သည့်အထူးစစ်ဆေးမှု သတင်းအချက်အလက်များကိုမဆို အကြောင်းကြားပြီး အစီရင်ခံရမည်။

(ဍ) လေယာဉ်ကွင်းလုပ်ငန်း ဆောင်ရွက်သူသည် လေယာဉ်ပျံသန်းဆိုင်ရာ လုပ်ငန်းများကို ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် အခြားပိတ်ဆို့တားဆီးမှုများ သို့မဟုတ် ယာဉ်များကို လေယာဉ်ကွင်းအတွင်းမှ ရှင်းလင်းဖယ်ရှားရမည်။

(ဎ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် ၎င်းထိန်းသိမ်းခွင့်ရှိသည့် ဧရိယာအတွင်း မြေပြင်အတားအဆီး ကန့်သတ်ချက်ကို ကျော်လွန်၍ မည်သည့် တည်ဆောက်မှုမျိုးကိုမျှ ခွင့်မပြုရ။ ၎င်းအပြင် အောက်ပါခြွင်းချက်များမှလွဲ၍ အခြားသော ကျော်လွန်တည်ဆောက်မှုမှန်သမျှကို အခွင့်အာဏာအတွင်း သင့်လျော်သောနည်းလမ်းများဖြင့် ကာကွယ်တားဆီးရမည်-

(၁) လေယာဉ်ပြေးလမ်းနယ်နိမိတ်အတွင်း လေကြောင်းဆိုင်ရာ လုပ်ဆောင်ချက်များကို အထောက်အကူပြုသည့် ကျိုးပဲ့လွယ်သော အရာ

ဝတ္ထုပစ္စည်းတစ်ခုခုဖြင့် တည်ဆောက်တပ်ဆင်ထားခြင်း၊

(၂) တည်ရှိနေသည့် အရာဝတ္ထုတစ်ခုခုမှ ကာပေးထားသည့် အခြားသော အဆောက်အအုံပစ္စည်းတစ်ခုခု။

**စစ်ဆေးကြည့်ရှုခြင်း**

၁၂၂။ (က) ညွှန်ကြားရေးမှူးချုပ်က အထွေထွေ သို့မဟုတ် အထူးအမိန့်ဖြင့် အခွင့်အာဏာ အပ်နှင်းထားသည့် မည်သည့်ပုဂ္ဂိုလ်မဆို လေယာဉ်ကွင်းလိုင်စင်၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းမပြုမီနှင့် ထုတ်ပေးပြီးသည့်နောက် အခြားမည်သည့်အချိန်မျိုးတွင်မဆို လေယာဉ်ကွင်း၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကာကွယ်ရန်အလို့ငှာ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(၁) လေယာဉ်ကွင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ စက်ကိရိယာ သို့မဟုတ် ဝန်ဆောင်မှုများကို စစ်ဆေးခြင်းနှင့် စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(၂) လေယာဉ်ကွင်းလုပ်ငန်း ဆောင်ရွက်သူ၏ စာရွက်စာတမ်း အထောက်အထားများနှင့် မှတ်တမ်းများကို စစ်ဆေးခြင်း သို့မဟုတ်

(၃) လေယာဉ်ကွင်းလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်များကို စစ်ဆေးအတည်ပြုခြင်း၊

(ခ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် နည်းဥပဒေခွဲ (က) ၏ အလို့ငှာ အခွင့်အာဏာရရှိထားသောပုဂ္ဂိုလ်အား လေယာဉ်ကွင်းအတွင်းရှိ မည်သည့်နေရာအစိတ်အပိုင်းကိုမဆို သို့မဟုတ် မည်သည့်လေယာဉ်ကွင်း အဆောက်အအုံအတွင်းမဆို၊ ဆက်စပ်ပစ္စည်းများကိုမဆို၊ မှတ်တမ်းမှတ်ရာများနှင့် ဝန်ထမ်းများကိုမဆို သွားရောက်စစ်ဆေးရန် ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်။

(ဂ) လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူသည် နည်းဥပဒေခွဲ (က) ပါ လုပ်ဆောင်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်ရမည်။

**ကင်းလွတ်ခွင့်များ**

၁၂၃။ (က) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၁၁၈ နှင့် ၁၁၉ တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဆက်စပ်သော ကိစ္စရပ်များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ထည့်သွင်းစဉ်းစားပြီးနောက် လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူကို နည်းဥပဒေ ၁၂၁၊ ၁၃၁ နှင့် ၁၃၂ တို့တွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်များကိုမဆို စာဖြင့် အသိပေးအကြောင်းကြား၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က နည်းဥပဒေ (က) အရ ခွင့်ပြုထားသော မည်သည့်ကင်းလွတ်ချက်ကိုမဆို ဘေးအန္တရာယ်ကင်းရှင်းစေရေးအလို့ငှာ ဦးစီးဌာနက ထုတ်ပြန်ထားသော လေယာဉ်ကွင်းလိုင်စင်၊ အသိအမှတ်ပြုလက်မှတ်နှင့်ပတ်သက်သည့် စည်းကမ်းချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုက်ညီစေရမည်။

**အခွင့်အာဏာသက်ရောက်မှု**

၁၂၄။ (က) လေယာဉ်ကွင်းလိုင်စင်နှင့်၊ သို့မဟုတ် အသိအမှတ်ပြုလက်မှတ် ကိုင်ဆောင်ထားသူသည် နည်းဥပဒေ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၃၃၊ ၁၃၄ နှင့် ၁၃၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ခ) လေယာဉ်ကွင်း၌ ဖော်ပြပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို အတိအကျ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း လက်ခံနိုင်ဖွယ်မရှိသော အခြေအနေ တွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ၊ ၎င်းက အခွင့်အာဏာပေးထားသည့် အခွင့်အာဏာရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ အောက်ပါအတိုင်း အရေးယူဆောင်ရွက်နိုင်သည် -

(၁) စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှု၊

(၂) နည်းဥပဒေ ၁၇၂ တွင် ပါရှိသော ဥပဒေအရ အရေးယူဆောင်ရွက်မှု၊

(၃) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကန့်သတ်တားမြစ်မှုများ၊

(၄) လိုင်စင်အသိအမှတ်ပြုလက်မှတ်ကို ယာယီရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်း။

**အများပြည်သူအသုံးပြုသည့် လေယာဉ်ကွင်းများ**

၁၂၅။ မည်သည့်လေယာဉ်ကွင်းများမဆို အများပြည်သူ အသုံးပြုနိုင်ရန်အတွက် လိုင်စင်နှင့်၊ သို့မဟုတ် အသိအမှတ်ပြုလက်မှတ် ရရှိထားပြီးလျှင် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်ပျံ သော်လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံနှင့် စာချုပ်ချုပ်ဆိုသော မြန်မာနိုင်ငံသား မည်သူမဆို ပိုင်ဆိုင်ထားသော လေယာဉ်ပျံ သော်လည်းကောင်း အခကြေးငွေ ပေးဆောင်စေ၍ တူညီသောအခြေအနေများနှင့် လုပ်ပိုင်ခွင့်အတိုင်းအတာအတိုင်း ညီတူညီမျှ အသုံးပြုခွင့်ရှိရမည်။ ထိုသို့သော လေယာဉ်ကွင်းများ၌ နိုင်ငံပိုင်မည်သည့်လေယာဉ်များအတွက်မဆို သင့်တင့်လျောက်ပတ်သော အချိန်တွင် ဖွင့်လှစ်အသုံးပြုခွင့်ပေးရမည်။

**အခွန်၊ အခနှုန်း သတ်မှတ်ခြင်း**

၁၂၆။ (က) (၁) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါအတိုင်း သတ်မှတ်နိုင်သည် -

(ကက) လိုင်စင်နှင့် အသိအမှတ်ပြုလက်မှတ်ရရှိထားသော မည်သည့်လေယာဉ်ကွင်းတွင်မဆို အများပြည်သူအတွက် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကောက်ခံရမည့် အခကြေးငွေများကို သတ်မှတ်နိုင်သည်။

(ခခ) ယင်းအခကြေးငွေ ကောက်ခံရယူခြင်း သို့မဟုတ် ငှားရမ်းဝန်ဆောင်မှုများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

(ဂဂ) ထွက်ခွာမည့် ခရီးသည်ထံမှ ကောက်ခံမည့် ဝန်ဆောင်ခနှုန်းထားကို သတ်မှတ်နိုင်သည်။

(၂) ထိုသို့ သတ်မှတ်ထားသည့် အခွန်အခနှုန်းထားများကို အခါအား လျော်စွာ သင့်တော်သလို ပြောင်းလဲသတ်မှတ်နိုင်သည်။

(၃) လေယာဉ်ကွင်း၏ အခြေအနေပေါ်မူတည်၍ လိုင်စင်နှင့် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်တွင် လုပ်ပိုင်ခွင့်အတိုင်းအတာများအတိုင်း သင့်တော်မှုရှိသော လေယာဉ်ကွင်း၏ အတန်းအစားကို သတ်မှတ် နိုင်သည်။

(ခ) နည်းဥပဒေ ၁၂၅ တွင် ရည်ညွှန်းဖော်ပြထားသော မည်သည့်လေယာဉ်ကွင်း များတွင်မဆို ဆင်းသက်အခကြေးငွေများနှင့် လေဆိပ်တွင်း ကြာမြင့်ချိန် အပါအဝင် အခွန်အခနှုန်းထားများသည် ရှင်းလင်းပီသစွာ သိသာမြင်သာ သောနေရာတွင် ဖော်ပြထားရှိပြီး၊ မြန်မာနိုင်ငံအတွင်း သို့မဟုတ် အခြား မည်သည့်စာချုပ်ဝင်နိုင်ငံတွင်မဆို စာရင်းသွင်းထားရှိသော မည်သည့် လေယာဉ်ပျံ အမျိုးအစားတူများအတွက်မဆို အခွန်အခများကို ကောက်ခံရာ တွင် သတ်မှတ်ထားသောနှုန်းများကို ကျော်လွန်ခြင်းမပြုရဘဲ တစ်ပြေးညီ ကောက်ခံရမည်။

(ဂ) လေယာဉ်ကွင်းများတွင်ထားသော လေသင်္ဘော (Airship) များမှအပ လေကြောင်းပျံသန်းမှုဆိုင်ရာ၊ ဆင်းသက်ခြင်းနှင့် လေယာဉ်ထားရှိမှုဆိုင်ရာ အကောက်ခွန်နှင့် အခနှုန်းများကို နည်းဥပဒေခွဲ (က) အရ ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည့်အပြင် မြန်မာနိုင်ငံ လေကြောင်းသတင်းပြန်ကြားရေးစာအုပ် (Aeronautical Information Publication (AIP) Myanmar) တွင် ထုတ်ပြန်ကြေညာပေးရမည်။

**လိုင်စင်နှင့် အသိအမှတ်ပြုလက်မှတ်၊ လိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ် ကိုင်ဆောင်သူများ၏ အရည်အချင်းများ**

၁၂၇။ လေယာဉ်ကွင်းလိုင်စင်နှင့် အသိအမှတ်ပြုလက်မှတ်များ သို့တည်းမဟုတ် လေယာဉ် ကွင်းလိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်များကို အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှအပ ခွင့်မပြုရ -

(က) မြန်မာနိုင်ငံသား သို့မဟုတ်

(ခ) မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားရှိသော ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ၎င်းတို့၏ ပင်မစီးပွားရေးလုပ်ငန်းများ ရှိသောကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်း။

**လိုင်စင်နှင့် အသိအမှတ်ပြုလက်မှတ်၏ တရားဝင်သက်တမ်းကာလ**

၁၂၈။ (က) လေယာဉ်ကွင်းလိုင်စင်များကို ၆ နှစ်ထက်မကျော်လွန်သော သက်တမ်းကာလအတွက် ခွင့်ပြုနိုင်သည်။ ထို့ပြင် အသစ်တဖန် ပြန်လည်သက်တမ်းတိုးရေးအတွက် မူရင်းလိုင်စင်ကိုပါ ပူးတွဲ၍ လျှောက်လွှာတင်ရာတွင် နောက်ထပ်သက်တမ်း ၆ နှစ်ထက်မကျော်လွန်သော သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ခ) လေယာဉ်ကွင်းအသိအမှတ်ပြုလက်မှတ်ကို ၃ နှစ်သက်တမ်းထက် မကျော်လွန်သော သက်တမ်းကာလအတွက် ခွင့်ပြုနိုင်သည်။ ထို့ပြင် အသစ်တဖန် ပြန်လည်သက်တမ်းတိုးရေးအတွက် မူရင်းအသိအမှတ်ပြုလက်မှတ်ကိုပါ ပူးတွဲ၍ လျှောက်ထားရာတွင် နောက်ထပ်သက်တမ်း ၃ နှစ်ထက်မကျော်လွန်သောသက်တမ်း တိုးမြှင့်ပေးနိုင်သည်။

**လိုင်စင်နှင့် အသိအမှတ်ပြုလက်မှတ်သက်တမ်း တိုးမြှင့်ခြင်း**

၁၂၉။ (က) လိုင်စင်အသိအမှတ်ပြုလက်မှတ်သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၉၀ အလိုတွင် အသစ်တဖန် ပြန်လည်သက်တမ်းတိုးမြှင့်ရေးအတွက် လျှောက်လွှာကို တင်ပြရမည်။

(ခ) လိုင်စင်အသိအမှတ်ပြုလက်မှတ်အား အသစ်တဖန် သက်တမ်းတိုးမြှင့်ခြင်းကို ဤနည်းဥပဒေများနှင့်အညီဖြစ်စေပြီး ဦးစီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ ဦးစီးဌာနက သတ်မှတ်သည့် သို့မဟုတ် အသိပေးအကြောင်းကြားချက်များပါ စည်းကမ်းချက်များ၊ ယင်းဌာနက သတ်မှတ်သည့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စစ်ဆေးခြင်းများနှင့် စာရင်း

စစ်လုပ်ငန်းစဉ်အဆင့်ဆင့်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုင်စင်အသိအမှတ်ပြုလက်မှတ် အသစ်တဖန် သက်တမ်းတိုးမြှင့်မပေးမီ လိုက်နာဆောင်ရွက်ကြရမည်။

**လေယာဉ်ကွင်းများ အဆင့်အတန်းသတ်မှတ်ခြင်း**

၁၃၀။ (က) လေယာဉ်ကွင်းလိုင်စင်ကို လေယာဉ်အမျိုးအစားများအားလုံးအတွက် သို့မဟုတ် အထူးသတ်မှတ်ထားသော လေယာဉ်အမျိုးအစားများ သို့မဟုတ် လေယာဉ်အတန်းအစားများအတွက် ထုတ်ပေးနိုင်သည်။ ယင်းလိုင်စင်ကို လေယာဉ်ကွင်းအသုံးပြုမှုအပေါ်မူတည်၍ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

(ခ) လေယာဉ်ကွင်းကို အများပြည်သူများအသုံးပြုရန်အလို့ငှာ သော်လည်းကောင်း၊ သတ်မှတ်ထားသော အမျိုးအစားများ သို့မဟုတ် လေယာဉ်၏ အတန်းအစားအတွက် သော်လည်းကောင်း အသိအမှတ်ပြုနိုင်သည်။ ထိုအသိအမှတ်ပြုလက်မှတ်ကို လေယာဉ်ကွင်းအသုံးပြုမှုအပေါ်မူတည်၍ စည်းကမ်းချက်များ သတ်မှတ်ပေးနိုင်သည်။

**လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များ**

၁၃၁။ (က) အောက်ဖော်ပြပါ သတ်မှတ်ထားသော လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြောင်း ကျေနပ်ဖွယ်ရာမတွေ့ရှိပါက မည်သည့်လေယာဉ်ကွင်းမျိုးကိုမဆို လိုင်စင်ထုတ်ပေးခြင်း မပြုရ -

(၁) လေယာဉ်ကွင်းသည် လိုင်စင်ပါလိုအပ်ချက်များအတိုင်း လေယာဉ်အမျိုးအစားအလိုက် လုံလောက်သောအတိုင်းအတာ ပမာဏရှိရမည့်အပြင် လိုအပ်သော လေယာဉ်ကွင်းမျက်မြင်အခြေအနေဆိုင်ရာ သွင်ပြင်လက္ခဏာများနှင့် ပြည့်စုံရမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် အတားအဆီးများနှင့်လည်း လွန်ကင်းသည့်အမြင့်ပေ ရှိရမည်။

(၂) လေယာဉ်ဆင်းသက်ရမည့် ဧရိယာမှာ လုံလောက်သောအမြင့်နှင့် မြေမျက်နှာပြင် ပြန့်ပြူးညီညာမှုရှိရမည်ဖြစ်ပြီး လေယာဉ်ဆင်းသက်ရာတွင်ဖြစ်စေ၊ လေယာဉ်ပျံတက်ရာတွင်ဖြစ်စေ အန္တရာယ်ရှိမည့် အနေအထားတွင်မရှိစေရ။ ထို့အတူ အသုံးပြုမည့် လေယာဉ်၏ အလေးဝန်ကို ခံနိုင်သော မြေပြင်အနေအထားလုံလောက်သည့် တောင့်တင်းခိုင်မာမှုရှိရမည်။

(၃) လေယာဉ်ကွင်းအား လုံလောက်သော မျက်မြင်အထောက်အကူပြု ပစ္စည်းများ တပ်ဆင်ထားရှိရမည်။

(၄) ညအချိန်တွင်ပျံသန်းမည့် လေယာဉ်များအတွက် လေယာဉ်ကွင်း အထောက်အကူပြု မီးအလင်းရောင်ရှိစေရန် လေယာဉ်ကွင်းစံနှုန်းများစာအုပ်တွင် ဖော်ပြပါရှိသည့် စံချိန်စံနှုန်းများနှင့်အညီ တပ်ဆင်ထားရှိရမည်။

(၅) လေတိုက်နှုန်း လမ်းညွှန်ပြကိရိယာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ လေယာဉ်ကွင်းအတွင်း ရှင်းလင်းမြင်သာစွာဖြင့် ထားရှိရမည်။

(ခ) လိုင်စင်၏ အကျိုးသက်ရောက်မှုရှိနေစဉ်အတွင်း လေယာဉ်ဆင်းသက်သည့် ဧရိယာအတွင်း မည်သည့်ပြင်ဆင်မှုမျိုးကိုမှ ပြုလုပ်ရမည်မဟုတ် သို့မဟုတ် အဆောက်အအုံများ သို့မဟုတ် လေယာဉ်ကွင်းအတွင်းရှိ အခြားသော အဆောက်အအုံများကို ပြင်ဆင်ပြောင်းလဲခြင်း ပြုလုပ်ရမည်မဟုတ်။ ယင်းလုပ်ဆောင်ချက်များအနေဖြင့် လေယာဉ်၏ ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာများကို အနှောင့်အယှက်ပြုနိုင်မည်ဖြစ်ကာ ထိုကဲ့သို့ ဆောင်ရွက်ချက်များ လုပ်ဆောင်ရာတွင် ဝန်ကြီးဌာန၏ ယခင်ခွင့်ပြုချက် ရရှိထားသော လုပ်ဆောင်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

ထိုကဲ့သို့သော ဆောင်ရွက်ခွင့်ပြုမိန့် လျှောက်ထားတောင်းခံရာတွင်လည်း ဦးစီးဌာနထံသို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပြီး၊ ထိုသို့ပေးပို့ရာတွင် လေယာဉ်၏ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ထိခိုက်မှုရှိနိုင်သည့် ပတ်ဝန်းကျင်အတားအဆီးများဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအပါအဝင်

ယင်းပြင်ဆင်ပြောင်းလဲမှုများပြုလုပ်မည့် စီမံကိန်းအသေးစိတ်အချက်အလက်များကို အပြည့်အစုံဖြင့် ပူးတွဲတင်ပြရမည်။

(ဂ) တရားဝင်ခွင့်ပြုချက်ထုတ်ပြန်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များ (မူရင်းလိုင်စင်၏ စည်းကမ်းချက်များအပေါ်တွင် ပြန်လည်ပြင်ဆင်၍ ချမှတ်ပေးသည့် စည်းကမ်းချက်များ အပါအဝင်) နှင့်အညီ ဝန်ကြီးဌာနက သင့်သည်ဟုထင်သည့်အတိုင်း လိုအပ်သော အတည်ပြုချက်ကို ချမှတ်ပေးခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းနှင့် အတည်ပြုချက်ထုတ်ပေးခြင်း ပြုနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (ခ) တွင် ရည်ညွှန်းသည့် သဘာဝအနေအထား ပြောင်းလဲမှုကို ဝန်ကြီးဌာန၏ ကြိုတင်အတည်ပြုချက်မရဘဲ လုပ်ဆောင်ပါက လိုင်စင်ကို ဖျက်သိမ်းနိုင်သည်။

(င) လိုင်စင်၏ တရားဝင်အတည်ဖြစ်သည့် သက်တမ်းကာလတစ်လျှောက်လုံးတွင် လေယာဉ်ကွင်း၏ ဘက်စုံအခြေအနေများမှာ လေယာဉ်များအသုံးပြုရန်အတွက် ကြံ့ခိုင်မှုရှိသည့် အနေအထားတွင် လိုင်စင်ရရှိသူသည် အစဉ်ထိန်းသိမ်းထားရှိရမည် ဖြစ်သည်။ အကယ်၍ လေယာဉ်ကွင်းအနေဖြင့် ဝန်ဆောင်မှုများ မပေးအပ်နိုင်သော အနေအထားတွင် ရှိနေပါက ထိုကဲ့သို့ ဝန်ဆောင်မှု မပေးအပ်နိုင်ခြင်းနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်ထံသို့ တိုက်ရိုက်ချက်ချင်း အသိပေးအကြောင်းကြားရမည် ဖြစ်သည်။

(စ) လေယာဉ်ကွင်းလိုင်စင်ကို လွှဲပြောင်းခြင်းမပြုရ။ ထို့ပြင် လွှဲပြောင်းပေးသော မည်သည့်လိုင်စင်မဆို တရားမဝင် ပျက်ပြယ်စေရမည်။

## လေယာဉ်ကွင်းအသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များ

၁၃၂။ (က) လေယာဉ်ကွင်းသည် ဦးစီးဌာနက သတ်မှတ်ထားရှိသည့် မြို့ပြလေကြောင်း လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ရမည်။ ဦးစီးဌာန၏ လိုအပ်ချက်ဆိုင်ရာများနှင့်အညီ ကျေနပ်အောင် လိုက်နာဆောင်ရွက်နိုင်ခြင်း မရှိပါက ညွှန်ကြားရေးမှူးချုပ်သည် မည်သည့်လေယာဉ်ကွင်းအတွက်မဆို အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးခြင်းမပြုရ။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် သတ်မှတ်ပြဋ္ဌာန်းပုံစံ၊ နည်းလမ်းများနှင့်အညီ အသိအမှတ်ပြုလက်မှတ်ကို အောက်ပါအခြေအနေများအတိုင်း ဆောင်ရွက်ထားကြောင်း ကျေနပ်မှုရှိပါက ထုတ်ပေးရမည် -

(၁) လျှောက်ထားသူနှင့် လျှောက်ထားသူ၏ ဝန်ထမ်းများသည် လေယာဉ်ကွင်းအား ထိန်းသိမ်းဆောင်ရွက်ရန်နှင့် လည်ပတ်လုပ်ကိုင်ရန် လုံလောက်သော ကျွမ်းကျင်ဝန်ထမ်းအရေအတွက်ရှိခြင်း၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိခြင်း၊ လိုအပ်ချက်အရည်အသွေးများကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း၊

(၂) လေယာဉ်ကွင်းလက်စွဲစာအုပ်ကို လေယာဉ်ကွင်းအတွက် ပြင်ဆင်ထားရှိမှုနှင့် လျှောက်ထားချက်များ ပေးပို့ရာတွင် သင့်လျော်သည့် သတင်းအချက်အလက်အပြည့်အစုံ ထည့်သွင်းပေးပို့ခြင်း၊

(၃) လေယာဉ်ကွင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ စက်ကိရိယာများနှင့် ဝန်ဆောင်မှုများကို အတည်ပြုထားသည့် စံချိန်စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားရှိခြင်း၊

(၄) လေယာဉ်၏ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ပြည့်စုံလုံလောက်သော လေယာဉ်ကွင်းလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ထားရှိခြင်း၊

(၅) အတည်ပြုထားသော ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်ကို ဆောင်ရွက်ထားရှိခြင်း။

(ဂ) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရာတွင် ဦးစီးဌာနက ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကြီးကြပ်မှုနှင့် စစ်ဆေးမှုပြုလုပ်ပြီး ပြဋ္ဌာန်းထားသည့် နည်းဥပဒေများနှင့် လိုအပ်ချက်များ၊ သတ်မှတ်ထားသည့် သို့မဟုတ် အသိအမှတ်ပြုထားသည့် အခြားစည်းကမ်းချက်တစ်ရပ်ရပ်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် အသိအမှတ်ပြုလက်မှတ် လျှောက်ထားသူအား ငြင်းပယ်နိုင်သည်။ ထိုကဲ့သို့ ငြင်းပယ်ပါက ယင်းဆုံးဖြတ်ချက် ချမှတ်ပြီး

သည်နှင့် ၁၄ ရက်ထက် မကျော်လွန်စေဘဲ အဘယ်ကြောင့်ငြင်းပယ်ရကြောင်းကို လျှောက်ထားသူအား စာဖြင့်အကြောင်းကြား၍ အသိပေးရမည်။

(င) လေယာဉ်ကွင်းနှင့် ပတ်သက်သည့် စံချိန်စံညွှန်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော ကိစ္စရပ်များအား လေယာဉ်ကွင်းအသိအမှတ်ပြုလက်မှတ်ပေါ်တွင် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုလက်မှတ် ရေးထိုးထားရှိရမည်။

(စ) လေယာဉ်ကွင်းအသိအမှတ်ပြုလက်မှတ်ကို အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမှ လွှဲပြောင်းပေးခြင်းမပြုလုပ်ရ။ ယင်းကဲ့သို့ လွှဲပြောင်းပေးအပ်ထားသော အဆိုပါမည်သည့်အသိအမှတ်ပြု သက်သေခံလက်မှတ်ကိုမဆို တရားမဝင် ပျက်ပြယ်စေရမည်။

**အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အင်တင်နာစိုက်ထူခြင်းနှင့် သစ်ပင်များစိုက်ခြင်း စသည်တို့ကို တားမြစ်ခြင်း**

၁၃၃။ (က) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ထိခိုက်မှုမဖြစ်ပေါ်စေရန် သော်လည်းကောင်း၊ လေယာဉ်ကွင်း၏ မြင်ကွင်းအတွင်းတွင်ရှိ၍ လေယာဉ်ကွင်း၏ တည်နေရာညွှန်းအမှတ်မှ ပတ်ပတ်လည်အချင်းဝက် ၁၅ ကီလိုမီတာအတွင်းတွင် လေယာဉ်ပျံသန်းမောင်းနှင်မှုအား ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အတားအဆီးဖြစ်စေသည့် မည်သည့်ဆောက်လုပ်ခြင်းများမဆို သော်လည်းကောင်း၊ အတားအဆီးအဖြစ် တိုးတက်ဖြစ်ပေါ်လာစေရန် ပြုလုပ်ခြင်း သော်လည်းကောင်း၊ ယင်းအတားအဆီးများက လေယာဉ်ကွင်းအသုံးပြုခြင်းအတွက် အဟန့်အတားများ ဖြစ်ပေါ်စေလျှင် သော်လည်းကောင်း မပြုလုပ်ရ၊ သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို ခွင့်မပြုရ၊

(ခ) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ထိခိုက်မှုမဖြစ်ပေါ်စေရန် သော်လည်းကောင်း မည်သည့်အရာဝတ္ထုများကိုမဆို ယင်းအတားအဆီး အမြင့်ကန့်သတ်ချက်ဆိုင်ရာ မျက်နှာပြင်အတွင်းသို့ ကျော်လွန်လုပ်ဆောင်ရာတွင် သက်ဆိုင်ရာအာဏာပိုင်များ၏ စာဖြင့်ရေးသားဖော်ပြထားသော ခွင့်ပြုချက်မပါရှိဘဲ ဆောင်ရွက်ခြင်း၊ ယင်းအရာဝတ္ထုကြောင့် ဖြစ်ပေါ်လာနိုင်သည့်

အတားအဆီးကန့်သတ်ချက်အမြင့် တိုးလာစေခြင်း၊ သို့မဟုတ် လေကြောင်းဆိုင်ရာ ချိန်ခွက်စက်ကိရိယာဖြင့် ဆင်းသက်ခြင်းနှင့် မျက်မြင်ဆင်းသက်သည့် လေယာဉ်ပတ်လမ်းကြောင်းတို့အတွက် အတားအဆီးမဖြစ်စေရန် သတ်မှတ်ထားသော လွတ်ကင်းမှုအမြင့်ထက် ကျော်လွန်ဆောင်ရွက်ခြင်း မပြုလုပ်ရ၊ သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို ခွင့်မပြုရ၊

(ဂ) နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြပါရှိသော အတားအဆီးအရာဝတ္ထုများတွင် အရာဝတ္ထုအသစ်များ သို့မဟုတ် အတားအဆီးကန့်သတ်ချက် မျက်နှာပြင်ကို ကျော်လွန်၍ လက်ရှိ ရှိရင်းစွဲ အရာဝတ္ထုအပေါ်တွင် ထပ်မံတိုးချဲ့ထားရှိသည့် အရာဝတ္ထုများ ပါဝင်သည်။

(ဃ) အတားအဆီးကင်းလွတ်မှုအမြင့်နှင့် အတားအဆီးကန့်သတ်ချက်ဆိုင်ရာ မျက်နှာပြင်အမြင့်သက်ဆိုင်မှုနှင့် အတားအဆီးကန့်သတ်ချက်ဆိုင်ရာ လိုအပ်ချက်များသည် ဦးစီးဌာနက သတ်မှတ်ပြဋ္ဌာန်းထားသော အသေးစိတ်ဖော်ပြချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**လေယာဉ်ကွင်း၏ အနီးဝန်းကျင်တွင် တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းနှင့် သားရေဆုတ်ခြင်း၊ အမှိုက်ပစ်ခြင်းနှင့် အခြားအညစ်အကြေးများ သို့မဟုတ် ရွံရှာဖွယ်ကောင်းသောပစ္စည်းများ စွန့်ပစ်ခြင်းတို့ကို တားမြစ်ခြင်း**

၁၃၄။ (က) သားသတ်ခြင်း၊ တိရစ္ဆာန်ညှင်းပန်းနှိပ်စက်ခြင်း မပြုလုပ်ရ။ သို့မဟုတ် အမှိုက်ကိုစွန့်ပစ်ခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ အမှိုက်သရိုက်စုပုံခြင်း အခြားမည်သည့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေမှုများ၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ကိစ္စရပ်များ၊ ယင်းကိစ္စရပ်များတွင် ပါဝင်သည့် ဟိုတယ်များမှပစ္စည်းများ၊ အသားဆိုင်များ၊ ငါးဆိုင်များနှင့် အရိုးထုတ်လုပ်သည့် စက်များတို့မှ လင်းတများ သို့မဟုတ် အခြားသောငှက်များနှင့် တိရစ္ဆာန်များကို ဆွဲဆောင်စေနိုင်သဖြင့် မည်သူမျှ လေယာဉ်ကွင်း၏ တည်နေရာပတ်လည် အချင်းဝက် ၁၀ ကီလိုမီတာအတွင်း အထက်ပါကိစ္စများ မပြုလုပ်ရ။

(ခ) ဟိုတယ်ပိုင်ရှင်များ၊ အသားဆိုင်များ၊ ငါးဆိုင်များနှင့် အရိုးထုတ်လုပ်သည့် စက်များက ကျေနပ်လောက်အောင် အစီအစဉ်ကျနစွာဖြင့် လုံလောက်သော စီစဉ်ထားရှိမှုများ ရှိလျှင်သော်လည်းကောင်း၊ လင်းတငှက်များကို စွဲဆောင်မှုမှ ကာကွယ်တားဆီးထားခြင်း ရှိလျှင်သော်လည်းကောင်း၊ အခြားသော ငှက်များနှင့် တိရစ္ဆာန်များမှသော်လည်းကောင်း၊ လေယာဉ်ကွင်းအနီးဝန်းကျင်တွင် တည်ရှိသော သားသတ်ရုံများတွင်လည်းကောင်း၊ စွန့်ပစ်ပစ္စည်းများကို သေချာစွာ စနစ်တကျစီစဉ်ထားရှိခြင်း သို့မဟုတ် တိရစ္ဆာန်အသေကောင်များကို စွန့်ပစ်ရာတွင်လည်းကောင်း၊ အမှိုက်နှင့် အခြားသော ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် ပစ္စည်းများနှင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ကိစ္စရပ်များမှသော်လည်းကောင်း ကျေနပ်လောက်အောင် လုံလောက်သည့် စီစဉ်ထားရှိမှုများရှိပါက ဝန်ကြီးဌာနက စာဖြင့် ခွင့်ပြုနိုင်သည်။

**အန္တရာယ်ရှိသည့် ပစ္စည်းများနှင့် အရာဝတ္ထုများအား လုပ်ကိုင်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို တားမြစ်ခြင်း**

၁၃၅။ ပုဂ္ဂိုလ်တစ်ဦးသည် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ၎င်းကအခွင့်အာဏာလွှဲအပ်ထားသည့် အခြားမည်သည့်အရာရှိတစ်ဦးဦး၏ စာဖြင့် ခွင့်ပြုမိန့်မရရှိဘဲ လေယာဉ်ကွင်းအတွင်းရှိ လေယာဉ်ချဉ်းကပ်လမ်းနှင့် ထွက်ခွာသည့်ဇရိယာအနီးတွင် လေယာဉ်ပျံသန်းမှုဆိုင်ရာ လုပ်ဆောင်ချက်များအတွက် ဘေးအန္တရာယ်များကို ထိခိုက်မှုရှိစေနိုင်သော မည်သည့်အန္တရာယ်ရှိသော အရာဝတ္ထုများနှင့် ပစ္စည်းများကိုမဆို လက်ဝယ်ထားရှိခြင်းနှင့် သိမ်းဆည်းထားရှိခြင်းကို ခွင့်မပြုရ။ လေယာဉ်ပြေးလမ်းထိပ်အသီးသီးမှ တစ်ကီလိုမီတာအတွင်း မထားရှိရ။

**အခကြေးငွေများ**

၁၃၆။ (က) လေယာဉ်ကွင်းလိုင်စင်၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းအတွက် သော်လည်းကောင်း၊ လေယာဉ်ကွင်း စစ်ဆေးကြည့်ရှုခြင်းအတွက် သော်လည်းကောင်း အခကြေးငွေများကို ဦးစီးဌာနက

ဝန်ကြီးဌာန၏ အတည်ပြုချက်နှင့်အညီ အခါအားလျော်စွာ သတ်မှတ်ထား သည့်အတိုင်း ကောက်ခံရမည်။

(ခ) လျှောက်ထားသူသည် ငွေသွင်းပြေစာ (Treasury) ကို ဦးစီးဌာနသို့ တင်ပြ ရမည်။

## အခန်း (၁၀)

## စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

### ညွှန်ကြားရေးမှူးချုပ်က ထုတ်ပြန်သည့် ညွှန်ကြားချက်များ

၁၃၇။ (က) ညွှန်ကြားရေးမှူးချုပ်သည် လေယာဉ်မှူးအသိပေးနှိုးဆော်စာ (NOTAM)၊ လေကြောင်းသတင်းပြန်ကြားရေးစာအုပ် (AIP)၊ လေကြောင်းသတင်းပြန် ကြားရေးစာစောင် (AIC)၊ လေယာဉ်ပျံသန်းနိုင်ချေဆိုင်ရာ အကြောင်းကြား ချက်များနှင့် မြန်မာနိုင်ငံ မြို့ပြလေကြောင်းစည်းကမ်းသတ်မှတ်ချက်များ (MCAR) တို့မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းဖြစ်စေ မြန်မာနိုင်ငံအပေါ်မှ ဖြစ်စေ ပျံသန်းသည့်လေယာဉ်များနှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထား သည့်လေယာဉ်များ၏ လုပ်ငန်းဆောင်ရွက်ခြင်း၊ အသုံးပြုခြင်း၊ ပိုင်ဆိုင် ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း သို့မဟုတ် ပျံသန်းခြင်းတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ သို့မဟုတ် ဤနည်းဥပဒေများနှင့် ညီညွတ် သော အထူးညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်သော ညွှန်ကြားချက်တိုင်းကို ၎င်းညွှန် ကြားချက်များရရှိသူတိုင်း လိုက်နာရမည်။

### ပျံသန်းနေသည့် လေယာဉ်များကို ပြန်လည်ခေါ်ယူခြင်း

၁၃၈။ (က) မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း ပျံသန်းနေဆဲဖြစ်သည့် လေယာဉ်ကို ပြန် လည်ခေါ်ယူရန် အလွန်အရေးကြီးနေသည့် အခြေအနေများ ပေါ်ပေါက်ခဲ့ပါ က ပြင်ဆင်ထားသည့် ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (၂) အရ ဦးစီးဌာနကဖြစ်စေ၊ ဝန်ကြီးဌာနက အခွင့်အာဏာ အပ်နှင်းထားသော အာဏာပိုင်တစ်ဦးဦးကဖြစ်စေ ထိုလေယာဉ်ကို

ဖြစ်နိုင်သည့်အချိန်တွင် မည်သည့်နည်းလမ်းဖြင့်မဆို ပြန်လည်ခေါ်ယူနိုင်သည်။

(ခ) ဤနည်းဥပဒေအရပေးသည့် ညွှန်ကြားချက်တစ်စုံတစ်ရာကို လိုက်နာရန် ပျက်ကွက်သည့် မည်သူ့ကိုမဆို ဤနည်းဥပဒေများကို ချိုးဖောက်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဤနည်းဥပဒေများ၏ နောက်ဆက်တွဲ ဇယား ၃ တွင် သတ်မှတ်ထားသည့် ပြစ်မှုအတိုင်းအတာအထိ ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

## အခန်း (၁၁)

## လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို လိုင်စင်ထုတ်ပေးခြင်း

### လိုင်စင်ထုတ်ပေးမည့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ

၁၃၉။ ဤအပိုင်းအရ ထုတ်ပေးသည့်လိုင်စင်တစ်ခု၏ သတ်မှတ်ချက်များနှင့်အညီ ၎င်းလိုင်စင်ပါ လုပ်ပိုင်ခွင့်များအရသာ နိုင်ငံတော်အတွင်း လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတည်ထောင်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း ပြုလုပ်နိုင်သည်။

သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်သည် ၎င်းကသင့်လျော်သည်ဟု ထင်မြင်ယူဆသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံတွင် အခြေချနေထိုင်ခြင်းမပြုသူများ သို့မဟုတ် မြန်မာနိုင်ငံမှအပ အခြားတစ်နေရာတွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီများက မြန်မာနိုင်ငံမှအပ အခြားတစ်နေရာတွင် မှတ်ပုံတင်ထားသည့်လေယာဉ်များကို အသုံးပြု၍ မြန်မာနိုင်ငံသို့ဖြစ်စေ မြန်မာနိုင်ငံ၏ပြင်ပရှိနေရာများမှဖြစ်စေ၊ ထိုနေရာများသို့ဖြစ်စေ၊ မြန်မာနိုင်ငံကို လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဖြတ်သန်း၍ လည်းကောင်း လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ခွင့်ပြုနိုင်သည်။

### လေကြောင်းပို့ဆောင်ရေးလုပ်ငန်း လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်

၁၄၀။ ညွှန်ကြားရေးမှူးချုပ်သည် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုင်စင်လျှောက်ထားချက်များကို စိစစ်ခြင်းနှင့် အဆိုပါလိုင်စင်များကို ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းတို့ကို လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ဖြစ်သည်။

**လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်၏ အခွင့်အာဏာများ**

၁၄၁။ (က) ဤနည်းဥပဒေများ၏ သတ်မှတ်ချက်များနှင့် ညီညွတ်စေလျက် ညွှန်ကြားရေးမှူးချုပ်သည် ပုံမှန်ပျံသန်းသော လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် ပုံမှန်ပျံသန်းခြင်းမဟုတ်သော လေကြောင်းပို့ဆောင်ရေးလုပ်ငန်း သို့တည်းမဟုတ် ပုံမှန်ပျံသန်းသော လေကြောင်းပို့ဆောင်ရေးလုပ်ငန်း သို့မဟုတ် ပုံမှန်ပျံသန်းခြင်း မဟုတ်သော လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတစ်ခုကို မြန်မာနိုင်ငံတစ်ဝှမ်း၌ဖြစ်စေ၊ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံ၏ပြင်ပရှိနေရာ သို့မဟုတ် နေရာများအကြား၌ဖြစ်စေ ၎င်းက သင့်လျော်သည်ဟု ထင်မြင်ယူဆသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် လိုင်စင်ထုတ်ပေးခြင်း၊ လျှောက်ထားသည့်လိုင်စင်ကို ထုတ်ပေးရန် ငြင်းဆန်ခြင်းနှင့် လိုင်စင်ကိုပြင်ဆင်ခြင်း၊ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းတို့ ပြုလုပ်ရန် အခွင့်အာဏာရှိစေရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ၎င်းထံတင်ပြသည့် အချက်များကို မှန်ကန်ကြောင်း မြွက်ဟကြေညာစေရန်အတွက် လည်းကောင်း၊ ၎င်းကလိုအပ်သည်ဟု ထင်မြင်သည့် မည်သည့်အဆောက်အအုံ၊ လေယာဉ် သို့မဟုတ် အခြားအရာများကို စစ်ဆေးရန် သို့မဟုတ် စစ်ဆေးရန်အတွက် လည်းကောင်း၊ လိုင်စင်လျှောက်ထားသူတစ်ဦးကို အချက်အလက်များ ဖြည့်စွက်တင်ပြစေရန် လည်းကောင်း၊ လိုင်စင်လျှောက်ထားသူကို ၎င်း၏ လျှောက်ထားချက်နှင့်ပတ်သက်၍ သက်သေအထောက်အထားများ တင်ပြရန် ညွှန်ကြားရေးမှူးချုပ်၏ ရှေ့မှောက်သို့ လာရောက်စေရန်အတွက် လည်းကောင်း၊ ဤနည်းဥပဒေများအလို့ငှာ လိုင်စင်လျှောက်ထားချက်နှင့် ပတ်သက်သည့် အချက်အလက်များကို ထုတ်ပြန်ကြေညာရန် လည်းကောင်း အခွင့်အာဏာရှိစေရမည်။

သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားသူ၏ ငွေကြေးအရင်းအမြစ်များ သို့မဟုတ် ၎င်း၏လျှောက်ထားမှုနှင့် ပတ်သက်သည့် ငွေရေးကြေးရေး သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များကို

သက်ဆိုင်မှုမရှိသူတစ်ဦးဦးသို့ ထုတ်ဖော်ခြင်း သို့မဟုတ် လျှောက်ထားသူကို ထုတ်ဖော်စေခြင်း မပြုလုပ်ရ။

**လျှောက်ထားချက်များ**

၁၄၂။ (က) (၁) လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နိုင်ရေးအတွက် လိုင်စင်လျှောက်ထားချက်များကို လုပ်ငန်းများစတင်ဆောင်ရွက်လိုသည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း (၆၀) ကြိုတင်၍ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။

(၂) ညွှန်ကြားရေးမှူးချုပ်က လျှောက်ထားချက်များလက်ခံရန် နောက်ဆုံးနေ့ရက်ကို သတ်မှတ်ထားပါက လျှောက်ထားချက်များကို ၎င်းနေ့ရက်တွင် သို့မဟုတ် ၎င်းနေ့ရက်မတိုင်မီ တင်ပြရမည်။

(၃) လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ရက် (၆၀) ထက်မကျော်သည့် ကာလအတွက်သာ ဆောင်ရွက်နိုင်မည့် ယာယီလိုင်စင်ကို လျှောက်ထားခြင်းဖြစ်ပါက လုပ်ငန်းများစတင်ဆောင်ရွက်လိုသည့် နေ့ရက်မတိုင်မီ အနည်းဆုံး (၁၅) ရက် ကြိုတင်၍ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်ဖြစ်ပြီး ခြွင်းချက်အဖြစ် အရေးပေါ်အခြေအနေတွင် ညွှန်ကြားရေးမှူးချုပ်က ဤလိုအပ်ချက်ကို လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားချက်ကို ညွှန်ကြားရေးမှူးချုပ်ထံ တောင်းခံ၍ ၎င်းက သတ်မှတ်ထုတ်ပေးသည့်ပုံစံဖြင့် လျှောက်ထားရမည်။ အဆိုပါပုံစံကို လိုင်စင်လျှောက်ထားသူက လတ်မှတ်ရေးထိုးရမည်ဖြစ်ပြီး လျှောက်ထားချက်ကို ကုမ္ပဏီအဖွဲ့အစည်းတစ်ခုက တင်ပြခြင်းဖြစ်ပါက ၎င်းအဖွဲ့အစည်းက လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့်လူက လက်မှတ်ရေးထိုးရမည် ဖြစ်သည်။ လျှောက်ထားချက်နှင့်အတူ ဤနည်းဥပဒေများအလို့ငှာ လိုအပ်သည့်အချက်အလက်များကို တင်ပြရမည်။

**လေကြောင်းပို့ဆောင်ရေးလုပ်ငန်း တည်ထောင်ခြင်းအတွက် လိုအပ်ချက်များ**

၁၄၃။ ညွှန်ကြားရေးမှူးချုပ်သည် ၎င်းကလိုအပ်သည်ဟု သုံးသပ်ယူဆသည့်အတိုင်း ပုံမှန်ပျံသန်းသော လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် ပုံမှန်ပျံသန်းခြင်းမဟုတ်သော လေကြောင်းပို့ဆောင်ရေးလုပ်ငန်း သို့တည်းမဟုတ် ပုံမှန်ပျံသန်းသော လေကြောင်းပို့ဆောင်ရေးလုပ်ငန်း သို့မဟုတ် ပုံမှန်ပျံသန်းခြင်းမဟုတ်သော လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတစ်ခုတည်းထောင်ခြင်းနှင့် သက်ဆိုင်သော လိုအပ်ချက်များကို အခါအားလျော်စွာ ထုတ်ပြန်ရမည်။

**လိုင်စင်ကို သတ်မှတ်ချက်များဖြင့် ထုတ်ပေးခြင်း**

၁၄၄။ ညွှန်ကြားရေးမှူးချုပ်သည် လေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စွမ်းရည်မြင့်မားစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုင်စင်တစ်ခုကို ၎င်းကသင့်လျော်သည်ဟု ယူဆသည့် သတ်မှတ်ချက်များဖြင့် ထုတ်ပေးနိုင်သည်။ အဆိုပါလိုင်စင်တွင် အောက်ပါသတ်မှတ်ချက်များ ပါဝင်ရမည်-

(က) ခရီးသည်နှင့်ကုန်စည် တင်ဆောင်ရန်အတွက် သို့မဟုတ် အခြားရည်ရွယ်ချက်များအတွက် လေယာဉ်ဆင်းသက်နိုင်သည့် နေရာများ၊

(ခ) လုပ်ငန်းဆောင်ရွက်နိုင်သည် အခြေအနေသတ်မှတ်ချက်များ (နေ့အခါ၊ ရာသီအလိုက် သို့မဟုတ် မိုးလေဝသအရ)၊

(ဂ) အသုံးပြုမည့် လေယာဉ်များ၊

(ဃ) ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာ ခွင့်ပြုသည့် လေကြောင်းပို့ဆောင်ရေးဆောင်ရွက်မှု အချိန်ဇယား၊

**အက်ဥပဒေနှင့် နည်းဥပဒေများကို လိုက်နာရန်တာဝန်**

၁၄၅။ လိုင်စင်ရရှိသူမည်သူ့ကိုမဆို ၁၉၃၄ ခုနှစ် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ၊ မြန်မာနိုင်ငံလေကြောင်းဖြင့် သယ်ဆောင်ခြင်းဆိုင်ရာ အက်ဥပဒေ သို့မဟုတ် ၎င်းအက်ဥပ

ဒေများအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လေကြောင်းနှင့်သက်ဆိုင်သော ဥပဒေများ အပါအဝင် တည်ဆဲဥပဒေများကို လိုက်နာရမည်။

**လိုင်စင်များ၏ သက်တမ်း**

၁၄၆။ နည်းဥပဒေ ၁၅၀ နှင့်ညီညွတ်မှုရှိစေလျက် လိုင်စင်တစ်ခုသည် ယာယီလိုင်စင် ဖြစ်ပါက ရက်ပေါင်း (၆၀) ထက်မကျော်သည့်ကာလအတွက် တရားဝင်သက်တမ်းရှိနေ မည်ဖြစ်ပြီး အခြားလိုင်စင်ဖြစ်ပါက (၁၀) နှစ်ထက် မကျော်သည့်ကာလအတွက် တရားဝင်သက်တမ်း ရှိနေမည်ဖြစ်သည်။ ညွှန်ကြားရေးမှူးချုပ်က လိုင်စင်၏တရားဝင် သည့် သက်တမ်းကို သတ်မှတ်သည့်အတိုင်း လိုင်စင်တွင်ရေးသွင်းမည်ဖြစ်သည်။

**လိုင်စင်ထုတ်ပေးရန် ငြင်းဆန်ခြင်း**

၁၄၇။ ညွှန်ကြားရေးမှူးချုပ်က လိုင်စင်တစ်ခုထုတ်ပေးရန် ငြင်းဆန်ခြင်း သို့မဟုတ် သတ်မှတ်ချက်များဖြင့် ထုတ်ပေးခြင်းတို့အပေါ် လျှောက်ထားသူက ကန့်ကွက်လာပါက ညွှန်ကြားရေးမှူးချုပ်သည် ၎င်း၏ဆုံးဖြတ်ချက်အတွက် အကြောင်းရင်းများကို စာဖြင့် မှတ်တမ်းတင်ပြီး လျှောက်ထားသူက မိတ္တူတစ်စောင် ရပိုင်ခွင့်ရှိသည်။

**လိုင်စင်၏ သတ်မှတ်ချက်များပြင်ဆင်ခြင်း**

၁၄၈။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) လေကြောင်းပို့ဆောင်ရေးကဏ္ဍ ထိရောက်စွာ ဖွံ့ဖြိုးမှုရှိစေရေးအတွက် ဖြစ်စေ၊ အများပြည်သူအကျိုးအတွက်ဖြစ်စေ လိုအပ်သည်ဟုယူဆပါက လိုင်စင်ကိုင်ဆောင်ထားသူတစ်ဦးကို ၎င်း၏အမြင်များတင်ပြရန် သင့်လျော် သောအခွင့်အရေးပေးပြီးနောက် ၎င်းလိုင်စင်၏ သတ်မှတ်ချက်များကို အချိန်မရွေး ပြင်ဆင်နိုင်သည်။

(ခ) နည်းဥပဒေ ၁၄၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်ကိုင်ဆောင်ထား သူတစ်ဦးက လိုင်စင်ပါအချက်များကို ပြင်ဆင်ရန် လျှောက်ထားလာပါက

ကန့်ကွက်ရန်အကြောင်းမမြင်လျှင် လိုင်စင်ကို လျှောက်ထားသည့်အတိုင်း ပြင်ဆင်ပေးနိုင်သည်။

## ကနဦးလိုင်စင်များ

၁၄၉။ ညွှန်ကြားရေးမှူးချုပ်သည် ၎င်းကသင့်လျော်သည်ဟု ယူဆသောသက်တမ်းနှင့် သတ်မှတ်ချက်များဖြင့် ကနဦးလိုင်စင်တစ်ခုကို အောက်ပါအခြေအနေများတွင် ထုတ်ပေးနိုင်သည်-

(က) နည်းဥပဒေ ၁၄၂ အရ ယာယီလိုင်စင်မဟုတ်သော လိုင်စင်တစ်ခုအတွက် လျှောက်ထားလာခြင်းဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်က အဆိုပါ လျှောက်ထားချက်အပေါ် အပြီးသတ်ဆုံးဖြတ်ချက်မချနိုင်မီ ကာလအတွင်း လျှောက်ထားလာသူကို ယာယီလိုင်စင် ထုတ်ပေးသင့်သည်ဟု သုံးသပ်ခြင်း၊

(ခ) ညွှန်ကြားရေးမှူးချုပ်က ဤအပိုင်း၏ သတ်မှတ်ချက်များအားလုံးကို ချက်ချင်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း အများပြည်သူတို့၏ ဘေးအန္တရာယ်ကင်းရှင်းမှုကို မထိခိုက်စေဘဲ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတစ်ခုကို ကန့်သတ်ထားသည့် ကာလတစ်ခုအတွက် ခွင့်ပြုပေးနိုင်သည်ဟု ယူဆခြင်း။

## လိုင်စင်များ ပြန်လည်ရုပ်သိမ်းခြင်းနှင့် ယာယီရုပ်ဆိုင်းခြင်း

၁၅၀။ (က) လိုင်စင်ကိုင်ဆောင်သူတစ်ဦးက တမင်ကျူးလွန်ခြင်း သို့မဟုတ် ထိမ်ချန်ခြင်းကြောင့်ဖြစ်စေ၊ ပျက်ကွက်မှုအကြိမ်ကြိမ် ဖြစ်ပွားခြင်းကြောင့်ဖြစ်စေ၊ လိုင်စင်ကိုင်ဆောင်သူ၏ ပေါ့ဆမှုကြောင့်ဖြစ်စေ ၎င်းလိုင်စင်၏ မည်သည့်သတ်မှတ်ချက်ကိုမဆို လိုက်နာရန်ပျက်ကွက်သဖြင့် အများပြည်သူ၏ အကျိုးငှာ ၎င်းလိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ယာယီရုပ်ဆိုင်းခြင်းပြုလုပ်သင့်သည်ဟု ညွှန်ကြားရေးမှူးချုပ်က ယူဆပါက ၎င်းလိုင်စင်ကို

ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ယာယီရုပ်ဆိုင်းခြင်း ပြုလုပ်နိုင်သည်။

(ခ) (၁) နည်းဥပဒေ (က) အရ အရေးယူဆောင်ရွက်မှုတစ်ခုခုကို မပြုလုပ်မီ ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ကိုင်ဆောင်သူထံ အနည်းဆုံးရက် (၃၀) ကြိုတင်၍ ၎င်း၏ လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ယာယီရုပ်ဆိုင်းခြင်းပြုလုပ်ရန် ရည်ရွယ်သည့် အကြောင်းရင်းများကို ဖော်ပြ၍ စာဖြင့်သတိပေးရမည်။

(၂) ထိုသို့ရည်ရွယ်သည့် အရေးယူဆောင်ရွက်မှုကို မပြုလုပ်ရန် အကြောင်းပြချက်များကို လိုင်စင်ကိုင်ဆောင်သူက ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့် တင်ပြနိုင်ရန် အခွင့်အလမ်းပေးရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ လိုင်စင်တစ်ခုကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ယာယီရုပ်ဆိုင်းခြင်း ပြုလုပ်ပါက ညွှန်ကြားရေးမှူးချုပ်က ၎င်း၏ဆုံးဖြတ်ချက်အတွက် အကြောင်းရင်းများကို စာဖြင့်မှတ်တမ်းတင်ပြီး လိုင်စင်ကိုင်ဆောင်သူက မိတ္တူတစ်စောင် ရပိုင်ခွင့်ရှိသည်။

(ဃ) နည်းဥပဒေခွဲ (က) အရ လိုင်စင်တစ်ခုကို ယာယီရုပ်ဆိုင်းခြင်းပြုလုပ်ပါက ညွှန်ကြားရေးမှူးချုပ်က ယာယီရုပ်ဆိုင်းသည့်ကာလနှင့် ရုပ်ဆိုင်းရသည့် အကြောင်းရင်း အကျဉ်းချုပ်ကို လိုင်စင်ပေါ်တွင် ရေးသွင်းရမည်။

(င) နည်းဥပဒေခွဲ (က) သို့မဟုတ် နည်းဥပဒေခွဲ (ခ) ပါ သတ်မှတ်ချက်များ ရှိပင်ရှိငြားသော်လည်း ညွှန်ကြားရေးမှူးချုပ်သည် ၎င်း၏ လက်ဝယ်ရှိသော သတင်းအချက်အလက်များအရ အများပြည်သူအကျိုးငှာ သင့်တော်မည်ဟု ယုံကြည်ရန်အကြောင်းရှိပါက နည်းဥပဒေခွဲ (က) နှင့်အညီ ဆက်လက်စုံစမ်း၍ အရေးယူဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် လိုင်စင်တစ်ခုကို မဆိုင်းမတွ ယာယီရုပ်ဆိုင်းနိုင်သည်။

## လိုင်စင် လွှဲပြောင်းပေးခြင်း

၁၅၁။ ညွန်ကြားရေးမှူးချုပ်က စာဖြင့်အထူးခွင့်ပြုခြင်းမှတစ်ပါး ဤအပိုင်းပါ သတ်မှတ်ချက်များအရ ထုတ်ပေးသည့် လိုင်စင်တစ်ခုကို လွှဲပြောင်းပေးခြင်းမပြုရ။

ခြွင်းချက်အဖြစ် လိုင်စင်ကိုင်ဆောင်သူသည် သေဆုံးခြင်း၊ မစွမ်းဆောင်နိုင်ခြင်း၊ ဒေဝါလီခံခြင်း၊ ကြွေးမြီများရှိခြင်းကြောင့် ၎င်းပိုင်ဆိုင်မှုများကို အသိမ်းခံရခြင်း သို့မဟုတ် စာရင်းရှင်းဖျက်သိမ်းခြင်းတို့ တစ်ခုခုဖြစ်ခြင်း သို့မဟုတ် လိုင်စင်ကိုင်ဆောင်သူ၏ လုပ်ငန်းနှင့်ပတ်သက်၍ ပစ္စည်းထိန်း သို့မဟုတ် စီမံခန့်ခွဲသူ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူတစ်ဦးဦး ခန့်အပ်လိုက်ခြင်းတို့ရှိပါက လတ်တလောတွင် အဆိုပါလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသောသူက ညွန်ကြားရေးမှူးချုပ်ထံ လိုင်စင်အသစ်ထုတ်ပေးရန် လျှောက်ထားခြင်းဖြစ်ပါက ၎င်းလျှောက်ထားချက်အပေါ် အရေးယူဆောင်ရွက်ခြင်း မပြီးပြတ်မီအချိန်ထိ ထိုလျှောက်ထားသူအနေဖြင့် လိုင်စင်ရလေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။

## လုပ်ပိုင်ခွင့်များ ဆက်လက်တည်ရှိနေခြင်း

၁၅၂။ ဤအပိုင်းပါ မည်သည့်အချက်ကမျှ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက်တွင် လိုင်စင်ကိုင်ဆောင်သူသို့ အောက်ပါရပိုင်ခွင့်တစ်ရပ်ရပ် ပေးအပ်သည်ဟု မမှတ်ယူရ-

(က) တူညီသော ခရီးလမ်းကြောင်းတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုင်စင်အသစ်ထုတ်ပေးခြင်း၊

(ခ) ဤအပိုင်း သို့မဟုတ် ၎င်းအရထုတ်ပေးသည့် လိုင်စင်တစ်ရပ်ရပ်ပါ သတ်မှတ်ချက်များမှရရှိသည့် အခြားအကျိုးကျေးဇူးများ ဆက်လက်ခံစားခြင်း၊

ခြွင်းချက်အဖြစ် လိုင်စင်ကိုင်ဆောင်ထားသူတစ်ဦးသည် ဤအပိုင်းအရ လိုင်စင်ရရှိထားသည့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတစ်ခုကို နောက်ထပ်ကာလတစ်ခုအတွက် ဆက်လက်ဆောင်ရွက်ရန် လိုင်စင်အသစ်လျှောက်ထားလာပါက ၎င်းလေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို စွမ်းအား

ပြည့် ဆောင်ရွက်နိုင်ခဲ့သည်ဟု ညွှန်ကြားရေးမှူးချုပ်က ကျေနပ်လက်ခံပြီး အခြားအကြောင်းအချက်များအားလုံး ညီမျှမှုရှိခဲ့လျှင် အများပြည်သူ၏ အကျိုးငှာ လိုင်စင်ကိုင်ဆောင်ထားသူ၏ လျှောက်ထားချက်ကို ဦးစားပေး ရမည်။

**လိုင်စင်များထိန်းသိမ်းခြင်း၊ ထုတ်ပြခြင်းနှင့် ပြန်လည်အပ်နှံခြင်း**

၁၅၃။ (က) ဤအပိုင်းအရ ထုတ်ပေးထားသည့် လိုင်စင်တစ်ခုကို လိုင်စင်ကိုင်ဆောင်သူ၏ ပင်မရုံးတွင်ထားရှိရမည်ဖြစ်ပြီး မည်သည့်တရားသူကြီး၊ ရဲအရာရှိ၊ အကောက်ခွန်အရာရှိ၊ ဦးစီးဌာန၏ ပြန်တမ်းဝင်အရာရှိကမဆို သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က စာဖြင့်ထုတ်ပြန်၍ အထူး သို့မဟုတ် အထွေထွေ အမိန့်ဖြင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် တစ်ဦးဦးကိုမဆို တောင်းခံပါက လိုင်စင်ကို ထုတ်ပြရမည်၊

(ခ) ဤနည်းဥပဒေများ၏ နောက်ဆက်တွဲ ဇယား (၂) တွင် သတ်မှတ်ထားသည့် အချက်အလက်များကို လိုင်စင်မှထုတ်နုတ်၍ လိုင်စင်ကိုင်ဆောင်သူ၏ ခရီးသည်ပို့ဆောင်ရေးပင်မရုံးတွင် အများပြည်သူ လွယ်လင့်တကူ မြင်နိုင်သည့်နေရာတွင် ပြသထားရမည်။

(ဂ) အချိန်စေ့ရောက်၍ဖြစ်စေ၊ ဤနည်းဥပဒေများအရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်တစ်ရပ်ကြောင့်ဖြစ်စေ လိုင်စင်တစ်ခု၏ သက်တမ်းကုန်ဆုံး သွားသည့်အခါတွင် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က လိုင်စင်ကို ယာယီရပ်ဆိုင်းလိုက်သည့်အခါတွင် လိုင်စင်ကိုင်ဆောင်သူသည် လိုင်စင်ကို မှတ်ချက်ပေးသွင်းရန်အတွက် လည်းကောင်း၊ ပယ်ဖျက်ပေးရန်အတွက် လည်းကောင်း ညွှန်ကြားရေးမှူးချုပ်ထံသို့ ပြန်လည်အပ်နှံရမည်။

**အခကြေးငွေများ**

၁၅၄။ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းလိုင်စင်များ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ခြင်းတို့အတွက်ဖြစ်စေ၊ ဤအပိုင်းတွင် ဖော်ပြထားသည့် ယာယီလိုင်စင်များထုတ်ပေးခြင်းအတွက်ဖြစ်စေ ပေးဆောင်ရမည့် အခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာစာဖြင့် ထုတ်ပြန်ကြေညာရမည်။

**ပေးအပ်ရမည့် အချက်အလက်များ**

၁၅၅။ (က) ဤအပိုင်းအရ လိုင်စင်ကိုင်ဆောင်သူတိုင်းသည် ညွှန်ကြားရေးမှူးချုပ်က တောင်းဆိုပါက သတ်မှတ်ထားသည့်ပုံစံများဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ အောက်ပါအချက်အလက်များ ပေးအပ်ရမည်-

(၁) လိုင်စင်ကိုင်ဆောင်ထားသူများ၏ လိုင်စင်ရ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် အခြားလေကြောင်းပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သော အချက်အလက်များ၊

(၂) လုပ်ငန်း၏ ငွေရေးကြေးရေးဆိုင်ရာ အချက်အလက်များ။

(ခ) နည်းဥပဒေခွဲ (က) ၏ အပိုဒ် (၂) အရ ပေးအပ်သော လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတစ်ခု သို့မဟုတ် လိုင်စင်ကိုင်ဆောင်သူတစ်ဦးနှင့် ပတ်သက်သည့် အချက်အလက်များကို လိုင်စင်ကိုင်ဆောင်သူ၏ သဘောတူညီမှုမရှိဘဲ ထုတ်ပြန်ခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းမပြုရ။ အကယ်၍ သဘောတူညီမှု မရရှိဘဲ လူတစ်ဦးတစ်ယောက်က အဆိုပါအချက်အလက်များကို ထုတ်ပြန်ခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းပြုလုပ်ပါက ၎င်းသူသည် ဤနည်းဥပဒေများအရ အပြစ်ပေးနိုင်သည့် ပြစ်မှုကျူးလွန်သူတစ်ဦးအဖြစ် သတ်မှတ်သည်။

ခြွင်းချက်အဖြစ် လိုင်စင်ရ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ နည်းဥပဒေခွဲ (က)(၁) ပါ အချက်အလက်များကို လုပ်ပိုင်ခွင့်ရှိသူတစ်ဦးက ထုတ်ပြန်ခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းသည်လည်းကောင်း၊

ဤအပိုင်းပါ သတ်မှတ်ချက်များအရ ဆောင်ရွက်နိုင်သော အရေးယူဆောင်ရွက်ချက်များအတွက်ဖြစ်စေ၊ ထိုအရေးယူဆောင်ရွက်ချက်များကို အစီရင်ခံရန်အတွက်ဖြစ်စေ အချက်အလက်တစ်စုံတစ်ရာကို ထုတ်ပြန်ခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းသည်လည်းကောင်း ဤနည်းဥပဒေခွဲပါ သတ်မှတ်ချက်တစ်ရပ်ရပ်က သက်ရောက်မှု မရှိစေရ။

## အခန်း (၁၂)
## လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်

### လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း

၁၅၆။ (က) ဤနည်းဥပဒေ၏ နည်းဥပဒေခွဲ (ခ) အရ အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသူက အများပြည်သူပို့ဆောင်ရေးအတွက် လေယာဉ်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းဆောင်ရွက်နိုင်သည့် စွမ်းရည်ရှိကြောင်း ခွင့်ပြုသည့် လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်နှင့် ထိုလက်မှတ်ပါ သတ်မှတ်ချက်များနှင့်အညီ မှတစ်ပါး မည်သည့်လေယာဉ်ကိုမျှ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းအဖြစ် အများပြည်သူပို့ဆောင်ရေးအတွက် အသုံးမပြုရ။

(ခ) (၁) လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ် လျှောက်ထားသူသည် ၎င်း၏ယခင်က လုပ်ဆောင်ခဲ့မှုနှင့် အတွေ့အကြုံ၊ ၎င်း၏စက်ပစ္စည်း၊ ဖွဲ့စည်းမှု၊ အမှုထမ်းများ၊ ပြုပြင်ထိန်းသိမ်းရေးနှင့် အခြားအစီအစဉ်များအရ အဆိုပါလက်မှတ်တွင် သတ်မှတ်ဖော်ပြသည့် ခရီးလမ်းကြောင်းများနှင့် ရည်ရွယ်သည့် လုပ်ငန်းများအတွက် သတ်မှတ်ထားသည့် လေယာဉ်အမျိုးအစားများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းဆောင်ရွက်နိုင်သည့် စွမ်းရည် ပြည့်ဝကြောင်းကို ညွှန်ကြားရေးမှူးချုပ်သည် ကျေနပ်လက်ခံပါက ထိုသူအား လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

(၂) ညွှန်ကြားရေးမှူးချုပ်သည် ဤနည်းဥပဒေများ၏ နည်းဥပဒေ ၁၉ နှင့်အညီ အဆိုပါလက်မှတ်ကို သင့်လျော်သည့် သတ်မှတ်ချက်များ ဖြင့်ထုတ်ပေးရမည်ဖြစ်ပြီး အသိအမှတ်ပြုလက်မှတ်တွင် ဖော်ပြထား သည့် သက်တမ်းတစ်လျှောက် သက်ဝင်နေစေရမည်။

**အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသည့် အာဏာပိုင်၏ လုပ်ပိုင်ခွင့်များ**

၁၅၇။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ဤနည်းဥပဒေများ၏ ပြဋ္ဌာန်းချက်အရ လေယာဉ်ဝန်ဆောင်မှုသည် လေကြောင်းပို့ဆောင်ရေး ဖွဲ့စည်းတည်ထောင်သည့် သဘောသက်ရောက် ခြင်း ရှိ၊ မရှိကို ဤနည်းဥပဒေများပါ ဖွင့်ဆိုသည့်အဓိပ္ပါယ်နှင့်အညီ အဆုံး အဖြတ်ပေးခြင်း၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတစ်ခုကို မြန်မာနိုင်ငံ အတွင်းတွင် လုံးဝဖြစ်စေ၊ မြန်မာနိုင်ငံမှပြင်ပရှိတစ်နေရာ သို့မဟုတ် နေရာများအကြားတွင်ဖြစ်စေ ၎င်းကသင့်လျော်သည့်ဟု ထင်မြင်ယူဆသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ် ထုတ်ပေးခြင်း၊ လျှောက်ထားသည့် လိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်ကို ပြင်ဆင်ခြင်း၊ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းတို့ ပြုလုပ်ရန် အာဏာရှိစေရမည်။

(ခ) ၎င်းထံတင်ပြသည့် ထွက်ဆိုချက်များကို မှန်ကန်ကြောင်း မြွက်ဟကြေညာ စေရန်အတွက်လည်းကောင်း၊ ယင်းကလိုအပ်သည်ဟု ထင်မြင်သဖြင့် မည်သည့်အဆောက်အအုံ၊ လေယာဉ် သို့မဟုတ် အခြားအရာများကို စစ်ဆေးရန် သို့မဟုတ် စစ်ဆေးစေရန်လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်လျှောက်ထားသည့် မည်သူ့ကိုမဆို အချက်အလက်များ ဖြည့်စွက်တင်ပြစေရန်လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ် လျှောက်ထားသူကို ၎င်း၏လျှောက်ထားချက်နှင့် ပတ်သက်၍ သက်သေ အထောက်အထားများတင်ပြရန် ညွှန်ကြားရေးမှူးချုပ်၏ ရှေ့မှောက်သို့ လာရောက်စေရန်လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် လျှောက်

ထားချက်တစ်ခုနှင့် ပတ်သက်၍ စိတ်ဝင်စားမှုရှိသူ၏ တင်ပြချက်များကို လက်ခံစဉ်းစားပေးရန် လည်းကောင်း၊ ဤနည်းဥပဒေများ အလို့ငှာ လိုင်စင်လျှောက်ထားချက်နှင့် ပတ်သက်သည့် အချက်အလက်များကို ထုတ်ပြန်ကြေညာရန် လည်းကောင်း အာဏာရှိစေရမည်။

သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားသူ၏ ငွေကြေး အရင်းအမြစ်များ သို့မဟုတ် ၎င်း၏လျှောက်ထားချက်နှင့် ပတ်သက်သည့် ငွေရေးကြေးရေး သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များကို အခြားသူတစ်ဦးဦးသို့ သတင်းထုတ်ဖော်ခြင်း သို့မဟုတ် လျှောက်ထားသူကို ထုတ်ဖော်စေခြင်းတို့ကို မပြုရ။

**လျှောက်ထားချက်များ**

၁၅၈။ (က) လျှောက်ထားချက်ကို ဦးစီးဌာနက ခွင့်ပြုထုတ်ပေးသည့် ပုံစံဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါပုံစံကို လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ် လျှောက်ထားသူက လက်မှတ်ရေးထိုးရမည်။

(ခ) လျှောက်ထားချက်ကို အသင်းအဖွဲ့အစည်းတစ်ခုက တင်ပြခြင်းဖြစ်ပါက ထိုအဖွဲ့အစည်းက လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့်သူက လက်မှတ်ရေးထိုး ရမည်။

(ဂ) လျှောက်ထားချက်နှင့်အတူ ဤနည်းဥပဒေများအလို့ငှာ လိုအပ်သည့် အချက်အလက်များကို ပူးတွဲတင်ပြရမည်။

**အသိအမှတ်ပြုလက်မှတ် လွှဲပြောင်းပေးခြင်း**

၁၅၉။ ညွှန်ကြားရေးမှူးချုပ်က စာဖြင့် သီးခြားခွင့်ပြုချက်မရှိဘဲ ဤအခန်းပါ သတ်မှတ်ချက်များအရ ထုတ်ပေးသည့် လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ်ကို လွှဲပြောင်း ပေးနိုင်ခြင်း မပြုရ။

သို့ရာတွင် လိုင်စင်ကိုင်ဆောင်သူက သေဆုံးခြင်း၊ မစွမ်းဆောင်နိုင်ခြင်း၊ ဘဏ်လူမွဲစာရင်းအဖြစ်ခံယူခြင်း သို့မဟုတ် လိုင်စင်ရသူ၏ လုပ်ငန်းနှင့်စပ်လျဉ်း၍

ကြွေးမြီများရှိခြင်းကြောင့် ၎င်းပိုင်ဆိုင်မှုများကို အသိမ်းခံရခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပစ္စည်းထိန်း၊ စီမံခန့်ခွဲသူ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူ ခန့်အပ်လိုက်ခြင်းတို့ရှိပါက လတ်တလောတွင် အဆိုပါလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသောသူက ဦးစီးဌာနသို့ လိုင်စင်အသစ်ထုတ်ပေးရန် (၁၄) ရက်အတွင်း လျှောက်ထားပါက ထိုလျှောက်ထားချက်အပေါ် အရေးယူဆောင်ရွက်ခြင်း မပြီးပြတ်မီအချိန်အထိ ထိုသူအနေဖြင့် လိုင်စင်ရလေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။

**အသိအမှတ်ပြုလက်မှတ် ထိန်းသိမ်းခြင်း၊ ထုတ်ပြခြင်းနှင့် ပြန်လည်အပ်နှံခြင်း**

၁၆၀။ (က) ဤအခန်းအရထုတ်ပေးထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ်တစ်ခုကို လက်မှတ်ကိုင်ဆောင်သူ၏ ပင်မရုံးတွင် သိမ်းဆည်းထားရှိရမည်ဖြစ်ပြီး တရားသူကြီး၊ ရဲအရာရှိ၊ အကောက်ခွန်အရာရှိ၊ ဦးစီးဌာနရှိပြန်တမ်းဝင်အရာရှိတစ်ဦးဦး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က စာဖြင့်ထုတ်ပြန်၍ အထူး သို့မဟုတ် အထွေထွေအမိန့်ဖြင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသူတစ်ဦးဦးက တောင်းခံပါက လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပြရမည်။

(ခ) ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် အချက်အလက်များကို လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ်မှ ထုတ်နုတ်၍ ထိုလက်မှတ်ကိုင်ဆောင်သူ၏ ခရီးသည်ပို့ဆောင်ရေးပင်မရုံးတွင် အများပြည်သူလွယ်လင့်တကူ မြင်နိုင်သည့်နေရာတွင် ပြသထားရမည်။

(ဂ) အချိန်စေ့ရောက်၍ ဖြစ်စေ၊ ဤနည်းဥပဒေများအရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်တစ်ရပ်ကြောင့်ဖြစ်စေ လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးသွားသည့်အခါတွင် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က လိုင်စင်ကို ယာယီရပ်ဆိုင်းလိုက်သည့်အခါတွင် အသိအမှတ်ပြုလက်မှတ် ကိုင်ဆောင်သူသည် ထိုလက်မှတ်ကိုမှတ်ချက် ရေးသွင်းပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန်အတွက် ညွှန်ကြားရေးမှူးချုပ်ထံသို့ ပြန်လည်အပ်နှံရမည်။

**ချောစာများ သယ်ဆောင်ခြင်း**

၁၆၁။ တာဝန်ယူသည့် စာတိုက်အရာရှိများ ပါရှိသည်ဖြစ်စေ၊ မပါရှိသည်ဖြစ်စေ မြန်မာ့စာတိုက်နှင့် ကြေးနန်းလုပ်ငန်းမှ တာဝန်ရှိသူက အခါအားလျော်စွာ လိုအပ်သည့်အတိုင်း လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ် ကိုင်ဆောင်သူက ၎င်း၏ လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းတွင် ချောစာများသယ်ဆောင်ခြင်းအတွက် ထိုက်သင့်သော ဝန်ဆောင်မှုကို ဆောင်ရွက်ပေးရမည်။ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းအတွက် အခကြေးငွေသည် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့်အတိုင်း ဖြစ်စေရမည်။

**အခကြေးငွေများ**

၁၆၂။ ဦးစီးဌာနသည် လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြု လက်မှတ်များ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်ပြခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ခြင်း တို့အတွက်ဖြစ်စေ၊ ဤအခန်းတွင်ဖော်ပြထားသည် လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းအတွက်ဖြစ်စေ၊ ကျသင့်သည့် အခကြေးငွေများကို ဦးစီးဌာနက အခါအားလျော်စွာ စာဖြင့်ထုတ်ပြန် ကြေညာရမည်။

**မည်သည့်ပျံသန်းရေးလေယာဉ်အတွက်မဆို ရှိရမည့်အနည်းဆုံး လေယာဉ်အမှုထမ်း**

၁၆၃။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်တစ်စီး ပျံသန်းသည့် မည်သည့်ခရီးစဉ်တွင်မဆို လေယာဉ်ပျံသန်းရေးအမှုထမ်း ဖော်ပြချက်နှင့်အရေအတွက်တို့သည် -

(က) လေယာဉ်နှင့်စပ်လျဉ်း၍ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်သည် သက်တမ်းရှိလျှင် ထိုလက်မှတ်အတွက် အနည်းဆုံးရရှိမည့် လေယာဉ်အမှုထမ်းအတိုင်း သတ်မှတ်ထားသည့် အမှုထမ်းအရေအတွက်နှင့် အမှုထမ်းအမျိုးအစား ရှိရမည်။

(ခ) လေယာဉ်နှင့်စပ်လျဉ်း၍ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်သည် ယခင်ကသက်တမ်းရှိခဲ့သော်လည်း ယခု ထိုလက်မှတ် သက်တမ်း ကုန်ဆုံးနေလျှင် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း

လက်မှတ်အတွက် နောက်ဆုံးသက်တမ်းရှိစဉ်က အနည်းဆုံးရှိရမည့် လေယာဉ်အမှုထမ်းအရေအတွက်နှင့် အမှုထမ်းအမျိုးအစားရှိရမည်။

(ဂ) လေယာဉ်နှင့်စပ်လျဉ်း၍ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်သည် သက်တမ်းရှိလက်မှတ် သို့မဟုတ် သက်တမ်းရှိခဲ့ပြီး လက်မှတ်မဟုတ်သည့်အပြင် သက်သေခံလက်မှတ် သို့မဟုတ် ထုတ်ပေးထားသည့် ဝေဟင်တွင်စိတ်ချစွာပျံသန်းနိုင်ကြောင်းနှင့် စပ်လျဉ်း၍ လေယာဉ်ကို ပြုပြင်မွမ်းမံထားလျှင် ထုတ်ပေးထားခဲ့သော ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်တွင် သတ်မှတ်ထားသည့် အနည်းဆုံးရှိရမည့် လေယာဉ်အမှုထမ်းအရေအတွက်နှင့် အမှုထမ်းအမျိုးအစားအတိုင်းရှိရမည်။

(ဃ) အခြားကိစ္စများတွင် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသည့်အတိုင်း လေယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံစိတ်ချမှု ရှိစေရန် အနည်းဆုံးရှိရမည့် လုံလောက်သော လေယာဉ်အမှုထမ်းအရေအတွက်နှင့် အမှုထမ်းအမျိုးအစားတို့ ရှိရမည်။

**လေယာဉ်မောင်၊ လေယာဉ်မယ် သယ်ဆောင်ခြင်း**

၁၆၄။ မြန်မာနိုင်ငံတွင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်ရန် မှတ်ပုံတင်ထားသော မည်သည့်လေယာဉ်မျှ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအလို့ငှာ လေယာဉ်ပေါ်တွင် တာဝန်ထမ်းဆောင်ရန် ဦးစီးဌာနက အနည်းဆုံးသတ်မှတ်ထားသော လေယာဉ်မောင်၊ လေယာဉ်မယ် အရေအတွက်အတိုင်း လေကြောင်းလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် လေယာဉ်မှူးကြီးက တာဝန်ပေးအပ်ခြင်းမရှိလျှင် ပျံသန်းပြေးဆွဲခြင်း မပြုရ။

## အခန်း(၁၃)

## အထွေထွေ

**စစ်ဆေးကြည့်ရှုခြင်း**

၁၆၅။ ညွှန်ကြားရေးမှူးချုပ်က စာဖြင့်ထုတ်ပြန်သည့် အထူးအမိန့် သို့မဟုတ် အထွေထွေအမိန့်ဖြင့် အခွင့်အာဏာအပ်နှင်းထားခြင်း ခံရသူတစ်ဦးဦးသည် -

(က) ဤနည်းဥပဒေများအရ ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရန် အတွက်ဖြစ်စေ၊ ၎င်း၏တာဝန်များကို ထမ်းဆောင်ရန်အတွက်ဖြစ်စေ ဝင်ရောက်ရန် လိုအပ်ပါက မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို ဝင်ရောက်နိုင်သည်။

(ခ) လေယာဉ်များ၊ လေယာဉ်အစိတ်အပိုင်းများ၊ လေယာဉ်အင်ဂျင်များ သို့မဟုတ် လေယာဉ်အင်ဂျင်အစိတ်အပိုင်းများကို ထုတ်လုပ်ခြင်း၊ အလုံးစုံ ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အစိတ်အပိုင်းများ တပ်ဆင်ခြင်းတို့ကို ပြုလုပ်သည့်စက်ရုံတစ်ခုခု၏ အစိတ်အပိုင်းအတွင်းသို့ဖြစ်စေ၊ နေရာတစ်ခုခုသို့ ဖြစ်စေ အလုပ်ချိန်အတွင်း မည်သည့်အခါတွင်မဆို ဝင်ရောက်နိုင်သည့်အပြင် အဆိုပါလေယာဉ်များ၊ လေယာဉ်အင်ဂျင်များ သို့မဟုတ် အစိတ်အပိုင်းများနှင့် စပ်လျဉ်း၍ မည်သည့်စက်ရုံ သို့မဟုတ် နေရာ၊ လေယာဉ်များ၊ လေယာဉ်အင်ဂျင် များ သို့မဟုတ် အစိတ်အပိုင်းများနှင့် ရေးဆွဲထားသည့် ပုံစံများကိုမဆို စစ်ဆေး ကြည့်ရှုနိုင်သည်။

(ဂ) ဤနည်းဥပဒေများအရ လိုအပ်သော ဝေဟင်တွင်စိတ်ချစွာပျံသန်းနိုင် ကြောင်းထောက်ခံချက် သို့မဟုတ် ဝေဟင်တွင်စိတ်ချစွာပျံသန်းနိုင်ကြောင်း သက်ဝင်လျက်ရှိသောလက်မှတ် မည်သည့်ပျံသန်းသည့် စက်ယန္တရားကိုမဆို အချိန်မရွေးစစ်ဆေး ကြည့်ရှုနိုင်သည်။

(ဃ) ဤနည်းဥပဒေများကို လိုက်နာရေးအတွက် ကြပ်မတ်နိုင်ရန် အလို့ငှာ မည်သည့်လေယာဉ်ကိုမဆို ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်းနှင့် ရှာဖွေခြင်းများ ပြုလုပ်နိုင်သည်။

(င) ဤနည်းဥပဒေများနှင့်အညီ လေယာဉ်များက လုပ်ကိုင် ဆောင်ရွက်ရန် အလို့ငှာ ကွန်ဗင်းရှင်းအရ သတ်မှတ်ထားသည့်အတိုင်း ဆင်းသက်သည့် သို့မဟုတ် ထွက်ခွာသည့် လေယာဉ်ပေါ်သို့ရှာဖွေရန်ဖြစ်စေ၊ အသိအမှတ်ပြု လက်မှတ်နှင့် အခြားစာတမ်းအမှတ်အသားများကို စစ်ဆေးရန်ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ မြို့ပြလေယာဉ်အတွင်းသို့ ဝင်ရောက်နိုင် သည်။

(စ) ဘေးအန္တရာယ်ရှိသော သို့မဟုတ် ဘေးအန္တရာယ်ဖြစ်တန်ရာဖွယ်ရှိသော နိုင်ငံခြားမြို့ပြလေယာဉ်ကို မြန်မာနိုင်ငံသို့ဖြစ်စေ၊ မြန်မာနိုင်ငံမှဖြစ်စေ၊ မြန်မာနိုင်ငံအတွင်းဖြစ်စေ၊ ပျံသန်းမောင်းနှင်းခြင်းမပြုရန် အဆိုပါ လေယာဉ်၏ လေယာဉ်လုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် လေယာဉ်မှူးကြီးကို ညွှန်ကြားနိုင်သည်။

(ဆ) ကွန်ဗင်းရှင်းနှင့်အညီ လေယာဉ်တစ်စီးစီးကို ထိန်းသိမ်းရန် လိုအပ်သလို အဆင့်ဆင့်ဆောင်ရွက်နိုင်ပြီး သက်ဆိုင်ရာ မှတ်ပုံတင်စာချုပ်ဝင်နိုင်ငံသို့လည်းကောင်း၊ လေယာဉ်လုပ်ငန်းဆောင်ရွက်သူ၏ စာချုပ်ဝင်နိုင်ငံသို့လည်းကောင်း အကြောင်းကြားနိုင်သည်။

(ဇ) ဤနည်းဥပဒေများအရ လိုအပ်လျှင် မည်သည့်လေကြောင်း ထိန်းသိမ်းရေးလုပ်ငန်းနှင့် လေကြောင်းလမ်းညွှန် အထောက်အကူပြုပစ္စည်းများကိုမဆို ဦးစီးဌာနက သတ်မှတ်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေးအတွက် အချိန်မရွေး စစ်ဆေးကြည့်ရှုနိုင်သည်။

**မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများ စုံစမ်းစစ်ဆေးခြင်းနည်းဥပဒေများ**

၁၆၆။ လေယာဉ်ပျံသန်းမှုဆိုင်ရာ လုပ်ငန်းများမှ ဖြစ်ပေါ်လာသည့် မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများ ပေါ်ပေါက်လာမှုအတွက် စုံစမ်းစစ်ဆေးခြင်းကို မြန်မာနိုင်ငံလေယာဉ် (မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများ စုံစမ်းစစ်ဆေးရေး) နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

**စာတမ်းအမှတ်အသားများကို မရိုးမဖြောင့်သောသဘောဖြင့် ငှားရမ်းခြင်းစသည်**

၁၆၇။ ဤနည်းဥပဒေများအရ ထုတ်ပေးသောလိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်တစ်ခုခုကို အခြားသူတစ်ဦးအား မရိုးမဖြောင့်သောသဘောဖြင့် ငှားရမ်းခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း မပြုလုပ်ရ။

## နိုင်ငံခြားစစ်တပ်လေယာဉ်များ

၁၆၉။ ဦးစီးဌာန၏ စာဖြင့်ဖိတ်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ယင်းဖိတ်ကြားချက် သို့မဟုတ် ခွင့်ပြုချက်တွင်ပါရှိသည့် စည်းကမ်းချက်များနှင့်အညီမှတစ်ပါး မည်သူမျှ မြန်မာနိုင်ငံအပေါ်မှ သို့မဟုတ် မြန်မာနိုင်ငံအတွင်းတွင် မည်သည့်နိုင်ငံခြားစစ်တပ် လေယာဉ်များကို ပျံသန်းခြင်း သို့မဟုတ် ဆင်းသက်ခြင်း သို့မဟုတ် ပျံသန်းခြင်းအတွက် ဖြစ်စေ ဆင်းသက်ခြင်းအတွက်ဖြစ်စေ ကူညီခြင်းမပြုလုပ်ရ။

## ပြည်ပနိုင်ငံတွင် မှတ်ပုံတင်ထားသော သို့မဟုတ် ပြည်ပနိုင်ငံကပိုင်ဆိုင်သော လေယာဉ်များ

၁၆၉။ နည်းဥပဒေ ၁၃၉ နှင့် ၁၆၈ တို့တွင် ပြဋ္ဌာန်းထားချက်များမှအပ ပြည်ပနိုင်ငံတွင် မှတ်ပုံတင်ထားသော သို့မဟုတ် ပြည်ပနိုင်ငံကပိုင်ဆိုင်သော မည်သည့်လေယာဉ်မျှ ဦးစီး ဌာန၏ ခွင့်ပြုချက်မရှိသည့်အပြင် ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့်မညီဘဲ မြန်မာနိုင်ငံ တွင်းသို့ဖြစ်စေ မြန်မာနိုင်ငံအပေါ်တွင်ဖြစ်စေ မြန်မာနိုင်ငံကို ဖြတ်ကျော်၍ဖြစ်စေ ပျံသန်း ခြင်းမပြုရ။

## အခွင့်အာဏာအပ်နှင်းထားသူများအား တားဆီးနှောက်ယှက်ခြင်း

၁၇၀။ မည်သူမျှ ဤနည်းဥပဒေများအရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်ဖြစ်စေ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ အပ်နှင်းထားသော ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိဆန္ဒ အလျောက် တားဆီးနှောက်ယှက်ခြင်း မပြုလုပ်ရ။

## ကင်းလွတ်ခွင့်ပြုရန် ယေဘုယျအာဏာ

၁၇၁။ ဝန်ကြီးဌာနသည် ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက် ဥပဒေပုဒ်မ ၅-က၊ ပုဒ်မခွဲ (ခ) တို့အရ လေယာဉ်တစ်စီးစီးကိုဖြစ်စေ လေယာဉ်အတန်းအစားတစ်ခုခုကိုဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ ပုဂ္ဂိုလ်အတန်းအစားတစ်ခုခုကိုဖြစ်စေ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသ ကျင့်သုံးဆောင်ရွက်ခြင်းမှ

သီးခြားထုတ်ပြန်သည့်အမိန့်အတိုင်း စည်းကမ်းချက်များ (ရှိလျှင်) နှင့်အညီ အမိန့်ကြော်ငြာစာပါ ယေဘုယျအမိန့် သို့မဟုတ် အထူးအမိန့်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

**ပြစ်ဒဏ်များ**

၁၇၂။ ဤနည်းဥပဒေ နောက်ဆက်တွဲဇယား - ၃ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်သူ မည်သူမဆို ဥပဒေ ပုဒ်မ ၁၀ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၁၇၃။ ၁၉၃၄ ခုနှစ် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများသည် ဤနည်းဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

သန့်စင်မောင်

ပြည်ထောင်စုဝန်ကြီး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**ဇယား - ၁**

(နည်းဥပဒေ ၂၅)

## လေယာဉ်ပျံသန်းမှုတားမြစ်ထားသောနယ်မြေများ

| တားမြစ်နယ်မြေ | တားမြစ်သည့်အတိုင်းအတာ |
|---|---|
| တားမြစ်နယ်မြေအမှတ် ၅(VYP5)ရန်ကုန်မြို့<br><br>မြေပြင်မှ အမြင့်ပေ ၂၄၀၀၀ အထိ | အောက်ပါနေရာအမှတ်များအားဆက်ဆွဲထားသည့် မျဉ်းဖြောင့်များဆက်စပ်ပါဝင်သည့် နယ် မြေများ -<br><br>မြောက်လတ္တီတွဒ် ၁၆ ၄၉ ၂၀၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၇ ၀၉။<br>မြောက်လတ္တီတွဒ် ၁၆ ၄၉ ၂၃၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ၁၁ ၀၅။<br>မြောက်လတ္တီတွဒ် ၁၆ ၄၆၄၁၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ၁၁၀၇။<br>မြောက်လတ္တီတွဒ် ၁၆ ၄၆၃၈၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၇ ၁၁။<br>မြောက်လတ္တီတွဒ် ၁၆ ၄၉ ၂၀၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၇ ၀၉။ |
| တားမြစ်နယ်မြေအမှတ် ၃၁(VYP31) လွှတ်တော်နှင့် သမ္မတအိမ်တော် နယ်မြေ<br><br>မြေပြင်မှ အမြင့်ပေ ၂၄၀၀၀ အထိ | အောက်ပါ<br>နေရာအမှတ်များအားဆက်ဆွဲထားသည့် မျဉ်းဖြောင့်များဆက်စပ်ပါဝင်သည့် နယ်မြေ -<br><br>မြောက်လတ္တီတွဒ် ၁၉ ၄၇ ၁၃.၄၊<br>အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၅ ၂၇.၄။<br>မြောက်လတ္တီတွဒ် ၁၉ ၄၇ ၁၃.၄၊<br>အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၇ ၂၆.၁။<br>မြောက်လတ္တီတွဒ် ၁၉ ၄၅ ၄၀.၅၊<br>အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၇ ၂၆.၁။<br>မြောက်လတ္တီတွဒ် ၁၉ ၄၅ ၄၀.၅၊<br>အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၅ ၂၇.၄။ |

| | |
|---|---|
| | မြောက်လတ္တီတွဒ် ၁၉ ၄၇ ၁၃.၄၊<br>အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၅ ၂၇.၄။ |
| တားမြစ်နယ်မြေအမှတ်<br>၃၃(VYP33)ကာကွယ်ရေးဝန်ကြီးဌာန<br><br>မြေပြင်မှ အမြင့်ပေ ၂၄၀၀၀ အထိ | နေပြည်တော်လေဆိပ် ဆုံမှတ် မြောက်လတ္တီတွဒ် ၁၉၃၇၂၄.၇၈ နှင့် အရှေ့လောင်ဂျီတွဒ် ၀၉၆၁၂၀၃.၆၀ ကိုဗဟိုပြု၍အမှန်ညွှန်ထောင့် ၀၁၀ နှင့် ၀၃၅ အကြား၊ အချင်းဝက် ၁၀ မိုင်မှ ၂၀ မိုင်အကြား နယ်မြေ |

ဇယား - ၂

[ နည်းဥပဒေ၁၅၃ (ခ) ]

## လေကြောင်းပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း

နည်းဥပဒေ ၁၅၃ (ခ) အရလိုင်စင်တစ်ခုမှ ထုတ်နှုတ်ရမည့် အဓိကအချက်များ -

(၁) လိုင်စင်နံပါတ်နှင့်ရက်စွဲ၊

(၂) လိုင်စင်အမည်နှင့်လိပ်စာ၊

(၃) ပျံသန်းမည့်လမ်းကြောင်းနှင့် ရပ်နားမည့်နေရာများ၊

(၄) လုပ်ငန်းဆောင်ရွက်မည့် အကြိမ်အရေအတွက်၊

(၅) လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်၏အဆင့်အတန်း၊

(၆) လိုင်စင်သက်တမ်း။

# ဇယား - ၃
# ပြစ်ဒဏ်များ

(နည်းဥပဒေ ၁၇၂)

| | ပြစ်မှုများ | သက်ဆိုင်သော နည်းဥပဒေ/ နည်းဥပဒေများ |
|---|---|---|
| ၁ | **လေယာဉ်ကွင်း** - လေယာဉ်ကွင်းများနှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂ နှင့် အခန်း (၉) မှ နည်းဥပဒေများ |
| ၂ | **ဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာ ယေဘုယျစည်းကမ်းချက်များ** - ဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာ ယေဘုယျစည်းကမ်းချက်များ နှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | အခန်း (၃) မှ နည်းဥပဒေများ |
| ၃ | **လေယာဉ် အသုံးပြုခြင်းနှင့် ပျံသန်းခြင်း**- ဤနည်းဥပဒေကို သွေဖီ၍ လေယာဉ် အသုံးပြုခြင်း သို့မဟုတ် ပျံသန်းခြင်း | နည်းဥပဒေ ၆ |
| ၄ | **လေယာဉ်များမှတ်ပုံတင်ခြင်းနှင့်အမှတ်အသားပြုလုပ်ခြင်း**- လေယာဉ်များမှတ်ပုံတင်ခြင်းနှင့်အမှတ်အသားပြုလုပ်ခြင်း နှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၇ နှင့် အခန်း (၄) မှ နည်းဥပဒေများ |
| ၅ | **တားမြစ်ထားသည့် ပျံသန်းမှု**- တားမြစ်ထားသော ပိုင်နက်နယ်မြေ သို့မဟုတ် ပြည်ပသို့ ခွင့်ပြုချက် မရှိဘဲ ဖောက်ဖျက်ပျံသန်းခြင်း | နည်းဥပဒေ ၈ |
| ၆ | **အမှုထမ်းများကို လိုင်စင်ထုတ်ပေးခြင်း**- အမှုထမ်းများကို လိုင်စင်ထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် နည်းဥပဒေများ ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၉၊ ၅၆ (ခ) နှင့် ၇၅ |
| ၇ | **အရည်အသွေး စံနှုန်း သတ်မှတ်ချက်တွင် ပါဝင်ရမည့် လေယာဉ်အမျိုး အစား** - လိုင်စင် အရည်အသွေးစံနှုန်း သတ်မှတ်ချက်တွင် မပါဝင်သည့် လေယာဉ်ကို လေယာဉ်မှူးက မောင်းနှင်ပျံသန်းခြင်း | နည်းဥပဒေ ၁၀ |

| | | |
|---|---|---|
| ၈ | **စာတမ်းအမှတ်အသားများ-**<br>စာတမ်းအမှတ်အသားများ ယူဆောင်ခြင်း၊ ထုတ်ပြခြင်းနှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၃ |
| ၉ | **ခရီးသွား စာတမ်းအမှတ်အသားများ မပါသူအား သယ်ဆောင်ခြင်းမှ တားမြစ်ခြင်း-**<br>ခရီးသွား စာတမ်းအမှတ်အသားများ မပါသူအား သယ်ဆောင်ခြင်းနှင့် စပ်လျဉ်းသည့် တားမြစ်ချက်ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၄ (ခ) |
| ၁၀ | **သယ်ဆောင်ခြင်းအား တားမြစ်ခြင်း-**<br>လေယာဉ်တွင် တားမြစ်ထားသည့် ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်ခြင်း | နည်းဥပဒေ ၁၆ (က) |
| ၁၁ | **ပျံသန်းမှုများကို တားဆီးခြင်း-**<br>လေယာဉ်ကို တားမြစ်ရေးအတွက် ညွှန်ကြားချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၈ (ခ) |
| ၁၂ | **လိုင်စင်နှင့် အသိအမှတ်ပြု လက်မှတ်များ၊ အရည်အသွေး စံနှုန်းများ၊ အတည်ပြုချက်များ ပယ်ဖျက်ခြင်းနှင့် ယာယီရပ်ဆိုင်းခြင်း-**<br>ယင်းတို့နှင့် စပ်လျဉ်းသည့် လိုအပ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း | နည်းဥပဒေ ၁၉ (ခ) |
| ၁၃ | **ရေဒီယို ကြေးနန်း စက်ကိရိယာများ-**<br>ရေဒီယို ကြေးနန်း စက်ကိရိယာများ အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂၂ (က) |
| ၁၄ | **ချောစာများ-**<br>ချောစာများ သယ်ဆောင်ခြင်းနှင့် စပ်လျဉ်းသည့် နည်းဥပဒေကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂၃ |
| ၁၅ | **လေယာဉ်ကွင်းများ-**<br>လေယာဉ်ကွင်းများနှင့် စပ်လျဉ်းသည့် တားမြစ်ချက်ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂၄ |
| ၁၆ | **တားမြစ်နယ်မြေများ-**<br>တားမြစ်နယ်မြေအပေါ် အခွင့်မရှိဘဲ ပျံသန်းခြင်း၊ ဓာတ်ပုံမရိုက်ရန် တားမြစ်နယ်မြေတွင် ဓာတ်ပုံရိုက်ခြင်း၊ | နည်းဥပဒေ ၂၅၊ ၂၆ |
| ၁၇ | **အများပြည်သူပို့ဆောင်ခြင်းနှင့် ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်-**<br>လေယာဉ်ကို အခွင့်အာဏာ မရှိဘဲ အများပြည်သူပို့ဆောင်ခြင်းနှင့် | နည်းဥပဒေ ၂၇ |

| | | |
|---|---|---|
| | ကောင်းကင်မှုလုပ်ငန်း ဆောင်ရွက်သည့် လေယာဉ်အဖြစ် အသုံးပြုခြင်း | |
| ၁၈ | **ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်မှု -**<br>ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်မှုနှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂၈ နှင့် အခန်း (၆) မှ နည်းဥပဒေများ |
| ၁၉ | **လေကြောင်းဆိုင်ရာ နည်းဥပဒေများ-**<br>လေကြောင်းဆိုင်ရာ နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂၉ |
| ၂၀ | **လေကြောင်း ပျံသန်းရေး အချက်ပြမီးများ၊ လေယာဉ်ကွင်းမြေပြင် အချက်ပြမီးများ-**<br>လေကြောင်းလမ်းပြမီးများ၊ လေယာဉ်ကွင်း မြေပြင် အချက်ပြမီးများနှင့် လေယာဉ်ကွင်း အနီး တစ်ဝိုက်တွင် ထောက်ပံ့ရေး၊ ကြီးကြပ်ရေး၊ ထိန်းချုပ်ရေးတို့နှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | အခန်း (၇) မှ နည်းဥပဒေများ |
| ၂၁ | **မှတ်တမ်းစာအုပ်များ-**<br>မှတ်တမ်းစာအုပ်များ ထုတ်ပေးရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၁၂ |
| ၂၂ | **တိရစ္ဆာန်များ၊အမှိုက်သရိုက်များနှင့်အခြားညစ်ညမ်းသောသို့မဟုတ်ရွံရှာဖွယ်ကောင်းသောပစ္စည်းများစွန့်ပစ်ခြင်းတို့ကိုတားမြစ်ခြင်း-**<br>ဤနည်းဥပဒေပါ တားမြစ်ချက်ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၃၄ (က) |
| ၂၃ | **ပျံသန်းနေသည့်လေယာဉ်များကို ပြန်လည်ခေါ်ယူခြင်း-**<br>ပျံသန်းနေသည့်လေယာဉ်များကို ပြန်လည်ခေါ်ယူရေးအတွက် ညွှန်ကြားချက်ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၃၈ (ခ) |
| ၂၄ | **လိုင်စင်ရယူရမည့် လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းများ -**<br>လိုင်စင်မရှိဘဲလေကြောင်း ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းများကို တည်ထောင်လုပ်ကိုင်ခြင်း | နည်းဥပဒေ ၁၃၉ |
| ၂၅ | **လေကြောင်းပို့ဆောင်ရေးလုပ်ငန်း သို့မဟုတ် လိုင်စင်ကိုင်ဆောင်ထားသူနှင့် ပတ်သက်သော အချက်အလက်များအား ခွင့်ပြုချက်မရှိဘဲ ထုတ်ပြန်ခြင်း-**<br>ဤနည်းဥပဒေကို လိုက်နာရန် ပျက်ကွက်ခြင်း | နည်းဥပဒေ ၁၅၅ |
| ၂ | **ရှိရမည့်အနည်းဆုံးလေယာဉ်အမှုထမ်း-** | နည်းဥပဒေ |

| | | |
|---|---|---|
| ၆ | ဤနည်းဥပဒေကို လိုက်နာရန် ပျက်ကွက်ခြင်း | ၁၆၃ |
| ၂၇ | **လေယာဉ်မောင်/လေယာဉ်မယ် သယ်ဆောင်ခြင်း-**<br>ဤနည်းဥပဒေကို လိုက်နာရန် ပျက်ကွက်ခြင်း | နည်းဥပဒေ ၁၆၄ |
| ၂၈ | **စာတမ်းအမှတ်အသားများ-**<br>ဤနည်းဥပဒေများအရ ထုတ်ပေးထားသည့် လိုင်စင်၊ အသိအမှတ်ပြု လက်မှတ်ကို ငှားရမ်းခြင်း၊ အသုံးပြုခွင့်ပေးခြင်း | နည်းဥပဒေ ၁၆၇ |
| ၂၉ | **နိုင်ငံခြား စစ်တပ်လေယာဉ်များ-**<br>နိုင်ငံခြား စစ်တပ်လေယာဉ်က အခွင့်မရှိဘဲ ပျံသန်းခြင်း၊ ထိုသို့ ပျံသန်းရာတွင် ကူညီခြင်း | နည်းဥပဒေ ၁၆၈ |
| ၃၀ | **အခွင့်အာဏာ အပ်နှင်းထားသူများအား တားဆီးနှောင့်ယှက်ခြင်း-**<br>ဤနည်းဥပဒေအရ အခွင့်အာဏာ အပ်နှင်းထားသူများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို တားဆီးနှောင့်ယှက်ခြင်း | နည်းဥပဒေ ၁၇၀ |
| ၃၁ | ဤဇယားတွင် သတ်မှတ်မထားဘဲ နည်းဥပဒေ တစ်ရပ်ရပ်ဖြင့် / နည်းဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ထားသည့် ပြုလုပ်မှုတစ်ခုကို ပြုလုပ်ခြင်း | |